

ဇေယျာသူ

# နိုင်ငံတစ်ခု ကြီးပွားခြင်း

(ဒုတိယအကြိမ်)

ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး | တစ်မတော်ဖြိုခွဲသူ ဒို့ရန်သူ၊ |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး | တစ်မတော် ဖြိုခွဲမည့်အတြ ဒို့လက်မခံ၊ |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး | ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်၊ |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားေ ရေစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတစ်ခု ကြီးပွားခြင်း

(နိုင်ငံကြီးပွားရေး နည်းဗျူဟာများ)

## ဗွိုက်စ်ဂျာနယ်

The Voice Weekly

ဆောင်းပါးများ

ဖြန့်ချိရေး

စာပေလောက ဖြ

ရန်ကင်း အထက ၁ ရှေ့၊ ရန်ကင်းမြို့နယ်၊

[ ဖုန်း - ၀၉ ၄၂၅၇၆၄၂၃၀၊ ၀၉ ၇၃၀၁၉၆၆၅ ]

| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | - | [၄၀၀၇၇၇၀၇၁၀] |
| မျက်နှာဖုံးခွင့်ပြုအမှတ် | - | [၄၀၀၈၄၂၀၈၁၀] |
| မျက်နှာဖုံး | - | ဖေသစ်တည် |
| ပုံနှိပ်ခြင်း | - | ဒုတိယအကြိမ် (၁၀၀၀) |
| တန်ဖိုး | - | ၂၈၀၀ ကျပ် |
| ထုတ်ဝေခြင်း | - | ဒုတိယအကြိမ်၊ မတ်လ |
| စီစဉ်သူ | - | ဒေါ်ခင်နီလာမြင့် (၀၀၈၂၁) |
| | | Book Street Publishing House |
| ပုံနှိပ်သူ | - | ဦးစိုင်းငယ် (၀၀၂၇၀) |
| | | **TUN TRUE** Printing Press |
| | | အမှတ်(၈၀)၊ ရတနာလမ်း၊ စက်မှုဇုန်(၈)ရပ်ကွက်၊ |
| | | တောင်ဥက္ကလာပမြို့နယ်။ |

၀၀၈.၈၄

ဇေယျာသူ

နိုင်ငံတစ်ရကြီးပွားခြင်း / ဇေယျာသူ။ -ရန်ကုန်၊

စာပေလောက စာပေ၊ ၂၀၁၀။

၁၆၁ - စာ၊ ၁၃.၃၄ × ၂၁.၁ စင်တီ

(၁) နိုင်ငံတစ်ရကြီးပွားခြင်း

# မာတိကာ


| | | |
|---|---|---|
| -။ | စာရေးသူ ၏ အမှာစာ | - |
| ၁။ | နိုင်ငံတစ်ခု ကြီးပွားခြင်း ဆွေးနွေးခန်း | ၃ |
| ၂။ | လူသားသယံဇာတ | ၁၁ |
| ၃။ | ပညာတွင် ရင်းနှီးမြှုပ်နှံခြင်း | ၁၇ |
| ၄။ | လူသားသယံဇာတ ပျိုးထောင်ခြင်း | ၂၅ |
| ၅။ | ဆွဲဆောင် စုဆောင်း လူသားသယံဇာတ | ၃၃ |
| ၆။ | ပြည်ပ လူသားသယံဇာတ | ၄၁ |
| ၇။ | **State** နှင့် **Market** | ၄၉ |
| ၈။ | ကျန်းမာရေး နှင့် နိုင်ငံကြီးပွားခြင်း | ၅၅ |
| ၉။ | အရှေ့အာရှ | ၆၁ |
| ၁၀။ | အရှေ့အာရှ နှင့် ဂျပန် | ၆၉ |
| ၁၁။ | ဂျပန့် ဇာတ်လမ်း | ၇၃ |
| ၁၂။ | ဂျပန့် ဇာတ်လမ်း နှင့် **MITI** | ၇၉ |
| ၁၃။ | အပြောင်းအလဲ | ၈၅ |
| ၁၄။ | နိုင်ငံရေးသိပ္ပံ | ၉၁ |
| ၁၅။ | ကိုရီးယား ဇာတ်လမ်းတွဲ နှင့် တော်ကောက်ခြင်း | ၉၇ |
| ၁၆။ | ကိုရီးယား ဇာတ်လမ်းတွဲ အပိုင်း ၂ နိုင်ငံတော် နှင့် ဈေးကွက် | ၁၀၃ |
| ၁၇။ | သဘာဝ သယံဇာတ ကျိန်စာ | ၁၀၉ |

မေယျာသ


၁၈။ ဒတ်ချ် ရောဂါ ၁၁၅
၁၉။ အခွန် ၁၂၁
၂၀။ တရုတ်ပြည်မကြီးအနီးမှ ကျွန်းငယ်ငယ် ၁၂၇
၂၁။ ပြန်လာသူ နှင့် အင်ဂျင်နီယာများ ၁၃၃
၂၂။ နိုင်ငံရေး ဘောဂဗေဒ ၁၃၉
၂၃။ ပုဂ္ဂလိကလက်သို့ လွှဲအပ်ခြင်း ၁၄၅
၂၄။ ဘာ၊ ဘယ်တော့၊ ဘယ်လို ၁၅၁
၂၅။ လူ ၁၅၇
-။ စာရေးသူ ၏ အတ္ထုပ္ပတ္တိ ၁၆၂

## စာရေးသူ ၏ အမှာစာ

နိုင်ငံတစ်ခု ကြီးပွားအောင် ဘယ်လို လုပ်ဆောင်ကြမလဲ။

ဤမေးခွန်းကို ကမ္ဘာ့သမိုင်းတစ်လျှောက် နိုင်ငံများ စတင် ပေါ်ပေါက်လာကတည်းက မေးခွန်းထုတ်ခဲ့ကြပေါင်း တိုင်ပင်ဆွေးနွေးကြပေါင်းများပြီ။ ကြီးပွားတိုးတက်သွားသော နိုင်ငံများရှိခဲ့သလို မအောင်မြင်သည့် နိုင်ငံများလည်း ရှိခဲ့သည်။ ကြီးပွားတိုးတက်ပြီးမှ မထိန်းနိုင်သောကြောင့် ပြန်လည်ကျဆင်းသွားသည့် နိုင်ငံများလည်း ရှိသည်။ သေချာသည်မှာ နိုင်ငံ ကြီးပွားတိုးတက်လိုလျှင် ထိုမေးခွန်းကို မမေးဘဲ မရနိုင်၊ ထိုမေးခွန်းကို မေးမိမှသာ မေးခွန်း၏ အဖြေကို ရှာကြမည်။ ဆွေးနွေးကြမည်၊ ငြင်းခုန်ကြမည်။ တွေ့သော အဖြေများကို လက်တွေ့ အသုံးချကြည့်ကြမည်။ အဆင်ပြေလျှင် ဆက်သုံးမည်။ အဆင်မသင့်လျှင် နောက်တစ်မျိုး စဉ်းစားမည်။ ဤနည်းဖြင့် ကြီးပွားတိုးတက်ရေးလမ်းကို နိုင်ငံအများ ချီတက်လျှောက်လှမ်းကြသည်။

ယခုစာအုပ်သည် ထိုမေးခွန်းအပေါ်တွင် အခြေတည်ကာ ထွက်ပေါ်လာသော ဆောင်းပါးများအား စုပေါင်းထားခြင်း ဖြစ်သည်။

အမှန်စင်စစ် နိုင်ငံကြီးပွားရေးဆိုသည်မှာ မူဝါဒချမှတ်သူများ၊ နိုင်ငံရေးသမားများနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်း နေထိုင်သူများရော၊ နိုင်ငံပြင်ပတွင် နေထိုင်သူ နိုင်ငံသားများနှင့်ပါ တိုက်ရိုက်သက်ဆိုင်နေသည်။ ရေမြင့်လျှင် ကြာတင့်သလို နိုင်ငံကြီးပွားပါက နိုင်ငံတွင်း မှီတင်းနေထိုင်သူများပါ လိုက်ပါကြီးပွားလာမည် ဖြစ်သောကြောင့် နိုင်ငံကြီးပွားရေး အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြဖို့လိုသည်။ ထို့ကြောင့် ထိုမေးခွန်းသည် အားလုံးနှင့်ဆိုင်သည်။ အားလုံးမေးကြဖို့လိုသည်။ အားလုံး ဦးနှောက်စားဖို့လိုသည်။

ထို့ကြောင့် ယခု စာအုပ်ကိုဖတ်ရန် အကောင်းဆုံးနည်းလမ်းမှာ ထို မေးခွန်း၏ အဖြေကို မိမိကိုယ်တိုင် ပါဝင်ရှာဖွေခြင်းဖြစ်သည်။ နိုင်ငံကြီးပွား အောင် မည်သို့လုပ်ကိုင်ရမည်ကို ဆွေးနွေးအဖြေရှာနေသော ဇာတ်ကောင် နှစ်ဦးဖြစ်သည့် ကိုမျိုးချစ်နှင့် ဖွံ့ဖြိုးရေးပါရဂူနေရာတွင် ကိုယ်တိုင်ပါဝင်ကာ စဉ်းစားခြင်းဖြင့် စာအုပ်ကို အကောင်းဆုံး ဖတ်ရှုနိုင်မည် ဖြစ်သည်။

ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်တွင် နိုင်ငံတကာ ဖွံ့ဖြိုးရေး ဘာသာရပ် M.A (International Development Studies) ဖြင့် မဟာဘွဲ့ တစ်နှစ်သင်တန်းတက်အပြီး စာရေးသူ မြန်မာပြည် ပြန်ရောက်ကတည်းက ထိုပညာရပ်များကို အများပြည်သူထံ ရောက်အောင် ရေးသားရန် စိတ်ကူးရှိ ခဲ့သော်လည်း နှစ်နှစ်ခန့်ကြာမှ ယခုဆောင်းပါးများ စတင်ရေးသားဖြစ်ခဲ့ သည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် သင်တန်းများ ဖွင့်လှစ် နေသည့် Myanmar Egress ၌ စာရေးသူသင်ကြားသည့် ဘာသာရပ်များ တွင် Development Theories and Practice ပါဝင်နေသောကြောင့် ဖြေသာပါသေးသည်။ ဆောင်းပါးများ၏ခေါင်းစဉ်ကို Wealth of a Nation ဟု အင်္ဂလိပ်လို အရင်စဉ်းစားမိခဲ့သည်။ စီးပွားရေးပညာရပ်၏ ဖခင်ကြီးဟု သတ်မှတ်ခံရသူ Adam Smith ၏ Wealth of Nations စာအုပ်ကို အားကျ မိသောကြောင့် ဖြစ်မည်။ ထိုသို့ စဉ်းစားနေစဉ်တွင်ပင် ကမ္ဘာကျော်စာရေး ဆရာ Leon Uris ၏ Exodus ကို မောင်မိုးသူ ဘာသာပြန်ထားသည့် 'နိုင်ငံတစ်ခု မွေးဖွားခြင်း' စာအုပ်၊ ကျွန်တော် ငယ်စဉ်ကတည်းက အလွန် ကြိုက်ခဲ့သည့် စာအုပ်နာမည်က ခေါင်းထဲရောက်လာသည်ကြောင့် 'နိုင်ငံ တစ်ခု ကြီးပွားခြင်း' ဟု နာမည်တပ်လိုက်သည်။

The Voice တွင် စာရေးသူ အပတ်စဉ်ရေးသားခဲ့သည့် ဆောင်းပါး များကို ပြန်လည် စုစည်းသည့်အတွက် မည်သည့်အပတ်တွင် ဖြတ်ဖတ်ဖတ် လွယ်ကူအောင် ရေးသားထားသလို မူလကတည်းက တစိုက်မတ်မတ် ဖတ်လာသည့် ပရိသတ်အတွက်လည်း ရည်မှန်းကာ ရေစီးတစ်ခုဖြင့် ရေးသား ထားသောကြောင့် ကြိုက်ရာဆောင်းပါးကို လှန်ဖတ်နိုင်သလို အစီအစဉ် အတိုင်း အစဉ်လိုက်ဖတ်လျှင်လည်း ရပါသည်။ စာရေးသူ အကြိုက်ဆိုရလျှင် အနည်းဆုံး ဆောင်းပါး ငါးပုဒ်ခန့်ကိုမူ အစဉ်လိုက် ဖတ်ကြည့်စေလိုပါ သည်။ နောက်မှ မိမိစိတ်ကြိုက် ဆောင်းပါးကို မိမိကြိုက်ရာ အစီအစဉ်ဖြင့် ဖတ်လိုက ဖတ်ပါ။

## နိုင်ငံတစ်ခု ကြီးပွားခြင်း

ယခုစာအုပ်တွင် နိုင်ငံစီးပွား တိုးတက်ရေးဆိုင်ရာ သီအိုရီများ၊ အမြင်များကို သီးသန့်ဆောင်းပါးများရေးထားသလို ကမ္ဘာက လက်ဖျားခါလောက်အောင်မြန်မြန်ဆန်ဆန် ကြီးပွားတိုးတက်ခဲ့သည့် ဂျပန်၊ တောင်ကိုရီးယား၊ စင်္ကာပူ၊ ထိုင်ဝမ် စသည့် အရှေ့အာရှနိုင်ငံများ၏ ဥပမာ (Case Study) ဆောင်းပါးများလည်း ပါဝင်သည်။

နိုင်ငံဖွံ့ဖြိုးရေးတွင် အရေးကြီးသည့် အကြောင်းအရာများကို လူအများ ဖတ်ရလွယ်၊ နားလည်လွယ်ရန် ကြိုးစားရေးသားထားပါသည်။

ယခုစာအုပ်ပါ ဆောင်းပါးများသည် နိုင်ငံကြီးပွားရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်လျှင် ရေးရကျိုးနပ်ပြီဟု နှလုံးသွင်းမိပါသည်။

၁၃၊ ၆၊ ၂၀၁၀။ ဧယျာသူ

# နိုင်ငံတစ်ခု ကြီးပွားခြင်း
(နိုင်ငံကြီးပွားရေး နည်းဗျူဟာများ)

**ဗေယျာသူ**

The Voice Weekly
ဆောင်းပါးများ



နိုင်ငံတစ်ခု ကြီးပွားအောင် ဘယ်လိုလုပ်မလဲ
ဆိုတာမှာလည်း သီအိုရီတွေ၊ အခြေခံ စဉ်းစားရမယ့်
အချက်တွေ ရှိပါတယ်။ ကြီးပွားလာတဲ့
နိုင်ငံတွေကို လေ့လာပြီး
ကောက်ချက်ဆွဲထားတာတွေလည်း ရှိတယ်။

# နိုင်ငံတစ်ခု ကြီးပွားခြင်း ဆွေးနွေးခန်း

ကိုမျိုးချစ် ။ ကမ္ဘာပေါ်ကနိုင်ငံတွေ ဘယ်လို ဖွံ့ဖြိုး တိုးတက်လာကြသလဲ ဆိုတာ ကျွန်တော် စိတ်သိပ်ဝင်စားတယ်ဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ ကောင်းတာပေါ့ဗျာ။ ကျွန်တော်ကလည်း ဒါမျိုးပြောရမယ်ဆို ထမင်းမေ့ဟင်းမေ့ပဲ။

ကိုမျိုးချစ် ။ နိုင်ငံတစ်ခုကြီးပွားခြင်း ဆိုပြီး ကျွန်တော်တို့ လက်ဖက်ရည် ဝိုင်းကလေးကို နာမည်ပေးလိုက်ရအောင်ဗျာ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျားသဘောပါပဲဗျာ။ နာမည်က ကောင်းတယ်။ ဘောဂဗေဒပညာရပ်ကို စတင် တည်ထောင်သူ ဘောဂဗေဒ ပညာရပ်ရဲ့ ဘိုးအေ အဒမ်စမစ်ရဲ့ နာမည်ကျော် The Wealth of Nations ကျမ်းကြီးနဲ့လည်း နာမည်ဆင်နေတာကိုး။ ဒါပေမယ့် ဟိုက နိုင်ငံများဆိုပြီး Nation မှာ s ပါတယ်။ ခင်ဗျားက နိုင်ငံတစ်ခုလေ။ ပြီးတော့ ဥစ္စာဓန ဆိုတဲ့ဘက်ကို ပိုရောက်နေတာပေါ့။

ကိုမျိုးချစ် ။ မူရင်း စာရေးသူ လီယွန် အူးရစ် ရေးတဲ့ Exodus ကို မောင်မိုးသူ ဘာသာပြန်တဲ့ 'နိုင်ငံတစ်ခု မွေးဖွားခြင်း' ကို ကျွန်တော်က ငယ်ငယ်ကတည်းက အရမ်း ကြိုက်တာ၊ ခုထိ လည်း စွဲတုန်းပဲ။ အဲဒါကြောင့် ဖြစ်မယ်။ အဒမ်စမစ် ကျမ်းနဲ့ ကျွန်တော် ပေးချင်တဲ့ ခေါင်းစဉ်နဲ့ ဆင်နေတာကိုတော့ ခုပြောမှ သတိထားမိတယ်။ ကျွန်တော့်အတွက်တော့ တူတူ ပါပဲ၊ နိုင်ငံများပဲ ဖြစ်ဖြစ်၊ နိုင်ငံတစ်ခုပဲ ဖြစ်ဖြစ်၊ နိုင်ငံတွေ

ဘယ်လို ဖွံ့ဖြိုးတိုးတက်လာတယ် ဆိုတာကို ပြောကြမှာ မဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တာပေါ့ဗျာ။ တစ်ခုချင်းစီလည်း ပြောလို့ ရတယ်၊ ယှဉ်ပြီး လဲ ပြောလို့ရတယ်၊ ဖွံ့ဖြိုးတိုးတက်ရေး သီအိုရီတွေ development theories တွေကိုလည်း ပြောလို့ရတယ်။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပေါ့။

ကိုမျိုးချစ် ။ ဒါဆို ကျွန်တော် မေးပြီ။ နိုင်ငံတွေ ကြီးပွားအောင် ဘယ်လို လုပ်ရင်ရမလဲ။ ခပ်အအ မေးခွန်း stupid question ဖြစ် သွားပြီနဲ့တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ တကယ့် မေးခွန်းပါပဲ။ တကယ်ဖြေရင်တော့ တစ်သက်ပြီးမယ် မထင်ဘူး။ ဒီတော့ စကားနှစ်ခွန်းနဲ့ ဖြေပါ့မယ်။ One problem has several solutions။ နောက်တစ်ခုက One-size-does-not- fit-all ။ ဆီလျော်အောင် ပြန်ရင်တော့ ဝတ်စုံ တစ်စုံတည်း ကို လူတိုင်းဝတ်လို့ မတော်နိုင်ဘူး။ ဆေးတစ်လက်တည်းနဲ့ ရောဂါစုံ ကုလို့မရဘူးလို့လည်း ပြောရင်ရမယ်။

ကိုမျိုးချစ် ။ နည်းနည်းအကျယ်လေး ပြောပါဦး။

ဖွံ့ဖြိုးရေးပါရဂူ ။ ပြဿနာတစ်ခု၊ ကိစ္စတစ်ခုမှာ ဖြေရှင်းဖို့ နည်းလမ်း တစ်ခု ထက်မက ရှိတယ်။ ဥပမာနဲ့ ပြောရင် A Beautiful Mind ဇာတ်လမ်းထဲကလိုပေါ့။

ကိုမျိုးချစ် ။ အရမ်း ထူးချွန်တဲ့ သင်္ချာပညာရှင် တစ်ယောက်အကြောင်း ရိုက်ထားတဲ့ ဇာတ်လမ်းလား။ ကျွန်တော် ကြည့်ဖူးတယ်။ စိတ်ကစဉ့်ကလျားရောဂါဝင်ပြီး နောက်မှာတောင် ကိုယ့်ကိုယ် ကို ပြန်လည်ထူထောင်ပြီး နောက်ဆုံးမှာ နိုဘယ်ဆု ရသွားတဲ့ သင်္ချာပညာရှင်ရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေ။ ကျွန်တော် စိတ်ညစ်တိုင်း ပြန်ကြည့်ပြီး သူ့ရဲ့ စိတ်ခွန်အားကို အတုယူ ရတဲ့ ဇာတ်ကားပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒီ သင်္ချာပါမောက္ခက စာသင်ပြချင်စိတ် မရှိတဲ့ ပုဂ္ဂိုလ်။ တွေးတောစဉ်းစား တွက်ချက်ပြီး သင်္ချာပညာမှာ အသစ် အသစ်တွေ ရှာချင်တာ။ စာသင်ခန်းကို စိတ်မပါ့တပါနဲ့ ဝင်တဲ့အချိန် ဒုတိယထပ် စာသင်ခန်းရဲ့ အောက်ဘက်နားမှာ

လမ်းပြင်နေတော့ ဆောက်လုပ်ရေးလုပ်သားတွေရဲ့ စက်သံနဲ့ ဆူနေတော့ သူ့အသံကို မကြားရဘူး။ သူက ပြတင်းပေါက်တွေ အကုန်လိုက်ပိတ်တယ်။ ကျောင်းသားတွေက အရမ်းပူတော့ ပြတင်းတစ်ပေါက်တော့ ချန်ထားပါ ဆိုတာတောင် မရဘူး။ သူလည်း ကျောက်သင်ပုန်းဘက် ပြန်လဲလှည့်ရော ကျောင်းသူချောချော တစ်ယောက်က ပြတင်းတံခါးကို ပြန်ဖွင့်တယ်။ သူတားတာလဲ မရဘူး။ စာသင်လို့မရ ဖြစ်နေလို့ နောက် နာရီဝက်လောက်နေမှ လုပ်လို့ရမလားလို့ ကျောင်းသူက လုပ်သားတွေကို အပြုံးဝေဝေဆာဆာနဲ့ ပြောလိုက်တယ်။ လုပ်သားတွေက သူ့အပြောအဆိုနဲ့ အပြုံးမှာ နစ်မျောသွားပြီး ခု ထမင်းစားနားမယ်ဆိုပြီး ထွက်သွားတယ်။ ပါမောက္ခလည်း ရုတ်တရက် ဘာပြောရမှန်းမသိအောင် ကြောင်သွားတယ်။ ကျောင်းသူက တွေ့လားဆိုတဲ့ မျက်နှာပေးနဲ့ ကြည့်တော့ ပါမောက္ခက 'One problem has several solutions' ပြဿနာ တစ်ခုကို ဖြေရှင်းနည်း အမျိုးမျိုး ရှိတယ်တဲ့။ သင်္ချာပုစ္ဆာတွေလိုမျိုးပဲ နိုင်ငံတွေ ကြီးပွားအောင် လုပ်တဲ့အခါမှာလည်း ဒီအတိုင်းပဲ။ ကြီးပွားနိုင်တဲ့ နည်းလမ်းက အများကြီးပဲ။

ကိုမျိုးချစ် ။ ဒါဆို စံသတ်မှတ်ထားတဲ့ ဖွံ့ဖြိုးရေးနည်းလမ်းတွေ မရှိဘူးလား။ နိုင်ငံတစ်ခုက တိုးတက်အောင် လုပ်ချင်တယ်ဆိုရင် သူ လုပ်လို့ရတဲ့ စံနည်းလမ်းတွေ ဘယ်လိုရှာရမလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ သင်္ချာပညာမှာ ပုစ္ဆာဖြေရှင်းနည်း solutions တွေ တစ်ခုထက် မကရှိပေမယ့် အခြေခံ စဉ်းစားတဲ့ သီအိုရီတွေကတော့ တူတူပဲဗျ။ အဲဒီလိုမျိုးပဲ နိုင်ငံတစ်ခုကြီးပွားအောင် ဘယ်လိုလုပ်မလဲဆိုတာမှာလည်း သီအိုရီတွေ၊ အခြေခံ စဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။ ကြီးပွားလာတဲ့နိုင်ငံတွေကို လေ့လာပြီး ကောက်ချက်ဆွဲထားတာတွေလည်း ရှိတယ်။ ဒုတိယအချက် One-size-does- not- fit-all ကို ပြောပြီးရင် ကျွန်တော့်ဆိုလိုရင်းကို ပိုရှင်းသွားမယ်။ ဒီဝေါဟာရကို ဆီလျော်အောင် ဘာသာပြန်ရင် 'ဝတ်စုံတစ်စုံတည်းကို လူတိုင်းဝတ်လို့ မတော်နိုင်ဘူး'၊ 'ဆေးတစ်လက်တည်းနဲ့ ရောဂါစုံကုလို့မရဘူး'လို့လည်း ပြောရင်ရမယ်။

ကိုမျိုးချစ် ။ ဆရာပြောတာ ကျွန်တော်မရှင်းဘူး။
ဖွံ့ဖြိုးရေးပါရဂူ။ စင်ကာပူက ကြီးပွားလား။
ကိုမျိုးချစ် ။ ကြီးပွားတယ်လေ၊ အချိန်တိုတိုနဲ့ ဖွံ့ဖြိုးပြီး နိုင်ငံဘဝ ရောက်သွားတဲ့နိုင်ငံ။
ဖွံ့ဖြိုးရေးပါရဂူ။ သူ့ရဲ့ အဓိက ထူးခြားချက်က ဘာလဲ။
ကိုမျိုးချစ် ။ သေးတာလေ။
ဖွံ့ဖြိုးရေးပါရဂူ။ ဒါဆို သေးရင် ကြီးပွားဖို့ ပိုလွယ်တယ် ပြောလို့ရပါ့မလား။
ကိုမျိုးချစ် ။ ဆရာကလည်း သေးရင် ကြီးပွားလွယ်တယ် ပြောလို့ ဘယ်ရပါ့မလဲ။ ကြီးလေကောင်းလေ မဟုတ်ဘူးလား။
ဖွံ့ဖြိုးရေးပါရဂူ။ တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က ပြုပြင်ပြောင်းလဲရေး လုပ်နေတဲ့အချိန်။ လီကွမ်ယူနဲ့ သူနဲ့ တွေ့ဖြစ်ကြတယ်။ စင်ကာပူက အဲဒီအချိန်မှာ ကြီးပွားနေပြီ။ စင်ကာပူနိုင်ငံကို တတိယကမ္ဘာကနေ ပထမကမ္ဘာကို ရောက်အောင် ပို့နိုင်ခဲ့တဲ့ လီကွမ်ယူက တိန့်ရှောင်ဖိန်ကို စင်ကာပူကို ကြီးပွားအောင် သူ ဘယ်လိုလုပ်ခဲ့ရတယ် ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဝေဝေ ဆာဆာ ပြောတယ်။ တိန့်ရှောင်ဖိန်က နားထောင်ရင်း နားထောင်ရင်းနဲ့ ပြောလိုက်တာက 'အေးဗျာ၊ ကျွန်တော်လည်း ရှန်ဟိုင်း တစ်မြို့တည်း အတွက်သာ စဉ်းစားရရင် သိပ်ကောင်းမှာပဲတဲ့'။ လီကွမ်ယူက ခပ်ကြွားကြွားလေနဲ့ ပြောလွန်းလို့ တိန့်ရှောင်ဖိန်က သိပ်မကြိုက်တာနဲ့ သာသာနဲ့နာနာ ပြန်နှက်တယ်လို့ တချို့က ပြောကြတယ်။ နှက်တာ မနှက်တာ အသာထား၊ တိန့်ရှောင်ဖိန် ဆိုလိုတာက စင်ကာပူက နိုင်ငံသေးတော့ ထိန်းရလွယ်တာ အမှန်ပဲ။ ကျွေးရတဲ့သူ နည်းမယ်၊ ပြဿနာ နည်းမယ်။ တရုတ်လိုမျိုးကျတော့ နိုင်ငံကြီး၊ လူဦးရေ များတော့ ထိန်းရခက်တယ်။ ပြဿနာ များမယ်။ ဒါကြောင့် Small is beautiful ငယ်သော်လှ၏တောင် ပြောကြတယ်။ ငယ်တော့ နိုင်နိုင်နင်းနင်း ရှိတာအမှန်ပဲ။ စင်ကာပူဟာ တစ်ပါတီစနစ်မျိုးနဲ့ ချီတက်တဲ့အခါမှာ အရွယ်ငယ်လို့လည်း ပိုထိန်းကျောင်းလို့ ကောင်းခဲ့တယ်။ ပြောရင်တော့ အများကြီးပေါ့။

ကိုမျိုးချစ် ။ ဒီလိုကျလည်း ဟုတ်တယ်နော်။ ဒါပေမယ့် တခြားသေးတဲ့ နိုင်ငံတွေကျ မကြီးပွားတာတွေ ရှိတာပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်လေ။ အမှန်ပဲ။

ကိုမျိုးချစ် ။ ဒါပေမယ့် သေးတာက သူ့ရဲ့ မူလအခြေခံ စရိုက်လေ။ နည်းလမ်းလို့ ပြောလို့ ရပါ့မလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျွန်တော်က တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ကြောင်း ပြောတာပါ။ အခြေခံစရိုက်ချင်းတူတောင် ကြီးပွားတာချင်း တူမှ မတူတာ။ နည်းလမ်းလို့ ပြောလို့ရတာ အခုပြောမယ်။ စင်ကာပူနိုင်ငံ ကြီးပွားတဲ့ အကြောင်းရင်းတွေမှာ နိုင်ငံသား တွေ အင်္ဂလိပ်လို ပြောနိုင်တာကြောင့်လို့ လီကွမ်ယူရော တခြား စင်ကာပူခေါင်းဆောင်တွေရော ပြောတယ်။ အင်္ဂလိပ် လို ပြောအောင်လည်း လုပ်ခဲ့တယ်၊ ခုထက်ထိလည်း လုပ်နေ ဆဲပဲ။

ကိုမျိုးချစ် ။ ဟုတ်သားပဲ။ စင်ကာပူက အင်္ဂလိပ်လို ပြောတဲ့လူများတော့ နိုင်ငံခြားနဲ့ ဆက်ဆံရတာလွယ်တယ်။ စင်ကာပူမှာ ရင်းနှီး မြှုပ်နှံတဲ့သူတွေအတွက်လည်း အဆင်ပြေချောမွေ့တယ်။ အားလုံး လွယ်သွားတယ်။ ပညာသင်တာလည်း လွယ်သွား မယ်။


ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်ပါပြီ။ နိုင်ငံကြီးပွားကြောင်းတရားထဲမှာ အင်္ဂလိပ်စာ တတ်မြောက်သူများခြင်းသည်လည်း တစ်ပါးပေါ့။ ဒါပေမယ့် ဂျပန်ကျ ဘယ်လို လုပ်မလဲ။ ထိုင်းကျ ဘယ်လို လုပ်မလဲ။ ဒီနိုင်ငံတွေရဲ့ အင်္ဂလိပ်စာ တတ်နှုန်းက စင်ကာပူနဲ့ အကွာ ကြီးပဲ။ ရာခိုင်နှုန်းနဲ့ ကြည့်ရင် လူနည်းနည်းလေးပဲ အင်္ဂလိပ် လို တတ်တယ်။ ထိပ်ဆုံးကလူတွေ တတ်တာတော့ မဆန်းဘူး လေ။ ဘယ်နိုင်ငံမှာ ဖြစ်ဖြစ် ဒီတိုင်းချည်းပဲ။ အမေရိကန်ပြန် ဂျပန် တော်တော်များများတောင် သူဟိုမှာ နေတဲ့နှစ်နဲ့စာရင် အင်္ဂလိပ်စာက ဒီလောက်မကောင်းဘူး။ ဖိလစ်ပိုင်ကျ သူတို့နဲ့ ပြောင်းပြန်။ အင်္ဂလိပ်စာ ကောင်းတယ်။ စကားပြောရင် မျက်နှာ မမြင်လို့က အမေရိကန်၊ အင်္ဂလိပ် တစ်ယောက်

ယောက် ပြောနေတဲ့အတိုင်း ထင်ရတဲ့ ဖိလစ်ပိုင်တွေ အများကြီး။ အင်္ဂလိပ်စာ တတ်တဲ့သူ ရာခိုင်နှုန်းလည်း အရမ်းမြင့်တယ်။ ဒါပေမယ့် တိုးတက်သင့်သလောက် မတိုးတက်ဘူး။ အရင်ကဆို sick man of Asia အာရှရဲ့လူမမာ လို့တောင် အပြောခံခဲ့ရတယ်။

ကိုမျိုးချစ် ။ One- size- does- not- fit- all ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ စောစောက ပြောခဲ့တဲ့ One problem has several solutions နဲ့ အဲဒီအချက်နဲ့ကို သိရင် နိုင်ငံတွေ ကြီးပွားရာ ကြီးပွားကြောင်းကို လေ့လာလို့ လွယ်သွားပါပြီ။

■



လူသား သယံဇာတကို အလေးထားလွန်းတော့
ကိုယ့်နိုင်ငံသား လူသားသယံဇာတနဲ့တင် အားမရနိုင်တဲ့
တခြားနိုင်ငံက လူသားသယံဇာတကိုပါ လှမ်းဆွဲယူတာပေါ့။
ပါးနပ်တယ်၊ အမြော်အမြင် ကြီးတယ်လို့ပဲ ပြောရမယ်။
လူလယ်ကျတယ် သွားပြောလို့ မရဘူး။

# လူသား သယံဇာတ

ဖွံ့ဖြိုးရေးပါရဂူ ။ ကနေ့ လက်တွေ့ကြီးပွားနေတဲ့ နိုင်ငံတွေ ဘယ်လို ကြီးပွားလာသလဲဆိုတာ ဆွေးနွေးရင် မကောင်းဘူးလား။ ခုခေတ်နိုင်ငံတကာ စာသင်ခန်းတွေမှာ ခေတ်စားနေတဲ့ case study လေ့လာနည်းပေါ့ဗျာ။ နမူနာ တစ်ခုယူပြီး လေ့လာရင်း ပညာသင်တာပေါ့။ ပိုပြီးလည်း အာရုံစူးစိုက်မှုရှိတယ်။ ပိုပြီး မြင်လွယ်တယ်။

ကိုမျိုးချစ် ။ ကောင်းတယ်ဗျ။ ဒါဆို ဘယ်နိုင်ငံက စရင်ကောင်းမလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဆွေးနွေးမယ့် လမ်းကြောင်းကို ကျွန်တော်က စ အကြံပေးပြီးပြီ။ ဒီတစ်ခါ ခင်ဗျားအလှည့်။

ကိုမျိုးချစ် ။ ကျေးဇူးပါဗျာ။ နီးနီးနားနား စင်ကာပူ ရွေးလိုက်ရင် မကောင်းဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ကောင်းတယ်။ ကျွန်တော်တို့တွေနဲ့လည်း ရင်းနှီးနေတယ်။ the Voice မှာလည်း စင်ကာပူအကြောင်း ဆောင်းပါးတွေ ဆက်တိုက်ဆိုသလို ပါနေတော့ ထူးထူးခြားခြား မိတ်မဆက်ရ တော့ဘူးပေါ့။

ကိုမျိုးချစ် ။ ဒါဆို စင်ကာပူ ကြီးပွားလာတာ ဘာကြောင့်လဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျားကလဲ တော်တော်ပြောချင် နားထောင်ချင်တဲ့လူပဲ။ ပြောမယ်ဆိုရင် စင်ကာပူ ကြီးပွားလာခြင်းအကြောင်းရင်းက အများကြီး။ စင်ကာပူကို တတိယကမ္ဘာ့နိုင်ငံအဆင့်ကနေ ပထမကမ္ဘာအဆင့်ကို အချိန်တိုအတွင်း ရောက်အောင်

ဦးဆောင်နိုင်ခဲ့တဲ့ လီကွမ်ယူ ကိုယ်တိုင် ပြုစုထားတာတင် တစ်အုပ်ကို စာမျက်နှာ ၇၀၀ နီးနီးပါတဲ့ စာ နှစ်အုပ် ရှိတယ်။ ကမ္ဘာအနှံ့က ပညာရှင်တွေလေ့လာသုတေသန ပြုထားတာ လည်း အများကြီးပဲ။

ကိုမျိုးချစ် ။ အဓိကအကျဆုံး ၁ ချက်သာ အရင်ပြောပါ။ အကြိုက်ဆုံး တစ်ချက်ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ လူ။

ကိုမျိုးချစ် ။ ဘယ်လို။

ဖွံ့ဖြိုးရေးပါရဂူ ။ သယံဇာတ။

ကိုမျိုးချစ် ။ ဟင်၊ ဆရာ၊ ခုနပြောတော့ လူ၊ ခုကျ သယံဇာတတဲ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီ နှစ်ခုက တူတူပဲဗျ။

ကိုမျိုးချစ် ။ မတူပါဘူး ဆရာရယ်။ လူကလူ၊ သယံဇာတက သယံဇာတ ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ လူသားသယံဇာတ human resources ကို ပြောတာပါ။ စင်ကာပူ ကြီးပွားလာတဲ့အကြောင်းရင်းကို အဓိက တစ်ချက် တည်း ပြောပါဆိုလို့ ပြောလိုက်ရတာ။ သူ ကြီးပွားလာတာ လူသား သယံဇာတကြောင့်ပဲ။

ကိုမျိုးချစ် ။ ကျွန်တော်ကတော့ သယံဇာတဆိုရင် အရှေ့အလယ်ပိုင်းက ရေနံတွင်းတွေ၊ အာဖရိကက စိန်တွင်းတွေ သွားမြင်တာပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒါတွေက သဘာဝ သယံဇာတ natural resources တွေပေါ့။ သဘာဝတရားက ပေးလိုက်တာလေ။ ခု ကျွန်တော်ပြော နေတာက လူသားသယံဇာတ။

ကိုမျိုးချစ် ။ ဟုတ်ကဲ့။

ဖွံ့ဖြိုးရေးပါရဂူ ။ စင်ကာပူက ၁၉၆၅ ခုနှစ်မှာ မလေးယား ပြည်ထောင်စုကနေ ခွဲထုတ်ခံရပြီး လွတ်လပ်ရေးရခဲ့တယ်။ လွတ်လပ်ရေးလည်းရ ရော ခဏပဲ ခံမယ်လို့ နိုင်ငံတကာ မီဒီယာတွေနဲ့ ပညာရှင် တွေက ဟောကိန်းထုတ်ခဲ့ကြတယ်။ စင်ကာပူက သောက်စရာ ရေချိုတောင် မရှိဘူး။ နိုင်ငံလေးက သေးသေးလေး။ ဘာဆို ဘာမှ မရှိဘူး။ ဘေးက မလေးရှားနဲ့ အင်ဒိုနီးရှားကလည်း သူနဲ့ မတည့်ဘူး။ တင်းမာနေကြတာပေါ့။

ကိုမျိုးချစ် ။ ဘာဆို ဘာမှ မရှိရာကနေ တိုးတက်လာတာပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ။ ရှိတယ်ဗျ။ လူတွေလေ။ အဲဒီလူတွေကြောင့် တိုးတက်လာတာပဲ။ အတိအကျပြောရရင် စင်ကာပူ ခေါင်းဆောင်တွေနဲ့ တိုင်းသူ ပြည်သားတွေပေါ့။ လီကွမ်ယူအပါအဝင် စင်ကာပူ ခေါင်းဆောင်တွေက ထက်မြက်တယ်၊ အမြော်အမြင်ကြီးတယ်၊ မျိုးချစ်စိတ် ပြင်းထန်တယ်။

ကိုမျိုးချစ် ။ နည်းနည်းတော့ စောဒက တက်ပါရစေ။ နိုင်ငံတိုင်းမှာ ခေါင်းဆောင်နဲ့ ပြည်သူတွေ ရှိတာပဲ မဟုတ်လား။ ဒါဆို အားလုံး အတူတူနဲ့ အနူနူပဲပေါ့။

ဖွံ့ဖြိုးရေးပါရဂူ။ ဟုတ်တယ်။ ဒါပေမယ့် စင်ကာပူခေါင်းဆောင်တွေက သူတို့မှာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှားနဲ့ အင်ဒိုနီးရှားတို့မှာလို အားကိုးစရာ သဘာဝသယံဇာတဘာမှ မရှိတာကို သိတယ်။ အားကိုးစရာဆိုလို့ လူတွေပဲ ရှိတယ်ဆိုတာ သိလို့ လူတွေကို လူသားသယံဇာတတွေ ဖြစ်လာအောင် အစွမ်းကုန် ပြုစု ပျိုးထောင်ခဲ့တယ်။ ပညာရေးကဏ္ဍမှာ ကောင်းကောင်း သုံးတယ်။ အလားအလာ အကောင်းဆုံးသူတွေကို တစ်ဆင့်ပြီးတစ်ဆင့် ပျိုးထောင်ပေးတယ်။ ဗြိတိန်နဲ့ အမေရိကန် တက္ကသိုလ်ကြီးတွေကို လွှတ်ပြီး နိုင်ငံတော် ပညာသင်ဆုနဲ့ ပညာသင်ပေးတယ်။ ခု ဝန်ကြီးချုပ် လီရှန်လွန်းနဲ့ နိုင်ငံခြားရေးဝန်ကြီး ဂျော့ချ်ယိုးက အဲလို နိုင်ငံတော်ပညာသင်ဆုရခဲ့သူတွေ။ အရေးကြီးတဲ့ နေရာဌာနတိုင်းမှာ နိုင်ငံတွင်းက အတော်ဆုံးဆိုတဲ့ သူတွေကို ထားတယ်။ ပညာရေးကို မြင့်တင်ပေးတယ်။ အဲဒါကြောင့် စင်ကာပူက နှစ်တိုတိုနဲ့ တိုးတက်ခဲ့ပြီး စက်မှု ဖွံ့ဖြိုးပြီး နိုင်ငံအဆင့်ကို ရောက်ခဲ့တယ်။ စင်ကာပူနိုင်ငံ တည်ထောင်သူ တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်ထဲမှာ လီကွမ်ယူပြီးရင် သူပဲလို့ စင်ကာပူမှာ လေးစားခံရတဲ့ ဒေါက်တာဂိုကင်ဆွီးဟာ စင်ကာပူရဲ့ စီးပွားရေး ဗိသုကာပဲ။ သူ့ကြောင့် စင်ကာပူဟာ တစ်နှစ်ကို စီးပွားရေး တိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းကနေ ၉ ရာခိုင်နှုန်းလောက်နဲ့ နှစ် ၃၀ ဆက်တိုက် တိုးတက်ခဲ့တယ်။ သူက စင်ကာပူနိုင်ငံ တိုးတက်တာဟာ

တစ်ခြားကြောင့် မဟုတ်ဘူး။ ကျောင်းတွေမှာ သိပ္ပံနဲ့ သင်္ချာကို အထူးအလေးထား သင်ကြားဖို့ သူတို့ ဆုံးဖြတ်ချက်ချခဲ့လို့၊ ပြီးတော့ ကလေးအမေတွေက သူတို့ သားသမီးတွေ သိပ္ပံနဲ့ သင်္ချာကို သင်ယူဖို့ မဖြစ်မနေ တိုက်တွန်းခဲ့လို့လို့ ဆိုတယ်။ တကယ်တမ်းတော့ အမေတွေကြောင့်ပါတဲ့။ အဲဒီအစဉ်အလာက ခုထက်ထိ ရှိနေတယ်။ ကမ္ဘာမှာ စင်ကာပူကျောင်းသားတွေက သင်္ချာ အတော်ဆုံးထဲမှာ ပါတယ်တဲ့။ အမေရိကန်တွေကတော့ ချာတယ်။ သိပ္ပံနဲ့ သင်္ချာကို အလေးထားတာကြောင့် စင်ကာပူမှာ စက်မှုတိုးတက်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့အတူ ရောက်လာတဲ့ နည်းပညာတွေကို အလွယ်တကူ စုပ်ယူနိုင်တယ်။

ကိုမျိုးချစ် ။ စင်ကာပူက ပညာရေးကို အလေးထားလို့ ပညာရေးကောင်းတယ်နော်။ ခု ကျွန်တော်တို့ မြန်မာတွေတောင် စင်ကာပူမှာ တော်တော်များများ ကျောင်းသွားတက်နေကြတယ်။

ဖွံ့ဖြိုးရေးပါရဂူ။ ဒါလည်း စင်ကာပူရဲ့ ကြီးပွားရေး နည်းဗျူဟာပဲ။ လူသားသယံဇာတ ထိန်းသိမ်းရေးနဲ့ ဆွဲဆောင်ရေးလေ။ စင်ကာပူမှာက ကလေးမွေးနှုန်း ကျလာတယ်။ ပြီးတော့ စင်ကာပူသားလူတော်တချို့က စင်ကာပူမှာ မနေချင်တော့လို့ ရေကြည်ရာမြက်နုရာ အခွင့်အလမ်း ပိုကောင်းမယ်ထင်တဲ့ ဩစတြေးလျတို့ အမေရိကတို့ ပြောင်းသွားကြတယ်။ စင်ကာပူက လူသားသယံဇာတနဲ့ နိုင်ငံတည်လာတာ။ ဒီအားသာချက် မရှိတော့ရင် ကျဆင်းသွားမှာကို နိုင်ငံခေါင်းဆောင်တွေက စိုးရိမ်ပြီး အမြဲစောင့်ကြည့်နေတာ။ သူတို့ ဖြေရှင်းနည်း တစ်ခုက စင်ကာပူကို ဒေသတွင်းမှာ ပညာရေး အချက်အချာ ဒေသတစ်ခုအဖြစ် တည်ဆောက်ထားတာပဲ။ ဒီလို တည်ဆောက်ထားတဲ့အတွက် ကိုယ့်နိုင်ငံသားတွေ ပညာ ကောင်းကောင်းရမယ်၊ ဒါက တစ်ချက်။ ဒုတိယက ဒေသတွင်း နိုင်ငံတွေက လူငယ် လူထက်တွေကို ဆွဲဆောင်ဖို့။ ပညာကောင်းကောင်းလိုချင်တဲ့ အိမ်နီးချင်းနိုင်ငံတွေက လူတော်တွေ စင်ကာပူက တက္ကသိုလ်ကြီးတွေမှာ လာတက်မယ်။ လာတက်ပြီးရင်

စင်ကာပူမှာ ဆက်နေကြမယ်၊ အလုပ် လုပ်ကြမယ်။ ဒါဆို စင်ကာပူ ဆက်လက်ကြီးထွားဖို့လိုတဲ့ လူသားသယံဇာတတွေ၊ စင်ကာပူကို ရှေ့ကဆွဲမယ့် အင်ဂျင်တွေ အဆက်မပြတ် စီးဝင် နေမှာပေါ့။ ဒီဗျူဟာက အောင်မြင်တယ်။ စင်ကာပူမှာ ကျောင်းသွားတက်တဲ့ သူတွေ အများစုက ဟိုမှာ ဆက်နေကြတယ်၊ အလုပ်လုပ်တယ်။ ပြောင်းရွှေ့သွားတဲ့ စင်ကာပူနိုင်ငံသားတွေ နေရာမှာ ကောင်းကောင်း အစားထိုးလို့ရတယ်။

ကိုမျိုးချစ် ။ စင်ကာပူက ဒါဆို တစ်ခြားနိုင်ငံက လူသားအညွှန့်အဖူးတွေနဲ့ ဟန်နေတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ။ တကယ့် အညွှန့်အဖူးတွေပေါ့ဗျာ။ သူတို့ဆီက ဘွဲ့မပေးဘဲ ဒီပလိုမာအဆင့်ပေးတဲ့ ပေါ်လီတက်ကနစ်လို ကျောင်းမျိုးတောင် တခြားနိုင်ငံတွေက ဟိုးထိပ်ဆုံး၊ တက္ကသိုလ်ဝင်တန်း အမှတ်အမြင့်ဆုံး လူငယ်တွေ အလုအယက် တက်ဖို့ ကြိုးစားနေရတာ။ ပေါ်လီမှာတောင် သူများနိုင်ငံက အညွှန့်အဖူးတွေနဲ့ ဆိုတော့ စဉ်းစားသာကြည့်တော့။ လူသား သယံဇာတကို အလေးထားလွန်းတော့ ကိုယ့်နိုင်ငံသား လူသားသယံဇာတနဲ့တင် အားမရနိုင်ဘဲ တခြားနိုင်ငံက လူသားသယံဇာတကိုပါ လှမ်းဆွဲယူတာပေါ့။ ပါးနပ်တယ်၊ အမြော်အမြင်ကြီးတယ်လို့ပဲ ပြောရမယ်။ လူလယ်ကျတယ် သွားပြောလို့ မရဘူး။ လူသား သယံဇာတက နိုင်ငံတစ်ခု ကြီးပွားရေးမှာ သိပ် အရေးကြီးတာကိုး။ အမေရိကန်ဆိုလည်း ကြည့်လေ။ တခြားနိုင်ငံက လူတော်တွေကို လက်ခံပြီး နယ်ပယ်အားလုံးမှာ ကမ္ဘာ့ ထိပ်တန်းနေရာကို မြဲနေအောင် လုပ်ထားတာ။ ကြီးပွားတဲ့ နိုင်ငံတိုင်းဟာ လူသား သယံဇာတ ပွားများရေးကို အမြဲ ဂရုတစိုက် အားထုတ်နေကြတယ်။ သူတို့ ကြီးပွားတာလည်း လူသားသယံဇာတကို ပျိုးထောင်ခဲ့ကြလို့ပဲ။

ကိုမျိုးချစ် ။ ဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ လူသာ ပထမ၊ လူသာ ဒုတိယ၊ လူသာ တတိယပေါ့ဗျာ။

■



အခြေခံ အဆောက်အဦ ဘယ်လောက်ကောင်းကောင်း၊
အဲဒီနိုင်ငံမှာ လူသား သယံဇာတ မရှိရင် ဘာမှလုပ်မရဘူး။
ကားရှိပြီး ကားမောင်းမယ့်သူ မရှိသလိုဖြစ်နေလိမ့်မယ်။

# ပညာတွင် ရင်းနှီးမြှုပ်နှံခြင်း

ကိုမျိုးချစ် ။ လူသား သယံဇာတက အရေးအကြီးဆုံးလို့ အရင် တစ်ပတ်က ဆွေးနွေးခဲ့တာ မေးစရာ တစ်ခုခုမှ ပေါ်လာလို့ မေးချင်တယ်ဗျာ။ အခြေခံ အဆောက်အဦ infrastructure ကရော အရေးမကြီးဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ သိပ်ကြီးတာပေါ့ဗျာ။ အခြေခံအဆောက်အဦလို့ ခေါ်တဲ့ ကားလမ်း၊ ရထားလမ်း၊ ဆက်သွယ်ရေးကွန်ယက်၊ လျှပ်စစ်မီး။ ဒါတွေဟာ နိုင်ငံတစ်ခု ကြီးပွားအောင် ဆောင်ရွက်ရတဲ့ အထဲမှာ ထိပ်ဆုံးက လုပ်ကိုလုပ်ရမယ့်အရာပါ။ ဒါပေမယ့် လူသားသယံဇာတကိုတော့ မမီဘူးဗျ။ အလွယ်ပြောရရင် ခင်ဗျားက နောက်ဆုံးပေါ် တီဗီ အကောင်းစားကြီး ဝယ်ထားပြီးတော့ မဖွင့်တတ်ရင် ဘာမှ လုပ်မရဘူးလေ။ ဒီသဘောပါပဲ။ အခြေခံ အဆောက်အဦ ဘယ်လောက်ကောင်းကောင်း၊ အဲဒီ နိုင်ငံမှာ လူသား သယံဇာတမရှိရင် ဘာမှလုပ်မရဘူး။ ကား ရှိပြီး ကားမောင်းမယ့်သူ မရှိသလို ဖြစ်နေလိမ့်မယ်။

ကိုမျိုးချစ် ။ ဒါပေမယ့် အခြေခံ အဆောက်အဦမှာ ရင်းနှီးမြုပ်နှံကြတာက များတယ်နော်။ နိုင်ငံအတော်များများလည်း ဒီတိုင်းပဲ လုပ်ခဲ့ကြတာပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျားက ကိုမျိုးချစ် ဆိုတဲ့အတိုင်း နာမည်နဲ့လိုက်အောင် နိုင်ငံကို ကြီးပွားစေချင်တဲ့စိတ်နဲ့ သူများနိုင်ငံတွေ ဘယ်လို ကြီးပွားအောင် လုပ်ကြသလဲဆိုတာ အတော် ဖတ်ထားတာ

ကိုး။ ခင်ဗျား ပြောတဲ့အတိုင်း ဟုတ်ပါတယ်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်လာတဲ့နိုင်ငံတွေဟာ ခင်ဗျား ပြောတဲ့အတိုင်း အခြေခံ အဆောက်အဦတွေမှာ အကြီး အကျယ် ရင်းနှီးမြုပ်နှံကြတယ်။ မရှိရှိတာနဲ့ ရင်းနှီးမြုပ်နှံကြ၊ ကမ္ဘာ့ငွေကြေး အဖွဲ့အစည်းတွေ၊ တခြားနိုင်ငံတွေက ထောက်ပံ့ငွေ၊ ချေးငွေနဲ့ ရင်းနှီးမြုပ်နှံကြ လုပ်ခဲ့ကြတယ်။ ဒါပေမယ့် အရေးကြီးတာက အခြေခံ အဆောက်အဦ တိုးတက်အောင် လုပ်တာနဲ့ အနည်းဆုံး တစ်ပြိုင်တည်းလောက်တော့ လူသား သယံဇာတ တည်ဆောက်ရမယ်။ ရင်းနှီးမြုပ်နှံတာချင်း ယှဉ်ကြည့်ရင် လူသားသယံဇာတမှာ ရင်းနှီးမြုပ်နှံတာက အကျိုး အမြတ် အများဆုံးရတယ်။

ကိုမျိုးချစ် ။ ဒါဆို ပညာမှာ ရင်းနှီးမြုပ်နှံတာ အကောင်းဆုံးပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ မှန်လိုက်လေဗျာ။ ၁၉ ရာစု နှောင်းပိုင်းလောက်မှာ အာရှနိုင်ငံ အတော်များများ ဥရောပသား ကိုလိုနီ နယ်ချဲ့နိုင်ငံကြီးတွေလက်အောက် ရောက်နေပြီး အောက်တန်း နောက်တန်း ကျနေကြတယ်။ ဥရောပသားတွေဟာ ငါတို့တွေထက် သာလွန်မြင့်မြတ်တယ်လို့ ထင်တဲ့ မိမိကိုယ်ကို သိမ်ငယ်စိတ်တွေ အာရှ ကိုလိုနီနိုင်ငံသားတွေမှာ အနည်းနဲ့အများ ဝင်နေ ကြတယ်။ ဒီအချိန်မှာ ဂျပန်နိုင်ငံက ၁၉၀၅ ခုနှစ် ရုရှ - ဂျပန် စစ်ပွဲမှာ ဥရောပသား အင်အားကြီးနိုင်ငံ ရုရှကို အနိုင်တိုက်ပြီး အာရှနိုင်ငံ တစ်နိုင်ငံက နှစ်ပေါင်း ရာဂဏန်းအတွင်း ဥရောပနိုင်ငံကြီး တစ်နိုင်ငံကို အောင်ပွဲခံလိုက်တယ်။ ဒီမှာတင် နယ်ချဲ့လက်အောက်ရောက်နေတဲ့ အာရှသားတွေက 'တို့အာရှသား တွေလည်း သူတို့ ဥရောပသားတွေကို အနိုင်ရသားပဲ' ဆိုတဲ့ စိတ်ဓာတ် နိုးကြား တက်ကြွလာပြီး လွတ်လပ်ရေး လှုပ်ရှားမှုတွေ အရှိန်အဟုန်ကောင်းလာခဲ့တာ နောက်ဆုံး လွတ်လပ်ရေးတွေ ရတဲ့အထိ လမ်းခင်းပေးနိုင်ခဲ့တယ်။

ကိုမျိုးချစ် ။ ဟုတ်တယ်။ ကျွန်တော်တို့ငယ်ငယ် သမိုင်းမှာ သင်ခဲ့ရတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသား မျိုးချစ် ပုဂ္ဂိုလ်တွေလည်း ရုရှ- ဂျပန် စစ်ပွဲကြောင့် စိတ်ဓာတ် တက်ကြွခဲ့တယ်လေ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဂျပန်နိုင်ငံက နှစ်ပေါင်းများစွာ တံခါးပိတ်နေခဲ့တာကို အမေရိကန်ရေတပ်က ကိုမိုဒိုပယ်ရီ ဦးဆောင်တဲ့ ရေတပ်သင်္ဘောအုပ်စုက အတင်းဖွင့်ခိုင်းခဲ့တာ ဂျပန်တွေလည်း လက်နက်နည်းပညာချင်း အားမတန်လို့ မာန်လျှော့ခဲ့ရတယ်။ အဲဒီမှာ ဂျပန်တွေ သင်္ဘောကောင်းကောင်း ပေါက်သွားတာက ဒီအနောက်တိုင်းသားတွေနဲ့ တို့နဲ့ အရမ်းကွာသွားပြီ။ တို့နောက်မှာပြတ်ကျန်ခဲ့ပြီ။ အမီလိုက်မှသာလျှင် ကျွန်မဖြစ်ပဲ နေလိမ့်မယ်လို့ သဘောပေါက်လိုက်ကြတယ်။ ဂျပန်က အမီလိုက်တော့တာပဲ။ အဲဒီခေတ်ဟာ ဂျပန်နိုင်ငံရဲ့သမိုင်းမှာ မေဂျီခေတ်လို့ခေါ်ပြီး ဂုဏ်ယူလောက်တဲ့ခေတ်ပဲ။ ရှေ့က အဝေးကြီးမှာရှိနေတဲ့ အနောက်နိုင်ငံတွေကို ဂျပန် လိုက်လိုက်တာ မီသွားတဲ့အတွက် ရုရှ ဂျပန်စစ်မှာ ဂျပန်တွေ နိုင်လိုက်တာပဲ။ အာရှသားတွေမပြောနဲ့ တစ်ကမ္ဘာလုံးမှာ အံ့သြကုန်တယ်။ ဝါရင့်စစ်ပါရဂူတွေ၊ ပညာရှင်တွေ ဘယ်သူမှ ဂျပန်နိုင်မယ် မထင်ကြဘူး။

ကိုမျိုးချစ် ။ ဂျပန်က အမီလိုက်တာ အတော်မြန်တာပဲ။ ခုခေတ်မှာလည်း ရှေ့က ပြေးနေတာပဲ။ ဒါပေမယ့် ဆရာ၊ ကျွန်တော်တို့ စကားလမ်းကြောင်းက ဘေးရောက်သွားပြီနဲ့တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ မရောက်ပါဘူး။ ဂျပန် မေဂျီခေတ်မှာ ဂျပန်နိုင်ငံဟာ သူ့နိုင်ငံပညာရေးခေတ်မီဖို့ အားကုန်ထုတ်ခဲ့တယ်။ ပညာရေးမှာ ရင်းနှီးမြုပ်နှံမှု အကြီးအကျယ်လုပ်ခဲ့တယ်။ အဲဒီခေတ်က ထိပ်တန်းဥရောပနိုင်ငံကြီးတွေထက်တောင် ပညာရေးမှာ အကုန်အကျခံခဲ့တယ်။ ပညာမှာ အစွမ်းကုန်ရင်းနှီးမြုပ်နှံခဲ့တယ်။ ဒါကြောင့် နိုင်ငံက အနောက်နိုင်ငံကြီးတွေကို လိုက်မီသွားတာပဲ။ တတိယ ကမ္ဘာနိုင်ငံ တစ်နိုင်ငံက ပထမကမ္ဘာနိုင်ငံတစ်နိုင်ငံကို အနိုင်ယူလိုက်တယ်ဆိုပြီး သမိုင်းမှာ မော်ကွန်းထိုးကြတယ်။ ခင်ဗျား ပြောသလို ပြောရရင် 'ပညာတွင် ရင်းနှီးမြုပ်နှံခြင်း' ပေါ့။ အဲဒါဟာ ဂျပန်ရဲ့ လျှို့ဝှက်ချက်ပဲ။

ကိုမျိုးချစ် ။ ဂျပန်က ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံကြေသွားတာတောင် အခု ဒုတိယ ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်နေတာပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ပညာအားကိုးတဲ့ နိုင်ငံကိုး။ ပြီးတော့ အခြေခံအဆောက်အဦ တိုးတက်အောင် လုပ်ရတာက လူသားသယံဇာတတိုးတက်အောင် လုပ်ရတာထက် ပိုလွယ်တယ်။ ပိုက်ဆံကို တစ်နည်းနည်းနဲ့ ရအောင်ရှာ။ ကိုယ့်နိုင်ငံက တည်ဆောက်နိုင်တဲ့ အခြေအနေ မရှိသေးလဲ တည်ဆောက်နိုင်တဲ့ နိုင်ငံခြား ကုမ္ပဏီတွေ ကန်ထရိုက်ပေးလိုက်ရင် ရတာပဲ။ ချက်ချင်း လက်ငင်း ဒါတွေ ဖြစ်သွားနိုင်တယ်။ အခြားနိုင်ငံတွေကနေ အထောက်အပံ့ ချေးငွေတွေ ရရင်လည်း ပိုက်ဆံကိစ္စ ပြေလည်သွားနိုင်တယ်။ ပညာရေး ရေချိန် မြင့်တက်ဖို့၊ လူသားသယံဇာတ ဖြစ်လာဖို့က ပိုခက်တယ်။ အချိန်ယူပြီး ပျိုးထောင်မှုရတယ်။ စိတ်ရှည်ရတယ်။ ပိုက်ဆံရှိတိုင်း ရော့ အင့် ဆိုပြီး စက်ရုံကနေ ထုတ်သလို ထုတ်လို့မရဘူး။

ကိုမျိုးချစ် ။ အခြေခံ အဆောက်အဦ ကောင်းလို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ လိုမ့်ဝင်လာရင်လည်း လူသားသယံဇာတ တိုးတက်နိုင်တယ် မဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီနှစ်ခုက အပြန်အလှန် ဆက်စပ်နေတယ်။ ဒါပေမယ့် လူသားသယံဇာတ နည်းပါးတဲ့ နိုင်ငံကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဘယ်လောက် ဝင်လာနိုင်သလဲဆိုတာက မေးကို မေးရမယ့် မေးခွန်းပဲ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင်လည်း နည်းပညာကောင်းကောင်း ရနိုင်တဲ့ အဆင့်မြင့် စက်ရုံ၊ အလုပ်ရုံတွေ ဘယ်ဝင်လာပါ့မလဲ။ ကျွမ်းကျင်မှုနည်းနည်းနဲ့ လုပ်အားများများ၊ အလုပ်ချိန်များများ သုံးရတဲ့ စက်ရုံမျိုးတွေ၊ လုပ်ခနည်းလို့ လုပ်ခချေတာချင်တဲ့ စက်ရုံမျိုးတွေပဲ ဝင်လာကြမှာလေ။ နည်းပညာကောင်းတွေ သင်ယူရနိုင်တဲ့ စက်မှုလုပ်ငန်းတွေ၊ ကုန်ချောထုတ်လုပ်ငန်းတွေက လူသားသယံဇာတ မရှိတဲ့ နေရာမှာ ဘယ်လည်ပတ်နိုင်ပါ့မလဲ။ အခြားအဘက်ဘက်က အားသာနေလို့ လာချင်ရင်တောင် တခြားနိုင်ငံသား လူသားသယံဇာတတွေ ခေါ်လာရမှာ။ ဒါဆို အဲဒီကုမ္ပဏီတွေ အတွက် စရိတ်သိပ်ကြီးသွားပြီ။ အဲဒီ ကုမ္ပဏီတွေက စရိတ်ကြီးပေမယ့် ကိုက်လို့ ဝင်လာရင်တောင် သူတို့နဲ့ ပါလာမယ့်

နည်းပညာတွေကို ရယူထားမယ့် ပညာရှင်တွေ နိုင်ငံမှာ မရှိရင် အလဟဿပဲ။ အဲဒီ ကုမ္ပဏီတွေမှာ သာမန် အလုပ်သမားတွေ အဖြစ်ပဲ အလုပ်ရကြမှာ။ လူသား သယံဇာတ အဆင်သင့် ပြင်ထားတဲ့ နိုင်ငံကျတော့ အဆင့်မြင့်နည်းပညာ သုံးတဲ့ ကုမ္ပဏီကြီးတွေဆီကနေ အဆင့်မြင့် နည်းပညာတွေ ရယူနိုင်ကြတယ်။ နောက်ပိုင်း ကိုယ့်ဘာသာကိုယ် အဲဒါမျိုး အဆင့်မြင့် ပစ္စည်းတွေ ထုတ်နိုင်တဲ့ အဆင့် တစ်ဆင့်ကို ထပ်တက်လှမ်းသွားကြတယ်။

ကိုမျိုးချစ် ။ ဂျပန်က သယံဇာတ သိပ်မရှိလို့ ပညာရေးကို အလေးထားတာ ထင်တယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ မှန်လိုက်လေဗျာ။ သဘာဝသယံဇာတ မရှိဘဲ ကြီးပွားလာတဲ့ နိုင်ငံတိုင်းကို လေ့လာကြည့်လိုက်ရင် လူသား သယံဇာတကို အလေးထားလို့ ကြီးပွားလာတာချည်းပဲ။ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ စင်ကာပူ၊ အစ္စရေး စတဲ့ နိုင်ငံတွေအားလုံး ဒီလိုချည်းပဲ။ လူသားသယံဇာတ ပေါများတဲ့နိုင်ငံမှာ စီးပွားရေး လာရောက် ရင်းနှီးမြှုပ်နှံရင် လူသားသယံဇာတ ချို့တဲ့တဲ့ နိုင်ငံမှာ ရင်းနှီးတာထက် အကျိုးအမြတ်ရာခိုင်နှုန်း များများ ပိုရနိုင်တယ်လို့ သုတေသနတွေမှာ တွေ့ရတယ်။ အခု နောက်ပိုင်းမှာတော့ လူသားသယံဇာတပေါများတဲ့ နိုင်ငံတွေကို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ ရေများရာ မိုးရွာ ဆိုသလို ရောက်လာတယ်။ လူသားသယံဇာတပေါလို့ နိုင်ငံတကာ ကုမ္ပဏီကြီးတွေ စီးပွားရေးလာလုပ်တယ်။ ဒီတော့ သူတို့နဲ့ အတူ နည်းပညာတွေ ပါလာတယ်။ လူသားသယံဇာတတွေက အဲဒီ နည်းပညာတွေကို စုပ်ယူပြီး ပိုမို အရည်အချင်းပြည့်တဲ့ လူသားသယံဇာတတွေ ဖြစ်လာတယ်။ အဲဒီမှာ ရင်းနှီးမြှုပ်နှံမှုတွေက ပိုရောက်လာပြန်ရော။ အကောင်းကျော့ သံသရာ ပေါ့ဗျာ။

ကိုမျိုးချစ် ။ အဲဒါဆို ဒီလိုနိုင်ငံတွေကိုချည်း ရင်းနှီးမြှုပ်နှံမှုတွေက စုသွားနေတော့ ကျန်တဲ့နိုင်ငံတွေ၊ ဖွံ့ဖြိုးအောင် လုပ်ဖို့ တာစူနေတဲ့ နိုင်ငံတွေအတွက် မတရားသလို ဖြစ်နေတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါကတော့ ဘယ်သူမပြု မိမိမှုပဲလေ။ လူသား သယံဇာတ ကောင်းအောင် ပြင်ထားတဲ့ သူတွေဆီ ရင်းနှီးမြုပ်နှံမှုက ပိုသွားမှာပဲ။ အကျိုးအမြတ်ရမယ့်ဆီ သွားတာပဲ။

ကိုမျိုးချစ်။ ။ ဒါပေမယ့် ခုမှ ဖွံ့ဖြိုးအောင် စပြီး ကြိုးစည်လုပ်ကိုင်နေတဲ့ နိုင်ငံအတွက်ကျတော့ ဘယ်လို လုပ်မလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဖြတ်လမ်းနည်း မရှိပါဘူးဗျာ။ လူသားသယံဇာတ တက်အောင်သာ လုပ်ရုံပေါ့။ တခြားလုပ်ဆောင်ရမယ့် အရာတွေနဲ့ပြိုင်တူ လုပ်မှကိုရမှာ။ နောက်မှ နောက်မှနဲ့ နေလို့မရဘူး။ ဗီယက်နမ် စစ်အတွင်းတုန်းက အမေရိကန်က ဒါလောက် ဗုံးကြဲနေတာတောင် တောထဲမှာ ဗီယက်နမ် ကျောင်းလေးတွေ မပြတ်ဖွင့်ကြတယ်။ ကျောင်းကြီးရင် ဗုံးစာမိမှာစိုးလို့ ကလေးငါးယောက်၊ ၁၀ ယောက် စုပြီး တဲလေးတွေနဲ့ ပုန်းလျှိုးကွယ်လျှိုး စာသင်ခဲ့ရတာ။ စစ်ဖြစ်နေပေမယ့် ကလေးတွေ စာသင် မပျက်စေရဘူး။ ဒီလိုမျိုး စိတ်ဓာတ်ကြောင့်လည်း ပါမယ်။ ဗီယက်နမ် တံခါးဖွင့်ပြီး အချိန်တိုအတွင်း ဖွံ့ဖြိုးလာလိုက်တာ ပဥ္စမကျားလို့ ခေါ်ရတဲ့ အဆင့် ရောက်နေပြီ။ ပညာရေး ရေချိန်မြင့်မှ ပုဂ္ဂလိကပိုင်း၊ အစိုးရပိုင်းစတဲ့ ကဏ္ဍစုံမှာ အရည်အချင်းမြင့် ပုဂ္ဂိုလ်တွေ ရှိပြီး နိုင်ငံကြီးပွားရေး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မယ်။

ကိုမျိုးချစ် ။ 'ပညာ' မှတစ်ပါး အခြားမရှိပြီပေါ့။

■



ကိုယ့်နိုင်ငံတွင်းကနေ လူသားသယံဇာတ
ကို မွေးထုတ်ပေးဖို့ နိုင်ငံတိုင်းကြိုးစားကြရမယ်။
လူသား သယံဇာတ အောင်အောင်မြင်မြင်
ပျိုးထောင်ပေးနိုင်တဲ့ နိုင်ငံဟာ ကြီးပွားတာပဲ။

# လူသားသယံဇာတ ပျိုးထောင်ခြင်း

ကိုမျိုးချစ် ။ နိုင်ငံကြီးပွားရေးမှာ လူသားသယံဇာတ human resources အရေးအလွန်ကြီးတာကိုတော့ အရင်အပတ်တွေက အတော်လေး ပြောဖြစ်ဆိုဖြစ်သွားပါပြီ။ ဒါပေမယ့် လူသား သယံဇာတ ကြွယ်ဝအောင်၊ တက်အောင် ဘယ်လိုလုပ်မလဲဆိုတာကို ကျွန်တော်တို့ သိပ်မပြောဖြစ်သေးဘူးနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ရှပ်ပြေးတော့ ကျွန်တော်တို့ ပြောဖြစ်ပါတယ်။ ထဲထဲဝင်ဝင် အသေးစိတ်သာ မပြောရသေးတာ။ မှတ်မိလွယ်အောင် ပြောရရင် လူသားသယံဇာတ ကြွယ်ဝအောင် နည်းသုံးသွယ်နဲ့ ဖန်တီးလေ့ရှိတယ်။ 'ပျိုးထောင်၊ ထိန်းသိမ်း၊ ဆွဲဆောင်စုဆောင်း' ပေါ့ဗျာ။

ကိုမျိုးချစ် ။ မှတ်ရလွယ်လေ ရှင်းလေ ကောင်းလေပါပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘောလုံးဝါသနာအိုးဖြစ်တဲ့ ခင်ဗျားအတွက်တော့ ထူးဆန်းမှာ မဟုတ်ဘူး။

ကိုမျိုးချစ် ။ ဆရာရယ်၊ ဘောလုံးနဲ့ နိုင်ငံကြီးပွားရေး ဘယ်လိုပတ်သက်နေလို့လဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျား အင်္ဂလိပ် ပရီမီယာလိဂ်ပွဲတွေ ဒီလောက်ကြည့်နေတာ။ ဘောလုံးအသင်းတစ်သင်းကောင်းဖို့ ဘာတွေလိုလဲ။

ကိုမျိုးချစ် ။ ပထမဆုံးအနေနဲ့ ဘောလုံးသမားကောင်းတွေ လိုတယ်။ ဒါမှ တခြားအသင်းတွေနဲ့ သူတင်ကိုယ်တင် ကန်နိုင်မယ်။ အသည်းအသန် ယှဉ်ပြိုင်နေချိန်မှာ ပွဲအခြေအနေကို ပြောင်းလဲပစ်

နိုင်တဲ့ ထူးချွန် ဘောလုံးသမားတွေ ကိုယ့်အသင်းမှာ ရှိကို ရှိရမယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပဲလေ။

ကိုမျိုးချစ် ။ ဗျာ။

ဖွံ့ဖြိုးရေးပါရဂူ ။ မ ဗျာပါနဲ့ ကိုမျိုးချစ်။ ဘောလုံးကလပ်အသင်း တစ်သင်းက ဘောလုံးသမားကောင်းတွေရဖို့ များသောအားဖြင့် သုံးတဲ့ နည်းက ကိုယ့်အသင်းကနေ လူငယ်တွေကို ပြုစုပျိုးထောင်ပြီး မွေးထုတ်ပေးတဲ့နည်းပဲ။ မန်ချက်စတာယူနိုက်တက်အသင်း အောင်မြင်ရတဲ့ အကြောင်းတွေထဲမှာ လူငယ် ခြေပေါက်တွေ ကောင်းကောင်း မွေးထုတ် ပေးနိုင်တာသည် အဓိကအကြောင်း တစ်ရပ်လို့ ဘောလုံးပါရဂူတွေ အဖြေထုတ်ခဲ့ကြတယ် မဟုတ်လား။

ကိုမျိုးချစ် ။ ဟုတ်တယ်။ လေ့ကျင့်ပျိုးထောင်ပေးပြီး အဆင့်ဆင့်နဲ့ နောက်ဆုံး အသင်းကြီးထဲကို ရောက်သွားအောင် လုပ်ပေးထားတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံကြီးပွားအောင် တည်ဆောက်မယ့် လူသားသယံဇာတ တွေ ကြွယ်ဝရေးမှာလည်း ပျိုးထောင်ခြင်း ဆိုတဲ့ နည်းဟာ အဓိကပဲ ကိုမျိုးချစ်။ ကိုယ့်နိုင်ငံတွင်းကနေ လူသား သယံဇာတကို မွေးထုတ်ပေးဖို့ နိုင်ငံတိုင်းကြိုးစားကြရမယ်။ လူသား သယံဇာတ အောင်အောင်မြင်မြင် ပျိုးထောင်ပေးနိုင်တဲ့ နိုင်ငံဟာ ကြီးပွားတာပဲ။

ကိုမျိုးချစ် ။ ဒီလိုကျတော့လည်း နိုင်ငံတည်ဆောက်ရေး နည်းဗျူဟာက ဘောလုံး ကလပ်သင်းတွေရဲ့ နည်းဗျူဟာနဲ့ တူနေပါလား။ လူသားသယံဇာတ ပျိုးထောင်တာကရော ဘယ်လို ပျိုးထောင် မလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ လူသား သယံဇာတ ပျိုးထောင်ရေးမှာ လုပ်ဆောင်စရာ တွေက အများကြီး။ ကျမ်းတစ်စောင် ပေတစ်ဖွဲ့မကဘူးလေ။

ကိုမျိုးချစ် ။ လွယ်လွယ်နဲ့ မှတ်လို့ရအောင်ပေါ့ ဆရာရယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ တစ်ခွန်းတည်းနဲ့ ပြောရမယ်ဆိုရင် 'ပညာရေး အဆင့်မြင့် တင်ခြင်း'။ အဆင့်မြင့်တင်တယ်ဆိုရာမှာလည်း နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ ညီအောင် မြှင့်တင်တာကို ပြောတာ။ နိုင်ငံ

တကာ အဆင့်အတန်းမီ ပညာရေးဖြစ်ရမယ်။ ဒါမှ အဲဒီ စနစ်က ထွက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်း လုပ်ဆောင်နိုင်သူတွေ ဖြစ်လာမယ်။ ဘယ်နိုင်ငံမှာမဆို အလုပ်ဝင်လုပ်နိုင်စွမ်းရှိတဲ့ သူတွေ ဖြစ်လာမယ်။

ကိုမျိုးချစ် ။ နိုင်ငံတကာ အဆင့်အတန်းမီအောင် ဘယ်လိုလုပ်ရမလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီနေရာမှာလည်း လုပ်ရမှာ အများကြီးပဲ။ ပထမဆုံးလုပ်ဖို့ လိုတာက တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ သင်ကြားပို့ချနေတဲ့ ဆရာ၊ ဆရာမတွေကို နိုင်ငံခြားကို ပညာတော်သင်လွှတ်ရမယ်။ နိုင်ငံတော်က စီစဉ် ငွေကြေးအကုန်အကျခံတဲ့ ပညာတော်သင် အစီအစဉ်မျိုးတွေ များများထားရမယ်။ ဆရာ၊ ဆရာမတွေ များများ နိုင်ငံခြားလွှတ်ရမယ်။ နိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲဖြစ်တာကြောင့် ငွေကြေးအကုန်အကျ သိပ်မခံနိုင်ဘူးဆိုရင်လည်း အခြားနိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက စီစဉ်တဲ့ အစီအစဉ်တွေ အများကြီး ရှိပါတယ်။ တချို့ အစီအစဉ်တွေက ပြည်သူ့ဝန်ထမ်းတွေအတွက် ရည်ရွယ်တဲ့ အစီအစဉ် ဖြစ်တာကြောင့် တက္ကသိုလ် ကျောင်းဆရာတွေ အတွက် ပိုအခွင့်အလမ်းသာစေတယ်။ ပညာသင်ဆုပေးမယ့် နိုင်ငံတကာ အဖွဲ့အစည်းမျိုးတွေ၊ တက္ကသိုလ်တွေနဲ့ နိုင်ငံကိုယ်တိုင်က ညှိလိုက်ရင် ကိုယ့်နိုင်ငံသား ဆရာ ဆရာမတွေ ပညာသင်ဆုရမယ့် အခွင့်အလမ်းတွေ ပိုပြီးပွင့်သွားလိမ့်မယ်။ ဆရာ၊ ဆရာမတွေ ကိုယ်တိုင် ပညာရေးအဆင့်အတန်းမြင့်တဲ့ နိုင်ငံရပ်ခြားကို သွားပြီး ပညာသင်တော့မှ သူတို့ကိုယ်တိုင်လည်း နိုင်ငံတကာ အဆင့်မီ ဆရာ၊ ဆရာမတွေ ဖြစ်လာမယ်။ ဒါမှ သူတို့ သင်ကြားပို့ချတဲ့ တပည့်တွေလည်း နိုင်ငံတကာ အဆင့်မီပညာရေးကို ရယူခွင့်ရမယ်။ ဒါ အင်မတန်ကို ရှင်းပါတယ်။ 'ဆရာ တော်မှ ကျောင်းသားတော်မယ်' လေ။ နိုင်ငံတကာ အဆင့်အတန်းမီ ပညာရေး ဖြစ်ချင်ရင် ဆရာ၊ ဆရာမ တွေကို နိုင်ငံတကာ အဆင့်အတန်းမီအောင် အရင်လုပ်ဖို့လိုတယ်။ သူတို့က အဓိကပဲ။ နိုင်ငံတကာ ပညာသင်ဆုတွေကလည်း ဆရာ၊ ဆရာမတွေကိုဆို အမြဲ ဦးစားပေးပါ

တယ်။ ပညာသင်ဆုဆိုတာက ဒီလူ့ကို ပေးလိုက်ရင် သူ့နိုင်ငံ၊ သူ့ပတ်ဝန်းကျင် အပေါ် ဘယ်လောက် အကျိုးပြုမလဲ အကဲဖြတ်ပြီး အကျိုးအပြုနိုင်ဆုံးလို့ ယူဆရတဲ့သူကို ပေးတာကိုး။ ဆရာ၊ ဆရာမ တစ်ယောက် ပညာပြည့်ဝသွားရင် သူကနေ ပညာ ပြန် ဖြန့်ဖြူးနိုင်စွမ်းက အများကြီးပဲ။ သူကနေ သူ့ကျောင်းသားကို ပညာရောက်။ သူ့ကျောင်းသားက တစ်ခါ နောက်တစ်ယောက်ကို ပညာပြန်ဖြန့်ဖြူး။ တစ်ချိန်တည်းမှာ ဆရာကလည်း တခြားသူတွေကို ပညာ ဆက်သင်ပေးနေ။ ဒီလိုမျိုး ဆင့်ကဲဆင့်ကဲ ပညာဖြန့်ဖြူးသွားတဲ့ အကျိုးကျေးဇူးက ကြီးလှတယ်။

ကိုမျိုးချစ် ။ လူသားသယံဇာတတွေ မွေးထုတ်နိုင်ဖို့ နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်ရမယ်။ နိုင်ငံတကာအဆင့်မီ ပညာရေး ဖြစ်ဖို့ နိုင်ငံတကာ အဆင့်မီ ဆရာ ဆရာမတွေ အရင်မွေးထုတ်ရမယ်ဆိုတဲ့ သဘောလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ နိုင်ငံတကာ တက္ကသိုလ်တွေမှာက Publish or Perish 'စာအုပ်စာတမ်း ထုတ်ချင်ထုတ်၊ မထုတ်ရင် မြုပ်မယ်' ဆိုတဲ့ သဘောတရားရှိတယ်။ တက္ကသိုလ် ဆရာ ဆရာမတွေဟာ မိမိဆိုင်ရာ ဘာသာရပ်မှာ အမြဲ အသစ် အသစ် သုတေသနပြု ရေးသားထုတ်ဝေနေရတယ်။ အဲဒီလို မထုတ်ဝေနိုင်ရင် သူဟာ တက်လမ်းပိတ်ပြီး ကျဆုံးသွားရမှာပဲ။ ဒါကြောင့် တက္ကသိုလ်ဆရာ ဆရာမတွေဟာ အမြဲ ရေးသားထုတ်ဝေနေကြရတယ်။ တက္ကသိုလ်တွေရဲ့ အဆင့်အတန်းကို ကြည့်ရာမှာလည်း ဒီတိုင်းပဲ။ နိုင်ငံတကာအဆင့်မီ စာတမ်းဘယ်နှစ်စောင်လောက် တက္ကသိုလ်က နှစ်စဉ် ထုတ်ဝေသလဲ စသည်ဖြင့်ပေါ့။ ပညာရေး နိုင်ငံတကာ အဆင့် မီ မမီကို ဒီနည်းမျိုးတွေနဲ့ တိုင်းလေ့ရှိတယ်။

ကိုမျိုးချစ် ။ ဒီတိုင်းဆို ပညာပြန်ဖြန့်မယ့် သူတွေ နိုင်ငံတကာကို များများလွှတ်ဖို့ လိုတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျောင်းသွားတက်ကြရင် ပညာထူးချွန်လို့ပဲဖြစ်ဖြစ်၊ ဆက်ဆံရေးကောင်းလို့ပဲဖြစ်ဖြစ် မဟာတန်း သွားတက်တဲ့သူကို

ပါရဂူဘွဲ့အတွက် ဆက်ပြီး ပညာသင်ဆု ပေးတတ်တယ်။ ဒီအခါမှာ သူ့ အတွက် ပေးထားတဲ့ ခွင့်သက်တမ်းစေ့လို့ ဆိုပြီး ပါရဂူဘွဲ့ ဆက်မတက်ရဘဲ ပြန်လာရတာမျိုးရှိတတ်တယ်။ ရုတ်တရက် ကြည့်ရင် ကာယကံရှင် နစ်နာပြီပေါ့။ ဒါပေမယ့် သေသေချာချာကြည့်လိုက်ရင် နိုင်ငံအတွက် အကြီးအကျယ် နစ်နာသွားတယ်။ ကိုယ့်နိုင်ငံ ပိုက်ဆံမကုန်ဘဲ ပါရဂူဘွဲ့ရ လူသား သယံဇာတတစ်ဦး ရမယ့်အခွင့်အရေး လွတ်သွားတဲ့ အဖြစ်ပဲ။

ကိုမျိုးချစ် ။ ဒါပေမယ့် ဖွံ့ဖြိုးဆဲ နိုင်ငံတွေကနေ ပညာတော်သင်လွှတ်ထားတဲ့သူတွေ အချိန်တန်တော့ အိမ်ပြန်မလာဘဲ ပညာသင်နေတဲ့ နိုင်ငံတွေမှာပဲ နေလိုက်ကြတာမျိုးတွေလည်း ရှိနေတယ်လေ။ ဒါမျိုးကျ နိုင်ငံအတွက် နစ်နာတာပဲ မဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ နစ်နာတာပေါ့ဗျာ။ ဦးနှောက် ယိုစီးခြင်းလို့တောင် နာမည်ပေးထားသေးတယ်။ ကိုယ့်နိုင်ငံအတွက် တန်ဖိုးကြီးလှတဲ့ လူသားသယံဇာတ သူများနိုင်ငံကို ဆုံးရှုံးသွားတာပဲ။ သမင်မွေးရင်း ကျားစားရင်းဆိုတဲ့ စကားလို ဖြစ်နေတာပေါ့။ ဒါပေမယ့် ဒီလို ပြန်မလာသူတွေကြောင့် နိုင်ငံခြား ပညာတော်သင် ဆုတွေကို အဟန့်အတားမဖြစ်စေသင့်ဘူး။ ဒီနေရာမှာ တရုတ်နိုင်ငံရဲ့ အယူအဆက သိပ်ကောင်းတယ်။ တရုတ်နိုင်ငံက ပညာတော်သင်တွေ ၁၉၈၀ ပြည့်နှစ်၊ ၉၀ ပြည့်နှစ်တွေမှာ အများကြီး နိုင်ငံတကာကို လွှတ်တယ်။ ဗြိတိန်၊ အမေရိကန် စသည်ဖြင့်ပေါ့။ ပြီးသွားတဲ့အခါမှာ တရုတ်ကို ပြန်မလာကြသူတွေ ရှိတယ်။ ဒီအခါမှာ ခင်ဗျားလိုပဲ ပြန်မလာသူတွေကြောင့် နိုင်ငံနစ်နာတယ်လို့ နိုင်ငံခြားပညာတော်သင်တွေ လွှတ်ရေး မူဝါဒကို ဝေဖန်ထောက်ပြသူတွေ ရှိလာတယ်။ အဲဒီမှာတင် လွှတ်လိုက်တဲ့ ပညာတော်သင်တွေအနက် ၁၀ ယောက်မှာ တစ်ယောက်နှုန်း ပြန်လာရင် တော်ပြီလို့ တရုတ်ခေါင်းဆောင် တစ်ယောက်က ပြောလိုက်တယ်။ ဒီလောက် ပြန်လာရင်ကို အမြတ်ပဲလို့ ပြောလိုက်တာပါ။ တကယ်တော့ အဲဒီထက် မကပါဘူး။ ပြန်လာကြတယ်။ အဲဒီ လူသား

သယံဇာတတွေ အားကိုးနဲ့ တရုတ်လည်း အခုလို ကြီးပွားလာတာပါ။ နောင်မကြာခင် လက်ရှိမဟာအင်အားကြီး အမေရိကန်ပြည်ထောင်စုနဲ့ ပခုံးချင်းယှဉ်တော့မယ်လို့တောင် ပညာရှင်တွေက နိမိတ်ဖတ် နေကြတယ်။ လူတွေ ပြန်လာအောင်လုပ်တဲ့နည်းတွေ ရှိပါတယ်။

ကိုမျိုးချစ် ။ နိုင်ငံကစေလွှတ်ထားတဲ့ နိုင်ငံခြားပညာတော်သင်တွေပြန်လာ အောင်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း၊ တော်လျှင် တော်သလို နေရာရခြင်း အကျိုးခံစားရခြင်းဆိုတဲ့ meritocracy က အကောင်းဆုံးနည်း တစ်ရပ်ပဲ။ တော်သူတွေအတွက် နေပျော်သောပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးထားရမယ်။ စင်ကာပူကဥပမာကောင်း တစ်ခုပါ။ meritocracy ကို အမြဲ ဦးထိပ်ထားတယ်လို့ စင်ကာပူက ကြွေးကြော်ထားတယ်။ ထူးချွန်ရင်ထူးချွန်သလို အကျိုးခံစားရမယ်လို့ အမြဲပြောနေတဲ့ နိုင်ငံ။ စင်ကာပူနိုင်ငံရဲ့ နိုင်ငံတော် ပညာတော်သင်ဆု အစီအစဉ် State Scholar Program ကိုကြည့်။ စင်ကာပူ လူငယ်တွေအလုအယက်ပဲ။ အထူးချွန်ဆုံး လူငယ်တွေကို နိုင်ငံခြားကကောင်းပေ့ဆိုတဲ့ တက္ကသိုလ်တွေကို စေလွှတ်ပညာသင်ပေးတဲ့အစီအစဉ်။ ပြန်လာရင် စင်ကာပူ တပ်မတော်အပါအဝင်အစိုးရဌာနတွေ၊ စင်ကာပူအစိုးရ ရှယ်ယာပါတဲ့ ကုမ္ပဏီကြီးတွေမှာ တာဝန်ပေးတယ်။ အလုပ်လုပ်လို့ အချိန်နည်းနည်းကြာလာရင် နိုင်ငံခြားကို ပြန်လွှတ်ပြန်တယ်။ အဲဒီ အစီအစဉ်ထဲ ပါသွားတဲ့သူတွေဆိုရင် နိုင်ငံ့ခေါင်းဆောင်တွေ၊ ကုမ္ပဏီကြီးတွေမှာအရေးပါတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာကြတာကိုး။ လက်ရှိ ဝန်ကြီးချုပ် လီရှင်လွန်း၊ လက်ရှိ နိုင်ငံခြားရေးဝန်ကြီး ဂျော့ချ်ယိုးတို့ဆိုရင် State Scholar Program ကနေ တက်လာတာ။ နိုင်ငံရပ်ခြားက ပညာအောင်မြင်စွာ သင်ပြီး ပြန်လာသူတွေကို နှုတ်အားဖြင့် လက်အားဖြင့် ချီးမြှောက်ရင် မိခင်နိုင်ငံကို ပြန်လာမယ့်သူတွေ ပိုရာခိုင်နှုန်းများလာမယ်။ ရှေ့ကလူတွေ တိုးတက်သွားတဲ့ နမူနာကို ကြည့်ပြီးနောက်သွားတဲ့သူ

တွေက ဆုံးဖြတ်မှာကိုး။ ကိုယ့်နိုင်ငံတောင် ပြန်မလာချင်ဘူးလား၊ မျိုးချစ်စိတ် နည်းလှချည်လားဆိုပြီး ပြောလို့ရပေမယ့် လူဆိုတာ လူပဲလေ ဆိုတာလည်း ထည့်မတွက်လို့ မရဘူး။ လူဆိုတာက တခြား စဉ်းစားတွက်ချက်တာတွေလည်း ရှိသေးတာကိုး။ ဖွံ့ဖြိုးဆဲနိုင်ငံဆိုတာ ကိုယ့်ဆီက ထူးချွန်ပုဂ္ဂိုလ်တွေ ချမ်းသာနိုင်ငံတွေဆီ ရောက်မသွားအောင် အမြဲ လုံးပန်းနေရတယ်။

ကိုမျိုးချစ် ။ ကျွန်တော်တို့ ဘောလုံးမှာ ကိုယ့်ကလပ်အသင်းက ထူးချွန်သူ တခြားအသင်းပြောင်းမသွားအောင် ထိန်းထားသလိုမျိုးနဲ့ တူနေတာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ကိုယ်က ပျိုးထောင်ထားလို့ ထူးချွန်လာပြီ၊ ထင်ပေါ်လာပြီဆိုရင် တခြားအသင်းတွေက လစာ၊ ဆုကြေးများစွာနဲ့ မက်လုံးပေး ခေါ်ယူတာမျိုးကို ကာကွယ်ရသလိုမျိုးနဲ့ ဆင်ဆင်တူနေတယ်။ ဒါပေမယ့် ထူးချွန်တဲ့ ကိုယ့်ဘောလုံးသမားကို တခြားအသင်းက ခေါ်မှာ စိုးတာကြောင့်တော့ ကိုယ့်ဘောလုံးသမားကို မပျိုးထောင်ပဲ မနေသင့်ဘူး။

ကိုမျိုးချစ် ။ လူသားသယံဇာတကို 'ဆွဲဆောင် စုဆောင်း' ဆိုတာကရော။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါတော့ နောက်တစ်ခေါက်တွေ့မှ ပြောကြစို့ဗျာ။

■



နိုင်ငံကြီးပွားရေးမှာ အလွန် လိုအပ်တဲ့
ထူးချွန်ပုဂ္ဂိုလ်တွေ၊ စွမ်းဆောင်ရည်မြင့် ပုဂ္ဂိုလ်တွေ
ထွက်သွားတဲ့  နိုင်ငံအချို့
ကြီးပွားတိုးတက်မှု နှောင့်နှေးရတာပဲ။
နောက်ပြန်တောင် ရောက်သွားနိုင်တယ်။

# ဆွဲဆောင်စုဆောင်း လူသားသယံဇာတ

ကိုမျိုးချစ် ။ လူသား သယံဇာတကို ဆွဲဆောင်မယ့် အဆင့်တော့ ရောက်လာပြီနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘာလဲဗျ။

ကိုမျိုးချစ် ။ ဩော်။ လူသားသယံဇာတ ပျိုးထောင်တာနဲ့ ထိန်းသိမ်းတာကို အရင်အပတ်က ပြောခဲ့ပြီး သွားပြီလေ။ ဆရာကလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်သားပဲ။ ခုနက အဆင့် နှစ်ဆင့်နဲ့ သီးခြားစီ လုပ်ရမှာ တော့ မဟုတ်ဘူး။ လူသား သယံဇာတ ဆွဲဆောင်တာက ပျိုးထောင်တာ၊ ထိန်းသိမ်းတာနဲ့ ပြိုင်တူလုပ်ရမယ့်အလုပ်ပါ။

ကိုမျိုးချစ် ။ ကိုယ့်နိုင်ငံတွင်းက လူသား သယံဇာတကို ပျိုးထောင် ထိန်းသိမ်းထားရင် ပြည်ပက လူသား သယံဇာတကို ဆွဲဆောင်နေဖို့ လိုသေးလို့လားဗျာ။ homegrown human resources ခြေပေါက်က အကောင်းဆုံးပဲ မဟုတ်လား။ နိုင်ငံအပေါ် သစ္စာရှိမယ်၊ ချစ်မယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ လိုတယ်ဗျာ။ အချက် နှစ်ချက်နဲ့ ပြောမယ်။ နံပါတ်တစ်၊ ပြည်ပက လူသား သယံဇာတကို ဆွဲဆောင်ဖို့လိုတယ်။ နံပါတ်နှစ်။ ပြည်ပရောက် ပြည်တွင်း လူသားသယံဇာတကို လည်း ဆွဲဆောင်ဖို့လိုတယ်။

ကိုမျိုးချစ် ။ ပြည်ပရောက် ပြည်တွင်း လူသားသယံဇာတ ဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ကိုယ့်နိုင်ငံကနေ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားကို ထွက်ခွာ အလုပ်လုပ်နေသူတွေ၊ နေထိုင်သူတွေ၊

ကျောင်းတက်နေသူတွေ အစုံပေါ့။ အဲဒီထဲမှာ အဆင့်မြင့် ပညာတွေ တတ်မြောက်ထားသူတွေ၊ နိုင်ငံတကာ ကုမ္ပဏီကြီးတွေမှာ တာဝန်တွေ ယူနေသူတွေ ဒီလူတွေဟာဆိုရင် skilled migrant တွေပေါ့။ စွမ်းဆောင်ရည်မြင့်မားသူတွေဖြစ်တာကြောင့် ဦးနှောက်တွေလို့ တင်စားခေါ်ဝေါ်ကြတယ်။ ဒီလိုလူတွေ နိုင်ငံခြားကို ထွက်သွားပြီဆိုရင် တိုင်းပြည်မှာ ဆုံးရှုံးမှု ကြီးမားတာကြောင့် ဦးနှောက်ယိုစီးမှု brain drain လို့တောင် နာမည်ပေးထားကြတယ်။ နိုင်ငံကြီးပွားရေးမှာ အလွန် လိုအပ်တဲ့ ထူးချွန်ပုဂ္ဂိုလ်တွေ၊ စွမ်းဆောင်ရည်မြင့်ပုဂ္ဂိုလ်တွေ ထွက်သွားတဲ့ နိုင်ငံအချို့ ကြီးပွားတိုးတက်မှု နှောင့်နှေးရတာပဲ။ နောက်ပြန်တောင် ရောက်သွားနိုင်တယ်။ အာဖရိကတိုက်နိုင်ငံတွေ အဲဒီပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတာပဲ။ ခုထက်ထိလည်း ရင်ဆိုင်နေရတုန်းပဲ။

ကိုမျိုးချစ် ။ ဟိုကို ရောက်သွားပြီ ဆိုတော့လည်း နိုင်ငံမှာ ဆုံးရှုံးသွားရပြီပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟိုးအရင်တုန်းကတော့ ခုလိုမျိုး ယိုစီးသွားတဲ့ ဦးနှောက်တွေဆိုရင် ပြန်မရတော့ဘူး။ အပြီးအပိုင် ဆုံးရှုံးသွားတဲ့ သဘောပေါ့။ ဒါပေမယ့် နောက်ပိုင်းတော့ အဲလိုမဟုတ်တော့ဘူး။ ဆုံးရှုံးသွားတဲ့ ဦးနှောက်တွေကို ပြန်ယူလို့ ရနေပြီ။

ကိုမျိုးချစ် ။ မနေချင်လို့ ရေကြည်ရာ မြက်နုရာ ရှာမှတော့ ဆရာရယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျားလိုပဲ ပညာရှင်တွေတောင် အဲဒီလို ထင်ခဲ့ကြတယ်။ ဒါပေမယ့် ပြည်ပရောက် လူသားသယံဇာတတွေ နိုင်ငံကို ပြန်လာကြရာက နိုင်ငံ ကြီးပွားတိုးတက်သွားတဲ့ သာဓကတွေ တော်တော်များများ တွေ့လာရာက အမြင်တွေ ပြောင်းလာခဲ့တယ်။ ထိုင်ဝမ် (တရုတ်တိုင်ပေ)၊ တရုတ်၊ အိန္ဒိယ ဒီနိုင်ငံတွေက အကောင်းဆုံး ဥပမာတွေပဲ။ ထိုင်ဝမ်က ထူးချွန်ပုဂ္ဂိုလ် ဦးနှောက်တွေ အမေရိကကို အစုလိုက်အပြုံလိုက် ထွက်သွားကြတယ်။ ဟာ ထိုင်ဝမ်တော့ ထိပြီပေါ့။ ၁၉၇၀-၈၀ လောက်ကျတော့ အဲဒီ ဦးနှောက် တစ်ချို့ ထိုင်ဝမ်ကို ပြန်လာတယ်။ သူတို့က အမေရိက နည်းပညာနယ်ပယ်မှာ အခြေကျနေပြီ။

တချို့ကလည်း ထိပ်တန်းပညာရှင်တွေ၊ တချို့ကလည်း နိုင်ငံတကာ ထိပ်တန်း ကုမ္ပဏီကြီးတွေမှာ ရာထူးကြီးကြီး ရထားတယ်။ တစ်ချို့ကလည်း နည်းပညာအခြေခံတဲ့ ကိုယ်ပိုင်စီးပွားရေး လုပ်နေကြပြီ။ အဲဒီလို ပုဂ္ဂိုလ်တွေက ထိုင်ဝမ်ကို ပြန်လာကြတယ်။ ကိုယ်ပိုင် ကုမ္ပဏီထောင်တယ်။ တချို့လည်း တဖြည်း ဖြည်းနဲ့ အစိုးရအဖွဲ့ထဲ ရောက်သွားတယ်။ အဲဒီမှာ သူတို့ရဲ့ နိုင်ငံခြားက ရလာတဲ့ အဆက်အသွယ်တွေ၊ အတွေ့အကြုံတွေ၊ ပညာတွေကြောင့် ထိုင်ဝမ်ဟာ ဖွံ့ဖြိုးမှု နောက်တစ်ဆင့်ကို ရောက်သွားခဲ့တယ်။ ဦးနှောက်တွေ ရလိုက်တယ် brain gain လေ။

ကိုမျိုးချစ် ။ အာရှကျားထဲက တစ်ကောင်ပဲလေ။ ထိုင်ဝမ်က။

ဖွံ့ဖြိုးရေးပါရဂူ ။ ခု ဘာသယံဇာတ မရှိဘဲ တိုးတက်လာတဲ့ ကျားလေ။ လူသားသယံဇာတက homegrown တင်မကဘူး။ ပြည်ပရောက် လူသားသယံဇာတတွေကို အားကိုးနဲ့ တက်လာတဲ့ ကျားပဲ။ တရုတ်ပြည်မကြီးလည်း ဒီလိုပဲလေ။ ပြည်မကနေ တစ်နှစ်တစ်နှစ် ထူးချွန်လူငယ် သိန်းဂဏန်းနီးနီး လွှတ်တယ်။ ကျောင်းပြီးလည်း ပြန်မလာကြတော့ ဦးနှောက် ယိုစီးပြီလို့ ပြည်တွင်းရော ပြည်ပ ပညာရှင်ရော၊ မူဝါဒချမှတ်သူတွေကပါ တွက်ကုန်ကြတယ်။ ပြည်မကနေ ပညာတော်သင် မလွှတ်တော့ဖို့ တိုက်တွန်းတာတွေ အထိ ဖြစ်လာတယ်။ တရုတ်ခေါင်းဆောင် ချူအင်လိုင်းက ဒီလို နိုင်ငံခြားမှာ တရုတ်နိုင်ငံသားတွေ နေနေပြီး ပြန်မလာတာကို ဘာပြောလဲဆိုတော့ brainpower stored overseas တဲ့။ ပြန်မလာတဲ့ ထူးချွန် ပုဂ္ဂိုလ်တွေကို ပြည်ပမှာ သိုလှောင်ထားတဲ့ ဦးနှောက် စွမ်းအင်တွေလို့ တင်စားလိုက်တာပဲ။ လိုရင် ယူသုံးလို့ရတယ်၊ မသုံးခင်မှာ ဟိုမှာထားထားတယ်ဆိုတဲ့ သဘောပေါ့။

ကိုမျိုးချစ် ။ တိုင်းပြည်မှာ လိုအပ်နေတဲ့ ထူးချွန်ပုဂ္ဂိုလ်တွေဆို။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေမယ့် တချို့ ထူးချွန်ပုဂ္ဂိုလ်တွေ သင်ကြားတတ်မြောက်ထားတဲ့ ပညာရပ်တွေက မိခင်နိုင်ငံမှာ အသုံးချမရတဲ့ ပညာရပ်တွေ ဖြစ်နေတတ်တယ်။ မိခင်နိုင်ငံ ပြန်သွားရင်လည်း သူ့ကို

အံကျအလုပ်မပေးနိုင်ဘူး။ ပေးနိုင်ရင်လည်း နေရာ အကန့်အသတ်နဲ့ ရှိနေတတ်တယ်။ အဲဒါဆိုရင် ဒီလူဟာ သူနဲ့ မလိုက်ဖက်တဲ့ လုပ်ငန်းခွင်ဝင်သွားရရင် ဦးနှောက် အလဟဿဖြစ်သွားရော။ brain waste လို့ ခေါ်တယ်။ ဥပမာ ဟိုကနေ mechatronics လို ဘာသာရပ်နဲ့ အင်ဂျင်နီယာဘွဲ့ ရလာမယ်။ ကိုယ့် နိုင်ငံလည်းရောက်ရော သူ့ပညာကို သုံးနိုင်မယ့် အလုပ်မရှိဘူး။ ဒီအခါကျ တခြားစီးပွားရေး ဝင်လုပ်လိုက်တယ်ဆိုရင် သူသည် brain waste ပဲ။ ဒီတော့ ကိုယ့်ဆီ ရောက်လည်း နေရာမပေးနိုင်လို့ brain waste ဖြစ်သွားမယ့်သူတွေဆိုရင် ဟိုမှာပဲ နေနေတာ အိုကေ။ ကိုယ် မသုံးနိုင်သေးခင် ခဏသူများနိုင်ငံမှာ သိုလှောင်ထားမယ်။ သိုလှောင်ထားတာလည်း ပစ္စည်းလို တိုက်ဆွေး၊ ဂိုဒေါင်ဆွေး မဖြစ်ဘူးလေ။ အရည်အသွေး၊ အတွေ့အကြုံ အဆက်အသွယ်က နေရင် နေသလောက်ရနေတယ်။ ကိုယ့်နိုင်ငံမှာ နေရင် မရနိုင်တဲ့ အရည်အသွေး၊ အတွေ့အကြုံ၊ အဆက်အသွယ်တွေ တစ်လှေကြီးပဲ။ ကိုယ့်နိုင်ငံက ဒီလိုပုဂ္ဂိုလ်မျိုးတွေအတွက် နေရာပေးနိုင်ပြီ ဆိုတော့မှ သူတို့ကို ပြန်ခေါ်လိုက်မယ်ဆိုတဲ့ သဘောတရားပေါ့။

ကိုမျိုးချစ် ။ ပြန်မလာတော့ ဘယ်လိုလုပ်မလဲ။ ဟိုမှာ ပျော်နေပြီ ဆိုရင်ရော။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်လေ။ ဒါကြောင့် လူသားသယံဇာတကို ဆွဲဆောင်ရမယ်လို့ ကျွန်တော် ပြောခဲ့တာပေါ့။ ပြန်လာအောင် ဘယ်လို လုပ်မလဲ၊ ဘယ်လို ဆွဲဆောင်မလဲ၊ ဒါတွေသည် လူသားသယံဇာတ ဖွံ့ဖြိုးရေးမှာ အဓိကကျတဲ့ မူဝါဒပဲ။

ကိုမျိုးချစ် ။ မလွယ်ဘူး ထင်တယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးဆိုတဲ့ စိတ်ကလေး ပျောက်မသွားအောင်လုပ်ထားဖို့က အရေးကြီးတယ်။ တရုတ်တို့ အိန္ဒိယတို့က နိုင်ငံခေါင်းဆောင်တွေ အမေရိကရောက်ရင် ဘာလုပ်သလဲ။ အဲဒီမှာရှိနေတဲ့ အဝေးရောက် ထူးချွန်တရုတ်တွေ၊ ထူးချွန်အိန္ဒိယတွေနဲ့ ဦးစားပေးတွေ့တယ်။ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့၊ နိုင်ငံ ကောင်းစားရေး ဝိုင်းလုပ်ဖို့ အမြဲဆော်ဩလေ့ရှိတယ်။

ကိုမျိုးချစ် ။ ဆော်ဩတာတော့ ဘာဆန်းလို့လဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ နှုတ်က အရင် စတယ်။ ဒီပုဂ္ဂိုလ်တွေသည် နိုင်ငံကြီးပွားရေးမှာ အရေး ဘယ်လောက်ပါကြောင်း နှုတ်ကကို ထုတ်ပြောတာပေါ့ဗျာ။ ပြန်လာချင်တဲ့သူတွေ ပြန်လာအားရှိအောင်လည်း အခြေအနေတွေ ဖန်တီးပေးရတယ်။ သိပ်တော်ရင် တော်သလို အထူးအနေအထားတွေ ဖန်တီးပေးတာလည်းရှိတယ်။ ဥပမာ ကိုယ့်နိုင်ငံမှာ ဘယ်ဘာသာရပ်နဲ့ဆိုင်တဲ့ သုတေသနအဖွဲ့ကြီး ထောင်မယ်၊ ခင်ဗျားက ဒီဘာသာရပ်မှာ ထိပ်တန်းရောက်နေတဲ့ ပုဂ္ဂိုလ်။ ခင်ဗျားသာပြန်လာရင် အဲဒီ အဖွဲ့ရဲ့ဥက္ကဋ္ဌ နေရာပေးမယ် စသည်ဖြင့်ပေါ့ဗျာ။ စီးပွားရေး လာလုပ်မယ် ဆိုရင် ပြန်လာသူ returnee ဆိုရင် အခွန်လွတ်ငြိမ်းခွင့်ဘယ်လောက် ပေးမယ်ပေါ့။

ကိုမျိုးချစ် ။ နိုင်ငံကို စွန့်သွားသူတွေကို အခွင့်အရေးပေးလွန်းရာ မကျဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံခြားသားတွေ အတွက်တောင် ကိုယ့်ဆီ လာချင်အောင် အခွင့်အရေးတွေ ပေးရသေးတာပဲ။ ကိုယ့် နိုင်ငံကို ပြန်လာမယ့်သူတွေအတွက် အခွင့်အရေးပေးရတာ မဆန်းပါဘူး။ သူတို့ဘက်က တွက်ရင်လည်း ဟိုမှာ ကောင်းနေတဲ့ အခြေကိုဖျက်ပြီး ပြန်လာရမှာလေ။ ဒီမှာ အောင်မြင်မယ် မအောင်မြင်မယ် မသေချာသေးဘူး။

ကိုမျိုးချစ် ။ အင်း၊ သူတို့ဘက်ကလည်း စွန့်စားရတာပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ဒါပေမယ့် ထိုင်ဝမ်တို့ တရုတ်တို့ ဥပမာကြည့်ရင် ပြန်လာရင် ခံစားရမယ့် အခွင့်အလမ်းတွေကလည်း ကြီးမားတယ်။ ကိုယ့်နိုင်ငံ ကိုယ့်ဒေသဖြစ်တာကြောင့် သူများနိုင်ငံဖြစ်တာနဲ့တော့ မတူဘူးပေါ့။ နိုင်ငံခြားသားနဲ့ ယှဉ်ရင် ဘယ်လို လုပ်ရမယ်၊ ဘယ်လို ရွှေ့ရမယ် သိတယ်။ ဘာသာစကား ယဉ်ကျေးမှု စရိုက် ဒါတွေ ကိုယ်က အားလုံး သိပြီးသား။ရွှေ့ပြောင်းနေထိုင်သူ migrant ဆိုတာက သူတို့ သူများနိုင်ငံကို ရောက်ရောက်ချင်းမှာတင် ထိပ်တန်းရောက်ဖို့က မလွယ်ဘူး။ first generation ဖြစ်တဲ့ 'စပြီး ကနဦး ရွှေ့ပြောင်းနေထိုင်သူ'

တွေသည် ဟိုနိုင်ငံအလွှာမှာ ထိပ်ရောက်ဖို့ အခွင့်အလမ်း နည်းတယ်။ သူတို့ရဲ့ သားသမီး မြေးမြစ် စတဲ့ second generation၊ third generation လက်ထက် ရောက်လာမှ ဟိုက အသိုင်းအဝိုင်းမှာ တက်ဖို့ အခြေအနေ ပိုပေးလာတယ်။ ကိုယ့်မွေးရပ်မြေကတော့ အဲလိုမျိုး မဟုတ်ဘူးပေါ့။

ကိုမျိုးချစ် ။ ဒါဆိုရင် ပြန်လာသူ အတွက်ရော၊ နိုင်ငံအတွက်ရောကောင်း၊ Win- Win ဖြစ်နိုင်တာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ Win- Win ဖြစ်အောင် ဖန်တီးရမယ်။ အခု ခင်ဗျားက ကျွန်တော့်ကို လက်ဖက်ရည်တိုက်မယ်ဆိုရင် Win- Win ပဲလေ။

ကိုမျိုးချစ် ။ ဒီနေ့တော့ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ကျွန်တော့် မိတ်ဆွေ တစ်ယောက် အမေရိက ကနေ ခဏရောက်နေလို့ ချိန်းထားတာ သွားလိုက်ပါဦးမယ်။

■



လူသား သယံဇာတ ဆိုတာ ရလေကောင်းလေပဲ။
ပြီးတော့ ထိပ်တန်း ထူးချွန်သူ ဆိုတာ
ဘယ် နိုင်ငံမှာမဆို  နည်းနည်းပဲ ရှိတာ။
ကိုယ့် နိုင်ငံက  ဘယ်လောက်  ထုတ်နိုင်ထုတ်နိုင်
အကန့်အသတ်နဲ့တော့ ရှိနေဦးမှာပဲ။

# ပြည်ပ လူသားသယံဇာတ

ကိုမျိုးချစ် ။ ကျွန်တော်တို့ အရင်အပတ်က ပြည်တွင်း လူသား သယံဇာတကို ထိန်းသိမ်းတဲ့ အကြောင်း ပြောခဲ့တယ်နော်။ လူသား သယံဇာတ တိုးတက်မှ နိုင်ငံ ကြီးပွားမယ်ဆိုတာ ကျွန်တော် လက်ခံပါတယ်။ ပြည်ပ လူသား သယံဇာတကို ဆွဲဆောင်သင့်တယ် ဆိုတာလည်း ကျွန်တော် လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော် နားမလည်တာက ပြည်ပ လူသားသယံဇာတကို ဆွဲဆောင်တဲ့ နိုင်ငံတွေက သူတို့နိုင်ငံမှာ လူသား သယံဇာတ မပျိုးထောင်နိုင်လို့လား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘယ်ဟုတ်ပါ့မလဲ။ ပြည်ပ လူသား သယံဇာတကို ဆွဲဆောင်တဲ့ နေရာမှာ ကျားကုတ်ကျားခဲ အဖြစ်ဆုံး နိုင်ငံတွေထဲမှာ အမေရိကန်ပြည်ထောင်စုက ထိပ်ဆုံးကပဲ။ သူ့လောက် ပြည်တွင်း လူသားသယံဇာတ ပေါများတဲ့နိုင်ငံလည်း သိပ်မရှိဘူး။ ဒါပေမယ့် ခုချိန်ထိ ပြည်ပ လူသား သယံဇာတကို စိတ်ရောကိုယ်ပါ ဆွဲဆောင်နေတုန်းပဲ။ လူသား သယံဇာတဆိုတာ ရလေကောင်းလေပဲ။ ပြီးတော့ ထိပ်တန်း ထူးချွန်သူဆိုတာ ဘယ်နိုင်ငံမှာမဆို နည်းနည်းပဲရှိတာ။ ကိုယ့် နိုင်ငံက ဘယ်လောက် ထုတ်နိုင်ထုတ်နိုင် အကန့်အသတ်နဲ့တော့ ရှိနေဦးမှာပဲ။ ဒီတော့ ပါးနပ်တဲ့နိုင်ငံတွေဟာ သူများ နိုင်ငံက ထူးချွန်သူကို အမြဲ ဆွဲဆောင်နေတယ်။

ကိုမျိုးချစ် ။ ရလေလိုလေ အိုတဏှာ ဖြစ်နေတာပါလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ လူသား သယံဇာတရှိမှ နိုင်ငံ ကြီးပွားမယ်မှန်း သိလာတဲ့ နိုင်ငံတွေဟာ အရသာ သိသူတွေပီပီ လူသား သယံဇာတ စုဆောင်းရာမှာလည်း လက်ရဲဇက်ရဲ အနိုင်ဆုံးပဲ။ ဒုတိယ ကမ္ဘာစစ်အပြီး ဗြိတိန်နဲ့ ပြင်သစ် ကျဆင်းသွားချိန်မှာ ဆိုဗီယက်ပြည်ထောင်စုနဲ့ အမေရိကန်ပြည်ထောင်စုဆိုပြီး မဟာအင်အားကြီး နိုင်ငံ နှစ်နိုင်ငံ ကမ္ဘာမှာ ပေါ်လာတယ်။ ဂျာမနီနိုင်ငံကို ဝင်ရောက် သိမ်းပိုက်စဉ်မှာ စစ်ရှုံး ဂျာမနီက ထိပ်တန်း သိပ္ပံပညာရှင်တွေကို အလုအယက် စုဆောင်းခေါ် ယူသွားတာ အဲဒီ နှစ်နိုင်ငံပဲ။ ဆိုဗီယက်က သူ့ရဲ့ ဒုံးပျံစီမံကိန်း မှာ ဂျာမန် ဒုံးပျံပညာရှင်တွေကို သုံးစွဲပြီးအောင်မြင်မှုတွေ ရယူ နိုင်ခဲ့တယ်။ စစ်မဖြစ်မီ ဟစ်တလာတက်လာပြီး ဂျူးတွေ အမြစ်ဖြုတ်ရေး စီမံကိန်းတွေ လူသိရှင်ကြား ကြေညာတော့ ဂျာမန်ဂျူး ပညာရှင်တွေ အမေရိကကို ထွက်ပြေးလာကြ တယ်။ အဲဒီထဲမှာ အိုင်စတိုင်းလို တစ်ခေတ် တစ်ယောက် လောက် ပေါ်နိုင်တဲ့ ထိပ်တန်းပုဂ္ဂိုလ်တွေလည်း ပါလာတော့ အမေရိကန် အကြီးအကျယ် အမြတ်ထွက်ခဲ့တယ်လေ။ အမေရိကန်က လူသားသယံဇာတ အားကိုးနဲ့ ခုထက်ထိ တခြား နိုင်ငံတွေ အထက်မှာ ရပ်နေနိုင်တယ်။ လူသား သယံ ဇာတ အကြောင်းသိသူပီပီ အသိဉာဏ်ပါဝါ အားသာမှုကို ဆက်ထိန်းထားနိုင်အောင် မူဝါဒတွေ ချမှတ်ထားတယ်။

ကိုမျိုးချစ် ။ ဘယ်လိုမူဝါဒတွေလဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတကာ ကျောင်းသားတွေ လာတက်ချင်အောင် ကျောင်း တွေကို အမြဲအဆင့်မြှင့်ပေးထားတယ်။ အမေရိက တက္ကသိုလ် တွေဟာ ကမ္ဘာအနှံ့က ပညာရှာလိုသူတွေ အတက်ချင်ဆုံး ကျောင်းတွေပဲ။ ကမ္ဘာအရပ်ရပ်က ထိပ်တန်း ကျောင်းသူ ကျောင်းသားတွေလာကြတယ်။ ကျောင်းပြီးရင် အတော်များ များက မပြန်ကြဘဲ အမေရိကန်မှာပဲ နေပြီး သုတေသနတွေ ဆက်လုပ်တယ်၊ အလုပ်ခွင်ထဲ ဝင်ကြတယ်။မွေးစားဦးနှောက် တွေ ရလိုက်တယ်။ ငယ်ငယ်ကစပြီး ပြုစုပျိုးထောင်စရာ မလိုဘဲ ကြီးမှ ခူးပြီးခပ်ပြီး အဆင်သင့် ရလိုက်တာပေါ့။

ထူးချွန်သူတွေ မနေပျော်တဲ့ ပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးပေးထားတာလဲ တစ်ချက်ပဲ။ ပညာရှင်ဆိုတာက သူ့ကို ဂရုစိုက်တဲ့ ပတ်ဝန်းကျင်မှာ နေချင်ကြတာ ဓမ္မတာပဲ။ သူ စိတ်ပါဝင်စားတဲ့ အကြောင်းအရာကို ဆွေးနွေးလို့ရတဲ့ အလားတူပညာရှင်တွေနားမှာ နေချင်တယ်။ သူ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေကို သုတေသန လုပ်နေချင်တယ်။ သူသိလာတာတွေကို ဝေမျှချင်တယ်။ ရေးသားချင်တယ်။ ဒီလိုမျိုးဖြစ်အောင် အမေရိကန်မှာဖန်တီး ပေးထားတယ်။ အမေရိကန် ပြည်ဝင်ခွင့်ဗီဇာမှာလည်း Highly Qualified Personnel HQP အရည်အချင်းမြင့် လူသားတွေဆိုရင် ပြည်ဝင်ခွင့်ကို ဦးစားပေးထားတယ်။ သာမန်လူတွေအတွက်သာ အမေရိကန် ဗီဇာရဖို့ ခက်တာ။ သက်ဆိုင်ရာ နယ်ပယ်မှာ ထူးချွန်သူတွေအတွက်ကတော့ အမေရိကန်ဗီဇာရဖို့ အလွယ်လေးပဲ။ သုတေသနနဲ့ ဖွံ့ဖြိုးရေး R&D ကို အထူး ဦးစားပေးထားတယ်။ အမေရိကန် တက္ကသိုလ်တွေမှာ R&D အတွက် ရန်ပုံငွေကို အစိုးရကရော ပုဂ္ဂလိက ကဏ္ဍကပါ အများကြီးထည့်ဝင်ပေးထားတယ်။ အဲဒါကြောင့် ထိပ်တန်း နည်းပညာသစ်တွေ အမေရိကန်ကနေ အမြဲပေါ် ထွက်လာနေတယ်။ ပြည်ပလူသား သယံဇာတ ဆွဲဆောင်ရာမှာ အမေရိကန် ဘယ်လောက်အောင်မြင်သလဲဆိုတာသိချင်ရင် နိုဘယ်ဆုပေးပွဲကို ကြည့်နိုင်တယ်။ ပညာရပ်ဆိုင်ရာ နိုဘယ်ဆုတွေ ပေးပြီဆိုတာနဲ့ အမေရိကန်မှာ အခြေစိုက်တဲ့ ပညာရှင်တွေပဲ သိမ်းကြုံးရလေ့ရှိတယ်။ ဒီနှစ် နိုဘယ်ဆုပေးပွဲမှာလည်း အမေရိကန် အခြေစိုက်ပညာရှင်တွေက ဆု ၇ ခု လောက် ရသွားတယ်။

ကိုမျိုးချစ် ။ အမေရိကန်က ခြေသွက်လက်သွက်ပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံက ပုဂ္ဂိုလ်တွေ မပြောနဲ့ ဖွံ့ဖြိုးပြီး နိုင်ငံတွေတောင် သူတို့ဆီက ထူးချွန်ပုဂ္ဂိုလ်တွေ အမေရိကန်ကို ရောက်ရောက်ကုန်လို့ 'ဦးနှောက် တစ်ဘက်သတ် စီးဆင်းနေပါတယ်' ဆိုပြီး အော်နေရတဲ့ အထိပဲ။

ကိုမျိုးချစ် ။ အမေရိကလို ဦးနှောက်ရှာပုံတော် သိပ်ဖွင့်တဲ့ နိုင်ငံတွေ ဘယ်နိုင်ငံတွေ ရှိသေးလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ထိပ်တန်း ရောက်နေတဲ့ နိုင်ငံတိုင်းက ဦးနှောက်ရှာပုံတော် ဖွင့်တာ တော်ကြတဲ့ နိုင်ငံချည်းပဲ။ အမေရိကက သိပ်ကြီးနေတော့ ခပ်သေးသေး နိုင်ငံတစ်ခု ဥပမာ ပြောရရင် စင်ကာပူကို လက်ညှိုးထိုးပြရမယ်။ သူများနိုင်ငံက လူတော်တွေနဲ့ နိုင်ငံတည်ဆောက်တဲ့ နေရာမှာ စင်ကာပူက လက်ရဲ ဇက်ရဲ သိပ်ဖြစ်တယ်။

ကိုမျိုးချစ် ။ ဒါလောက်တောင်ပဲလား။

ဖွံ့ဖြိုးရေးပါရဂူ ။ တရုတ်က ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး ဂေါင်းလီနဲ့ ရုပ်ရှင်မင်းသားဂျက်လီတို့တောင် စင်ကာပူနိုင်ငံသူ စင်ကာပူနိုင်ငံသားတွေ ဖြစ်နေကြပြီလေ။ စဉ်းစားသာ ကြည့်ပေတော့။

ကိုမျိုးချစ် ။ တရုတ်က စားပွဲတင်တင်းနစ် အကျော်အမော်တွေလည်း မွေးစား လိုက်တယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ စင်ကာပူ နိုင်ငံတည်ဆောက်ရေး မူဝါဒမှာ ပြည်ပ လူသားသယံဇာတတွေက အဓိကကျတဲ့ အခန်းကဏ္ဍမှာပါတယ်။ စင်ကာပူ လွတ်လပ်ရေးရစ လီကွမ်ယူတို့အဖွဲ့ နိုင်ငံ စတည်ဆောက်ကတည်းက ပြည်ပ လူသားသယံဇာတ ဆွဲဆောင်ရေးနဲ့ စခဲ့တာ။ စင်ကာပူက ပြည်တွင်း လူသားသယံဇာတ အားနည်းသေးတယ်။ ဒါပေမယ့် ဥရောပသား၊ အမေရိကသားတွေက သိပ်မလာချင်သေးဘူး၊ နိုင်ငံက မွဲသေးတာကိုး။ ဒီတော့ သူတို့က ဘာလုပ်သလဲ ဆိုတော့ နိုင်ငံခြား တက္ကသိုလ်တွေမှာ ပညာသင်နေတဲ့ အာရှသားတွေကို ချဉ်းကပ်တယ်။ စင်ကာပူမှာ အလုပ် လာလုပ်ရင် ဘယ်လောက်ရမယ်၊ ဘာတွေ ပေးမယ်ဆိုတဲ့ မက်လုံးတွေနဲ့ပေါ့။ ဒီနည်းနဲ့ စခဲ့တာ။ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုတွေ ဝင်လာရင် စင်ကာပူက လူခံတွေနဲ့တင် မလုံလောက်ဘူးလေ။ ဒါကြောင့် လီကွမ်ယူက ပြည်ပ ဦးနှောက်တွေ ဆွဲဆောင်ခဲ့ရတာ။ သူ အောင်မြင်တယ်။ တတိယကမ္ဘာကနေ ပထမကမ္ဘာကို စင်ကာပူက နှစ်သုံးဆယ်အတွင်း အံ့မခန်း တက်လှမ်းနိုင်ခဲ့

တာမှာ ပြည်ပလူသား သယံဇာတတွေကလည်း အဓိက အခန်း ကဏ္ဍက ပါခဲ့တယ်။

ကိုမျိုးချစ် ။ အခု စင်ကာပူက ပြည်တွင်း လူသား သယံဇာတ ရှိနေပြီ ဆိုတော့ အရင်လောက်တော့ ဘယ်ကြမ်းတော့မလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျွန်တော် ပြောပြီးသားပဲ။ အစားကောင်း စားဖူးတဲ့သူက ပို စားချင်တာပဲ။ ခုတောင် မလေးရှားက လူတွေ အော်နေပြန်ပြီ။ အမေရိကတို့၊ ဗြိတိန်တို့မှာ တက္ကသိုလ် တက်နေတဲ့ မလေးတွေ့ကို စင်ကာပူက အရာရှိတွေက လိုက်ချဉ်းကပ်ပြီး စင်ကာပူမှာရမယ့် အလုပ်အကိုင် မက်လုံးတွေ၊ သုတေသန အခွင့်အလမ်းတွေ ပေးနေလို့တဲ့။ ရှာနီးချုပ်စပ်က လူတော်တွေကို ဆွဲဆောင်တဲ့နေရာမှာတော့ စင်ကာပူက ဝိတ်ပဲ။

ကိုမျိုးချစ် ။ ကျွန်တော့် သူငယ်ချင်း အရင်းအချာ တော်တော်များများလည်း စင်ကာပူမှာ ရောက်နေလို့ လက်ဖက်ရည် သောက်ဖို့ လူတောင် နည်းနေတယ်။ သူငယ်ချင်းတွေ စင်ကာပူကနေ ပြန်လာ မင်္ဂလာဆောင်ရင်တောင် တက်မယ့် သူငယ်ချင်း နည်းနေတယ်။ စင်ကာပူမှာ ဆောင်ရင်တော့ လူများ တတ်တယ်။


ဖွံ့ဖြိုးရေးပါရဂူ ။ ဒါကလည်း အရင်အပတ်က ပြောခဲ့သလို brainpower stored overseas သဘောတရားနဲ့ ကြည့်လို့ရပါတယ်။ electronics လို mechatronics လို hi- tech နယ်ပယ်မျိုးက ကျွန်တော်တို့ ဆီမှာ သိပ်မဖွံ့ဖြိုးသေးဘူး။ သူတို့လိုချင်တဲ့ လစာမျိုးလည်း ဒီမှာ မပေးနိုင်ဘူး။ တခြား စီးပွားရေးထဲ ရောက်သွားရင် brain waste ဖြစ်သွားမှာပဲ။ ဒီတော့ လောလောဆယ် သူတို့ ဟိုမှာ အလုပ်လုပ်နေတယ်၊ အတွေ့အကြုံတွေ ရနေတယ်၊ အဆက် အသွယ်တွေ ရနေတယ်ဆို အိုကေပဲလေ။ နိုင်ငံတံခါး ထပ်ဖွင့် လိုက်ချိန်မှာ သူတို့ကို လိုအပ်လာရင်၊ နေရာရှိလာရင် ပြန်လာ ကြမှာပဲ။ အဲဒီကျရင် သူတို့ရဲ့ အတွေ့အကြုံတွေ၊ အသိပညာ တွေ၊ အဆက်အသွယ်တွေလည်း သူတို့နဲ့ အတူ ပါလာ ကြမှာပဲ။ နိုင်ငံအတွက် အကျိုးရှိပါတယ်။ စင်ကာပူမှာက job market ရှိတယ်။ လူသား သယံဇာတ ဆွဲဆောင်ရေးမှာ

job market ကလည်း အရေးကြီးတယ်။ အဲဒါမရှိရင် လူသား သယံဇာတ ဆွဲဆောင်ဖို့ အခက်အခဲ ရှိတယ်။

ကိုမျိုးချစ် ။ အခု လောလောဆယ်တော့ စင်ကာပူမှာ မြန်မာတွေ တော်တော် များနေပြီနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ပင်နယ်ဆူလာ ပလာဇာနားမှာဆိုရင် Little Myanmar ဖြစ် နေပြီ။ ဘယ်နေရာမှာမဆို မြန်မာတွေချည်းပဲ။ ကျောင်းသား ကျောင်းသူနဲ့ ကော်လာဖြူ လုပ်သား၊ လူလတ်တန်းစား များပါတယ်။ မြန်မာတွေက ရှာနီးချုပ်စပ်ကလည်း ဖြစ်တယ်။ ပြီးတော့ စင်ကာပူရဲ့ အဓိကလူမျိုးစု သုံးစုဖြစ်တဲ့ တရုတ်၊ မလေးနဲ့ အိန္ဒိယထဲမှာလည်း မြန်မာက မပါဘူး။ စင်ကာပူက ဒီလူမျိုး သုံးမျိုးရဲ့ အချိုးအစားကို အမြဲ ထိန်းညှိနေတာ။ မြန်မာများလာတာက အဲဒီ သုံးမျိုးရဲ့ အချင်းချင်း အချိုးအစားကို မထိခိုက်ဘူးလေ။

■




နိုင်ငံတော်လို့ ခေါ်တဲ့ State နဲ့ Market လို့ ခေါ်တဲ့ ဈေးကွက်ဟာ နိုင်ငံတစ်ခု ကြီးပွားအောင် လုပ်ဆောင်ပေးတဲ့ အားကြီး နှစ်ခုပါပဲ။ ဒီနှစ်ခု ဘယ်သူ့ကို အဓိကထားပြီး နိုင်ငံ ကြီးပွားအောင် လုပ်ဆောင်သလဲ ဆိုတာပေါ် မူတည်ပြီး ကြီးပွားရေး လုပ်နည်းလုပ်ဟန်တွေ ကွဲပြားသွားတယ်။

# State နှင့် Market

ကိုမျိုးချစ် ။ ကျွန်တော်တို့ နိုင်ငံတွေ ကြီးပွားရာလမ်းကြောင်းကို ပြောတာမှာ လူသားသယံဇာတရဲ့ အရေးကြီးပုံကို အတော်လေး ပြောပြီး သွားကြပြီနော်။ ဒါပေမယ့် နိုင်ငံတွေ ကြီးပွားအောင် ဘယ်လိုလုပ်ကြမှာလဲ၊ ဘယ်သူတွေက ဦးဆောင် လုပ်ရမှာလဲ ဆိုတာကိုတော့ စ တောင် မစ ရသေးဘူး။

ဖွံ့ဖြိုးရေးပါရဂူ ။ အဓိကကတော့ State နဲ့ Market ပဲ။

ကိုမျိုးချစ် ။ ဘယ်လို။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတော်လို့ ခေါ်တဲ့ State နဲ့ Market လို့ ခေါ်တဲ့ဈေးကွက်ဟာ နိုင်ငံတစ်ခု ကြီးပွားအောင် လုပ်ဆောင်ပေးတဲ့ အားကြီးနှစ်ခုပါပဲ။ ဒီနှစ်ခု ဘယ်သူ့ကို အဓိကထားပြီး နိုင်ငံ ကြီးပွားအောင် လုပ်ဆောင်သလဲ ဆိုတာပေါ် မူတည်ပြီး ကြီးပွားရေးလုပ်နည်းလုပ်ဟန်တွေ ကွဲပြားသွားတယ်။

ကိုမျိုးချစ် ။ ပြောပါဦး။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံ့စီးပွားမှာ State က ဝင်ပါတာ များရင် State-controlled economy လို့ပြောတယ်။ ရေတိုရေရှည် စီမံကိန်းတွေချပြီး ဆောင်ရွက်တာကြောင့် Planned Economy လို့လည်း ပြောကြတယ်။ အခု ပြိုကွဲသွားပြီဖြစ်တဲ့ အရင် ဆိုဗီယက် ပြည်ထောင်စု ဟောင်း အပါအဝင် ကွန်မြူနစ် နိုင်ငံဟောင်းတွေဆိုရင် State က အားလုံးလိုလိုကို ချုပ်ကိုင်ထားတာ။ State ကပဲ စီးပွားရေး လုပ်တယ်။ သူနဲ့ အပြိုင် လုပ်ခွင့်မရှိဘူး။ ကွန်မြူနစ်စနစ်

ဖြစ်တာကြောင့် ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် မရှိစေရတဲ့အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် မရှိရဘူး။ ဒါမျိုးက တကယ့်စံ State- controlled economy ပဲ။ တစ်ခြားတစ်ဘက်စွန်းမှာတော့ **ဈေးကွက်ကို လွှတ်ထားရမယ်** ဆိုတဲ့ laisse z- faire သီအိုရီက ရှိနေတယ်။ ဈေးကွက်သည် အကောင်းဆုံး အခြေအနေ ရောက်အောင် သူ့ အလိုလို ထိန်းညှိသွားမှာ ဖြစ်တာကြောင့် သူ့ကို အသာလေးကြည့်နေလိုက်ရင် အကောင်းဆုံးဖြစ်သွားမယ်ပေါ့။ ဒီ အယူအဆအရ စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကကိုပဲ ပေးလုပ်လိုက်၊ လုပ်ငန်းတွေ ချောချောမွေ့မွေ့ လည်ပတ်နိုင်အောင် ဥပဒေတွေ ပြဋ္ဌာန်းပေးတာလောက်ပဲ State က လုပ်၊ နိုင်ငံလုံခြုံရေးအတွက် အရေးကြီးတယ်လို့ ယူဆရတဲ့ နယ်ပယ်တွေလောက်ကိုပဲ State က ကိုင်ထား။ အဲလိုလုပ်လိုက်ရင် နိုင်ငံ စီးပွားရေး ချောချောမွေ့မွေ့ လည်ပတ်နိုင်ပြီး ကြီးပွားလာလိမ့်မယ်လို့ laissez- faire က ဆိုတယ်။ ဒီအယူအဆက State မပါလေ ကြိုက်လေပဲ။ minimal government ပေါ့။ ဈေးကွက်ရဲ့ သူ့အလိုလို လှုပ်ရှားဆောင်ရွက်မှုမှာ State က ဝင်ပါလိုက်ရင် အနှောင့်အယှက်ဖြစ်ပြီး အကောင်းဆုံးပုံစံ မရောက်တော့ဘူးလို့ ယူဆတယ်။

ကိုမျိုးချစ် ။ State က စီးပွားရေးကို လုံးဝ ချုပ်ကိုင်ထားတယ်ဆိုတော့ authoritarian အာဏာရှင်ဆန်သွားတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဆိုဗီယက်တို့လောက် လုံးဝမပြင်းထန်ဘဲ State က လွှမ်းမိုးတဲ့ ကဏ္ဍ ယူထားတဲ့ နိုင်ငံမျိုးတွေလည်းရှိတယ်။ State က သူကိုယ်တိုင် စီးပွားရေး ဝင်မလုပ်ဘူး။ ဒါပေမယ့် ပုဂ္ဂလိက ကဏ္ဍထဲက အလားအလာကောင်းပြီး အောင်မြင်မယ့် လုပ်ငန်းတွေကို မြေတောင်မြှောက်ပေးတယ်၊ ထောက်ပံ့တယ်။ Picking winners ခေါ်တာပေါ့။ အလားအလာကောင်းတဲ့ လုပ်ငန်းတွေ ချေးငွေ အတိုးနှုန်း သက်သက်သာသာရအောင် စီစဉ်ပေးတယ်။ အခွန် လွတ်ငြိမ်းခွင့်မျိုးတွေ ပေးတယ်။ State က ပုဂ္ဂလိကနဲ့ အနီးကပ် ပူးပေါင်းဆောင်ရွက်တယ်။ စီးပွားရေး တိုးတက်ရာမှာ ကမ္ဘာမှာ မကြုံဖူးတဲ့နှုန်းနဲ့ တိုးတက်ခဲ့လို့ အာရှ

အုံ့ဖွယ် Asian Miracle လို့ တင်စားခံခဲ့ရတဲ့ တောင်ကိုရီးယား၊ ထိုင်ဝမ် တို့ဆိုရင် ဒီလိုနည်းနဲ့ အကြီးအကျယ် အောင်မြင်ခဲ့တာ။ တောင်ကိုရီးယားက ကုမ္ပဏီအုပ်စုကြီးတွေ ဖြစ်တဲ့ Samsung၊ LG တို့ဆို ကမ္ဘာကျော် Brand တွေ ဖြစ်ကုန်ပြီလေ။ အစိုးရက ကုမ္ပဏီတွေကို ကမ္ဘာ့ဈေးကွက်မှာ ပြိုင်နိုင်အောင် ကုမ္ပဏီစုကြီးတွေ ဖွဲ့စေတယ်၊ အားပေးတယ်။ State က ဂရု တစိုက်နဲ့ မြေတောင်မြှောက် ပေးလိုက်တော့ ကမ္ဘာမှာ လောက်လောက်လားလား ယှဉ်နိုင်ခဲ့တယ်။

ကိုမျိုးချစ် ။ ခဏလေး။ State နဲ့ Market ဆိုတဲ့ စကားလုံးက ကျွန်တော် နားရည်ဝပေမယ့် သိသလိုလို၊ မသိသလိုလို ဖြစ်နေတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ State ကို အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကတော့ များတယ်။ အများအားဖြင့် Government အစိုးရဆိုတဲ့ စကားလုံးနဲ့ အလဲအလှယ် သုံးတတ်ကြတယ်။ ဒီနေရာမှာ Government of the day ကို ဆိုလိုတာ မဟုတ်ဘူး။ Government သည် တစ်ဖွဲ့ပြီး တစ်ဖွဲ့ ပြောင်းနေနိုင်တယ်၊ State ကတော့ အမြဲ ရှိနေမယ်။ အစိုးရယန္တရားကြီး တစ်ခုလုံးကိုလည်း State လို့ ခေါ်တယ်။ Market ကတော့ ဈေးကွက်။ ဈေးကွက်သည် individual လူ ပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ဖွဲ့စည်းထားတယ်။ အဲဒီ တစ်ဦးချင်းစီသည် စဉ်းစားဆင်ခြင်တတ်တယ်လို့ ယူဆထားတယ်။ အဲဒီတော့ သူတို့ တစ်ဦးချင်းစီသည် မိမိအကျိုးစီးပွားကို ရှေ့ရှု လုပ်ဆောင်ကြမယ်။ အဲဒီလို လုပ်ဆောင်ရင်းက အားလုံးအတွက် အကောင်းဆုံးအနေအထား ဖြစ်ပေါ်လာမယ်။ အဲလို ဖြစ်လာတာကို ဈေးကွက်ရဲ့ လုပ်ဆောင်ချက်လို့ ခေါ်တယ်။ အတိုကောက်အားဖြင့် ဈေးကွက်ပေါ့။ ဥပမာတစ်ခုက ဒီလို။ ဈေးကွက်မှာ အရောင်းသမားတွေက တစ်ဦးနဲ့တစ်ဦး ပြိုင်ဆိုင်ရောင်းကြတယ်။ သူတို့ ပစ္စည်း ရောင်းရဖို့ ဈေးကို အတတ်နိုင်ဆုံး အပြိုင်လျှော့ကြမယ်။ နောက်ဆုံးမှာ အနိမ့်ဆုံးဈေးနှုန်း ဖြစ်သွားမယ်။ အဲဒါဆို ဝယ်သူတွေအတွက် အကောင်းဆုံးပေါ့။ ဈေးသည်တွေဘက်က ကြည့်ရင်လည်း သူတို့ ပစ္စည်းတွေ ရောင်းထွက်ပြီလေ။ ဒါကြောင့် ဈေးကွက်သည် အားလုံး

အတွက် အကောင်းဆုံး အဖြေထုတ်ပေးတယ်ဆိုပြီး ပြောကြတယ်။

ကိုမျိုးချစ် ။ ပြည်သူပိုင်ကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍ ပြောတာ ကြတော့ရော။

ဖွံ့ဖြိုးရေးပါရဂူ ။ State ကို Public Sector ပြည်သူပိုင်ကဏ္ဍ၊ Market ကို Private Sector ပုဂ္ဂလိကပိုင်ကဏ္ဍလို့လည်း စဉ်းစားလို့ရတယ်။ နိုင်ငံစီးပွားရေးမှာ ပြည်သူပိုင်ကဏ္ဍက အချိုးအစား များနေရင် State-dominant economy၊ ပုဂ္ဂလိက အချိုးအစား များရင် Market economy။ ပညာရပ်အလိုအရ State ကို ထင်ရှားလက် Visible Hand လို့ ခေါ်ပြီး Market ကို Invisible Hand ကိုယ်ပျောက်လက်လို့ ခေါ်ကြတယ်။ State က ဝင်ပါတာ၊ ခြယ်လှယ်တာတွေက မမြင်ရဘူး။ ဖြစ်သာ ဖြစ်သွားတယ် မမြင်ရဘူး။ ဘယ်လိုဖြစ်သွားမှန်းကို မသိရဘူး။ ဝယ်လိုအား၊ ရောင်းလိုအားပေါ် မူတည်ပြီး ဈေးကွက်က အရာရာကို ပြဋ္ဌာန်းသွားတာ၊ ထိန်းညှိသွားတာ။ ဥပမာ စပါးဈေးကောင်းရင် စပါး စိုက်တဲ့သူများလာမယ်။ ကမ္ဘာမှာ ပဲဈေးကောင်းရင် ပဲစိုက်သူတွေများလာမယ်။ အင်္ဂလိပ်စာတတ်လို့ အလုပ်အကိုင် ပိုကောင်းတယ်ဆိုရင် အင်္ဂလိပ်စာ သင်တန်းတွေ ပိုများလာမယ်။

ကိုမျိုးချစ် ။ ဒါဆို ဈေးကွက်က တော်တော်စွမ်းနိုင်တာပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေမယ့် ဈေးကွက် မစွမ်းနိုင်တာတွေရှိတယ်။ ဈေးကွက်က စီးပွားရေး အကျိုးအမြတ်ပေါ်ပဲ မူတည်လုပ်ရှားတာ။ နိုင်ငံကြီးပွားရေးဆိုတာ စီးပွားရေးနဲ့တင်မပြီးဘူး။ ဥပမာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုဟာမျိုး။ ဈေးကွက်အလိုအတိုင်းသာလွှတ်ထားရင် သဘာဝပတ်ဝန်းကျင် လုံးဝပျက်စီးသွားမယ်။ ဘာလို့လဲဆို သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းလို့ကိုယ်ပိုက်ဆံမှ မရဘဲကိုး။ အဲလို နေရာမျိုးကျ State မပါလို့ကို မဖြစ်ဘူး။

ကိုမျိုးချစ် ။ State နဲ့ Market နဲ့က ပြိုင်ဘက်တွေလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ပြိုင်ဘက်လို ဖြစ်နေရင်တောင် ပြိုင်ဘက် မဟုတ်ပါဘူး။ တစ်ခုရဲ့အားနည်းချက်ကို တစ်ခုက ဖြည့်ရတဲ့အပြန်အလှန်ဖြည့်ဖက်တွေပါ။ တကယ်တော့ State နဲ့ Market က ဘယ်

နိုင်ငံမှာမဆို အမြဲဒွန်တွဲနေမှာပဲ။ အချိုးအစား နည်းနည်းနဲ့ များများပဲ ရှိမယ်။


ကိုမျိုးချစ် ။ ဆိုဗီယက် ပြည်ထောင်စုလို အရာရာကို ချုပ်ကိုင်ပြီး နိုင်ငံပိုင် စက်ရုံတွေကပဲ ပစ္စည်းတွေထုတ်၊ အဲဒီပစ္စည်းတွေကိုပဲ ဝယ်ခွင့်ပေးထားတဲ့ နိုင်ငံမျိုးမှာ ဈေးကွက်ရှိနိုင်သေးလို့လား။

ဖွံ့ဖြိုးရေးပါရဂူ ။ ရှိတာပေါ့ဗျာ။ မှောင်ခိုဈေးကွက်လေ။ ဆိုဗီယက်ပြည်ထောင်စုကြီး နိဂုံးချုပ်ခါနီး ယိုင်နဲ့နဲ့ အချိန်မှာ နိုင်ငံ စီးပွားရေးကလည်း အထိနာနေပြီ။ နိုင်ငံပိုင် အရောင်းဆိုင်တွေမှာ ပစ္စည်းတွေ ပြတ်လပ်နေတယ်။ ဒါပေမယ့် လိုအပ်တဲ့ ပစ္စည်းတွေကို မှောင်ခို ဈေးကွက်မှာ ဝယ်ယူလို့ ရတယ်။ အဲဒီ ဥပမာကို ကြည့်ရင် Market က တစ်နည်းနည်းနဲ့တော့ ရှိနေတယ်ဆိုတာ တွေ့ရတယ်။ State ရဲ့ လိုအပ်ချက်ကို Market က ဝင်ဖြည့်သွားတာပဲ။ အပြန်အလှန် ဖြည့်ဘက်လို့ ကျွန်တော် အပေါ်မှာ ပြောခဲ့သလိုပေါ့။ Market က မလုပ်နိုင်တာတွေလဲ State က ဝင်ဖြည့်ပေးရတာပဲ။

ကိုမျိုးချစ် ။ အဲဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ စီးပွားရေး ဖွံ့ဖြိုးအောင် လုပ်ဆောင်တဲ့နေရာမှာ State ရဲ့ အခန်းကဏ္ဍ၊ Market ရဲ့ အခန်းကဏ္ဍကို ဆုံးဖြတ်ပြဋ္ဌာန်းတာသည် ပထမဆုံး အဆင့်ပဲ။ နိုင်ငံရဲ့ ရေခံမြေခံ၊ သမိုင်းကြောင်း၊ ကမ္ဘာ့ အခြေအနေတွေနဲ့ လိုက်ဖက်အောင် ဆုံးဖြတ်ဆောင်ရွက်နိုင်တယ်ဆိုရင် လမ်းကြောင်းမှန်သွားပြီပေါ့။

■



ဆင်းရဲမွဲတေမှု ပပျောက်ရေးနဲ့
ပြည်သူလူထုရဲ့ ကျန်းမာရေး ကောင်းမွန်ဖို့
ဆိုတာသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင်
ဆောင်ရွက်ရခြင်းရဲ့ ရည်ရွယ်ချက် တစ်ခုပဲ။
ပန်းတိုင်ပေါ့ဗျာ။

# ကျန်းမာရေး နှင့် နိုင်ငံကြီးပွားခြင်း

ဖွံ့ဖြိုးရေးပါရဂူ ။ ရှုနာရှိုက်ကုန်းတွေနဲ့ နိုင်ငံကြီးပွားအောင် လုပ်ဆောင်လို့ မရဘူးဗျ။

ကိုမျိုးချစ် ။ ဆရာ၊ ကျွန်တော်တို့ State နဲ့ Market အကြောင်း အရင် အပတ်က ပြောလက်စကြီးလေ။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျန်းမာရေး အရေးကြီးကြောင်း ခေါင်းထဲ ရုတ်တရက် ရောက်လာလို့ပါ။ နိုင်ငံသားတွေ ကျန်းမာရေး ကောင်းမွန်အောင် တည်ဆောက်ခြင်းသည် နိုင်ငံ ကြီးပွားရာ ကြီးပွားကြောင်းမှာ အဓိကကျတဲ့ အချက်ကြီးတစ်ချက်ပဲ။

ကိုမျိုးချစ် ။ Economic development အကြောင်း ပြောရင် ကျန်းမာရေး အကြောင်းထည့်ပြောတာ သိပ်မတွေ့ရဘူးနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျန်းမာခြင်းသည် လူတစ်ဦးချင်းအတွက် အရေးကြီးကြောင်းကို ရှေးကတည်းက သိခဲ့ကြတာပါ။ 'ကျန်းမာခြင်းသည် လာဘ်တစ်ပါး' 'Health is better than Wealth' စသည်ဖြင့်ပေါ့။ ဒါပေမယ့် **နိုင်ငံကြီးပွားခြင်း** နဲ့ **ကျန်းမာရေး အဆက်အစပ်** ကိုတော့ သိပ်သတိမထားမိကြဘူး။ ဒီလိုပဲလေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ ဘဝမှာ ပညာရေး အရေးကြီးကြောင်း သိကြပေမယ့် ပညာရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အဆက်အစပ်ကိုလည်း ဒီလိုပဲ သတိမထားမိခဲ့ကြဘူး။ နောက်ပိုင်းမှ သုတေသနတွေ လုပ်လာ၊ တွေ့ရှိချက်အသစ်တွေ ပေါ်လာတော့မှ ဆက်စပ်မှု ကြီးမားပါလားလို့ လက်ခံလာကြတာ။

ကိုမျိုးချစ် ။ ထူးဆန်းတယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဆက်စပ်မှန်းတော့ စီးပွားရေး ပညာရှင်တွေ၊ ဖွံ့ဖြိုးရေး ပညာရှင်တွေက သိခဲ့ကြပါတယ်။ သွယ်ဝိုက် ဆက်စပ်တယ်၊ ဒါမှမဟုတ် နည်းနည်းပဲ ဆက်စပ်တယ်လို့ ထင်ခဲ့ကြတာ။

ကိုမျိုးချစ် ။ ဘယ်လိုလုပ် အမြင်တွေ ပြောင်းလာတာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ မူလ Classical Economic Theory အရ နိုင်ငံစီးပွားရေး တိုးတက်အောင်၊ ပုဂ္ဂလိက စီးပွားရေးတိုးတက်အောင် တည်ဆောက်ရာမှာ လိုအပ်တဲ့ ကုန်လုပ်စွမ်းအားစုတွေအဖြစ် Land မြေ၊ Labor လုပ်သား၊ Capital ငွေကြေး အရင်းအနှီးတွေ လိုအပ်တယ်လို့ပဲ စီးပွားရေးပညာရှင်တွေက ပြောခဲ့ကြတာ။ နောက်ပိုင်းမှာ အထက်က သုံးခုနဲ့တင် မလုံလောက်တော့ဘူးဆိုပြီး human capital လို့ခေါ်တဲ့ လူသားအရင်းအနှီးကို ထည့်လာတယ်။ အများအားဖြင့် ပညာရေးကို ရည်ညွှန်းကြပေမယ့် တကယ်တမ်းက human capital မှာ နှစ်ပိုင်းပါတယ်။ ကျန်းမာရေးနဲ့ ပညာရေး။

ကိုမျိုးချစ် ။ ကုလသမဂ္ဂကလည်း အလေးပေးလာတယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းရာမှာ အရင်တုန်းက အဲဒီနိုင်ငံရဲ့ တစ်ဦးချင်းပျမ်းမျှဝင်ငွေ GDP per capita နဲ့ တိုင်းတာတယ်။ တစ်ဦးချင်းဝင်ငွေမြင့်ရင် အဲဒီနိုင်ငံရဲ့ ဖွံ့ဖြိုးမှုမြင့်တယ်ပေါ့။ ပိုက်ဆံရှိရင် ဖွံ့ဖြိုးမှု မြင့်တယ်ဆိုပြီးတော့ပေါ့။ နောက်ပိုင်းကျတော့ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဝင်ငွေ တစ်ခုတည်းနဲ့ တိုင်းတာ မဖြစ်သင့်တော့ဘူး ဆိုပြီးတော့ လူသားဖွံ့ဖြိုးတိုးတက်မှုကို ပြောင်းပြီး တိုင်းလာကြတယ်။ ပိုက်ဆံရှိရုံနဲ့ ဖွံ့ဖြိုးတိုးတက်ပါတယ် ပြောလို့မရဘူးလေ။ လူနည်းနည်းပဲ ကျိကျိတက်အောင် ချမ်းသာနေပြီး ကျန်တဲ့သူတွေ မွဲနေလည်း နိုင်ငံရဲ့ ဝင်ငွေ အားလုံးကို လူဦးရေ စုစုပေါင်းနဲ့ စားလိုက်ရင် တစ်ဦးချင်း ပျမ်းမျှ ဝင်ငွေက မြင့်နေ နိုင်သေးတာကိုး။ ဆော်ဒီအာရေဗျလို ရေနံထွက် မြင့်တဲ့ နိုင်ငံတွေမှာ တစ်ဦးချင်း ပျမ်းမျှဝင်ငွေက မြင့်တယ်။ ရေနံကို ရောင်းလိုက်လို့ရတဲ့ ဝင်ငွေက ဆော်ဒီတိုင်းပြည်ရဲ့ ဝင်ငွေ GDP ရဲ့ အဓိက

အစိတ်အပိုင်း။ GDP ကို လူဦးရေနဲ့ စားလိုက်ရင် တစ်ဦးချင်း ပျမ်းမျှဝင်ငွေ ရတာကိုး။ တစ်ဦးချင်း ပျမ်းမျှဝင်ငွေမြင့်ပေမယ့် ဆော်ဒီမှာ လူအများစုက မွဲနေကြတာ။ အလုပ်လက်မဲ့ ပေါတယ်။ ဘုရင်စနစ် ဖြစ်တာကြောင့် ဘုရင့်မိသားစုဆီမှာ ငွေကြေးတွေက စုနေတယ်။ လူငယ် အလုပ်လက်မဲ့များတဲ့ မွတ်ဆလင်နိုင်ငံ ဖြစ်တာကြောင့် အိုစမာဘင်လာဒင်တို့လို အကြမ်းဖက်သမားတွေက ဆော်ဒီမှာ လူစုလို့ရတယ်။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ တကယ်တမ်းတော့ လူတွေ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်မယ်ဆိုပြီး လူသားဖွံ့ဖြိုးမှုကို တိုင်းမှရမယ်လို့ ပညာရှင်တွေက ဖော်ထုတ်ခဲ့ကြတယ်။ နောက်ပိုင်းမှာ ဖွံ့ဖြိုးတိုးတက်မှုကို Human Development Index ဆိုတဲ့ indicator နဲ့ ပြောင်းပြီး တိုင်းလာကြတယ်။ HDI လို့ အတိုကောက် ခေါ်တယ်။ GDP၊ education နဲ့ health သုံးခုကို တိုင်းပြီး ရတဲ့ ရလာဒ်တွေကို ပေါင်းထားတာ။ နိုင်ငံတစ်ခု ဖွံ့ဖြိုး တိုးတက်မှုကို တိုင်းတာမှာ GDP အပြင် အဲဒီ နိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ ပညာရေးအဆင့်အတန်း အခြေအနေတွေကိုပါ ထည့်သွင်းတိုင်းတာလာတာပေါ့။

ကိုမျိုးချစ် ။ ဒါကြောင့် ဆရာက ကျန်းမာရေးအကြောင်း ပြောချင်လာတာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်ပါတယ်။ ကျန်းမာရေးက တော်တော် အဓိကကျတယ်။ ဆင်းရဲမွဲတေမှုနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ အပေါ် ကျန်းမာရေးရဲ့ တိုက်ရိုက်သက်ရောက်ပုံက အရင်က ပညာရှင်တွေ သိတာထက် ပိုပြီး ကြီးမားကြောင်း အခုနောက်ပိုင်းတွေ လာရတယ်။ ဆင်းရဲမွဲတေမှု ပပျောက်ရေးနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေး ကောင်းမွန်ဖို့ ဆိုတာသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရခြင်းရဲ့ ရည်ရွယ်ချက်တစ်ခုပဲ။ ပန်းတိုင်ပေါ့ဗျာ။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရင် ခုနက နှစ်ခုပါ အလိုလို လိုက်ပါ မြင့်တက်လာမယ်ပေါ့။ အခု နောက်ပိုင်းတော့ ကျန်းမာရေးကောင်းမွန်အောင် စောင့်ရှောက်ခြင်းသည် ပန်းတိုင်သာ မဟုတ်ဘူး၊ နည်းလမ်းပါ ဖြစ်

တယ်လို့ အသိအမှတ်ပြုလာကြတယ်။ ends တင်မကဘူး၊ means ပါဖြစ်လာတယ်။ ကျန်းမာရေးကဏ္ဍ ကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်တယ်ပေါ့။

ကိုမျိုးချစ် ။ စီးပွားရေးကောင်းအောင် ကျန်းမာရေးနဲ့ တည်ဆောက်လို့ ရတယ်ပေါ။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျန်းမာရေးကို တိုင်းတာတဲ့ အဓိက Indicator တစ်ခုက မျှော်မှန်းသက်တမ်း life expectancy လေ။ မျှော်မှန်းသက်တမ်းဆိုတာ နိုင်ငံက ပြည်သူပြည်သားတွေ သေတဲ့ အသက်ကို အားလုံးပေါင်းပြီး တိုင်းပြည်က လူတွေ အားလုံးပေါင်းနဲ့ စားထားတာ။ မျှော်မှန်းသက်တမ်း မြင့်ရင် ကျန်းမာရေး ကောင်းတယ်။ အဲဒီ 'Life Expectancy မှာ **တစ်နှစ်** တက်လာလေလေ နိုင်ငံထုတ်ကုန် လေး ရာခိုင်နှုန်း မြင့်လာလေလေ' ပဲလို့ တစ်ချို့ သုတေသနတွေမှာ တွေ့ရှိခဲ့ရတယ်။

ကိုမျိုးချစ် ။ တယ်ဟုတ်ပါလား။

ဖွံ့ဖြိုးရေးပါရဂူ ။ နောက်တစ်ခုက ကျန်းမာရေး ကဏ္ဍအတွက် သုံးစွဲတဲ့ ဘတ်ဂျက်သည် တစ်နိုင်ငံလုံးအတွက် သုံးစွဲတဲ့ ဘတ်ဂျက် အချိုးအစားမှာ မြင့်မားလေလေ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်း မြင့်လေလေဆိုတာ တွေ့ရှိရတယ်။ Health Expenditure မြင့်လေလေ၊ စီးပွားရေး တိုးတက်လေလေ ဆိုတဲ့ သဘောပေါ့။ ဒါက နိုင်ငံအများအပြားကို နှိုင်းယှဉ် လေ့လာချက်တွေအရ တွေ့ရတာ။ အဲဒီ နိုင်ငံတွေရဲ့ ကျန်းမာရေး အသုံးစရိတ် ကို ယှဉ်ကြည့်ပြီး သူတို့ရဲ့ စီးပွားရေး တိုးတက်မှုနှုန်းကိုလည်း ယှဉ်ကြည့်ခဲ့တာ။

ကိုမျိုးချစ် ။ အာရောဂျံ ပရမံ လာဘံ ဆိုတာ မှန်နေတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျန်းမာရေး မကောင်းရင် ဘယ်အလုပ် ကောင်းကောင်းလုပ်နိုင်မလဲ။ ပညာရည်မြင့်တဲ့ လူသားရင်းမြစ် ရှိနေရင်တောင် သူတို့က ကျန်းမာရေး မကောင်းရင် စဉ်းစားနိုင် စွမ်းအားကျသွားမှာပဲ။ ပညာရည် မြင့်တဲ့ ပုဂ္ဂိုလ်တွေ အကြွေ စေတာ များနေရင် သူတို့နေရာ အစားထိုးနိုင်တဲ့ ပုဂ္ဂိုလ်တွေ အရန်

သင့် မရှိသေးတဲ့အတွက် နိုင်ငံအများကြီး ထိခိုက်မှာပေါ့။ မကျန်းမာတဲ့ ပုဂ္ဂိုလ်တွေရှိတဲ့ အိမ်ထောင်စုကလည်း နောက်ဆံတင်းပြီး ကျန်တဲ့ မိသားစုဝင်တွေလည်း သူ့အတွက် ဝန်ပိုတယ်၊ သူတို့ဆီက စွမ်းအားကို နိုင်ငံက အပြည့်အဝမရနိုင်ဘူး။ ဒီတော့ ကျန်းမာရေး စောင့်ရှောက်မှု ကောင်းကောင်း ပေးဖို့လိုတယ်။

ကိုမျိုးချစ် ။ State ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုမှာ သုံးတဲ့ ဘတ်ဂျက် တိုးပေးရမှာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲ ကျွန်တော် တစ်ခု ပြောဖို့ ကျန်သွားတယ်။ Health Expenditure ကမြင့်လေ၊ နိုင်ငံကျန်းမာရေး အဆင့်အတန်း ကောင်းလေ ဆိုပေမယ့် စင်ကာပူကျ တစ်မျိုးဗျ။ အမေရိကန်ပြည်ထောင်စုရဲ့ Health Expenditure နဲ့ Singapore ရဲ့ Health Expenditure ယှဉ်ရင် အမေရိကန်က ပိုများတယ်။ ဒါပေမယ့် စင်ကာပူက ကျန်းမာရေး အဆင့်အတန်း ပိုမြင့်တယ်။

ကိုမျိုးချစ် ။ စင်ကာပူရဲ့ ကျန်းမာရေး စောင့်ရှောက်မှု အသုံးစရိတ် သိပ်မမြင့်ဘူးလို့ ပြောချင်တာလား။

ဖွံ့ဖြိုးရေးပါရဂူ ။ မဟုတ်ဘူး။ မြင့်တာပေါ့။ ဒါပေမယ့် မြင့်တဲ့ နိုင်ငံချင်းယှဉ်ရင် နိုင်ငံတစ်နိုင်ငံက ကျန်းမာရေး အသုံးစရိတ် ပိုမြင့်တာနဲ့ ကျန်းမာရေး အဆင့်ပိုမြင့်မယ်လို့ ပြောလို့မရဘူး။

ကိုမျိုးချစ် ။ အဲဒါ ဘာဖြစ်လို့လဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ စင်ကာပူက ကျန်းမာရေး စောင့်ရှောက်မှု ကျန်းမာရေး ကဏ္ဍမှာ State ပါရုံတင်မက လူတစ်ဦးချင်း တာဝန်ယူနိုင်အောင် ယူလိုစိတ်ရှိအောင်၊ ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှု ကောင်းအောင် ဖန်တီးထားတယ်။

ကိုမျိုးချစ် ။ State နဲ့ Market ၊ Public နဲ့ Private ပေါင်း လုပ်ထားတာ လှနေတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟား ဟား။ ခင်ဗျား တော်တော် သဘောပေါက်လာပြီပဲ။

■




အရှေ့တောင်အာရှနဲ့ အရှေ့မြောက်အာရှ ပေါင်းထားတဲ့
အရှေ့အာရှက ကမ္ဘာ့ဒေသကြီးတွေထဲမှာ
စီးပွားရေး တိုးတက်မှုနှုန်း အမြန်ဆုံး ဒေသပဲ။
ကမ္ဘာမှာ စံနမူနာထားပြီး
လေ့လာ စောင့်ကြည့်နေရတဲ့ ဒေသ။

# အရှေ့အာရှ

ကိုမျိုးချစ် ။ နိုင်ငံ တစ်နိုင်ငံ ကြီးပွားတာ ဘာကြောင့်လဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျားကလဲ ကျွန်တော်တို့ စဆွေးနွေးကတည်းက ပြောဖြစ်တယ်လေ။ One- size- does- not- fit- all နဲ့ A problem has several solutions. ဆိုတဲ့ နှစ်ချက် ပြောခဲ့ကြတာ မမှတ်မိဘူးလား။ ကြီးပွားပုံ ကြီးပွားနည်း ဘယ်တူပါ့မလဲ။

ကိုမျိုးချစ် ။ တစ်ချက်တည်းပဲ ပြောပါဗျာ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျားကလဲ ဇွတ်ပဲ။ အင်း နိုင်ငံတစ်နိုင်ငံ ကြီးပွားချင်ရင် အရှေ့အာရှမှာ တည်ရှိရမယ်ဗျာ။

ကိုမျိုးချစ် ။ ဟာ ဆရာကလဲ လုပ်ပြီ။ ပြောပြန်တော့လဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ အဟုတ်ပြောတာပါ။ အရှေ့အာရှက ဖြစ်ရင် ကြီးပွားဖို့များတာပဲ။ အရှေ့တောင်အာရှနဲ့ အရှေ့မြောက်အာရှ ပေါင်းထားတဲ့ အရှေ့အာရှက ကမ္ဘာ့ဒေသကြီးတွေထဲမှာ စီးပွားရေးတိုးတက် မှုနှုန်း အမြန်ဆုံးဒေသပဲ။ ကမ္ဘာမှာ စံနမူနာထားပြီး လေ့လာ စောင့်ကြည့်နေရတဲ့ ဒေသ။

ကိုမျိုးချစ် ။ ဒီလိုကျတော့ ဟုတ်သားပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ အရှေ့အာရှမှာ ပြေးကြည့်မှ နိုင်ငံ လက်သုံးဖက်စာလောက်ရှိတာ။ အများစုက အခြေအနေ ကောင်းနေကြတယ်။ လောလောဆယ် မကောင်းသေးတဲ့ နိုင်ငံတွေကလည်း အလားအလာ သိပ်ကောင်းတယ်။

ကိုမျိုးချစ် ။ အရှေ့မြောက်အာရှက ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နဲ့ ထိုင်ဝမ် (တရုတ် တိုင်ပေ)တို့ကတော့ စူပါတွေပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဂျပန်က ကမ္ဘာ့စီးပွားရေး ဒုတိယ အင်အားကြီး နိုင်ငံ။ တောင်ကိုရီးယားနဲ့ ထိုင်ဝမ်က အာရှကျား စီးပွားရေးနိုင်ငံတွေ။ တရုတ်က မဟာအင်အားကြီးနိုင်ငံ လောင်းလျာ။ တကယ့်စူပါတွေပေါ့ဗျာ။ ဒါပေမယ့် အင်ဒို၊ မလေး၊ စင်ကာပူ၊ မြန်မာ၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ အရှေ့တီမောတို့ ပါဝင်တဲ့ အရှေ့တောင်အာရှကလည်း မခေဘူးဗျ။

ကိုမျိုးချစ် ။ ဘယ်လို မခေတာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ စင်ကာပူက ထိုင်ဝမ်တို့ တောင်ကိုရီးယားတို့နဲ့တစ်တန်းတည်း အာရှကျား။ မလေးရှားနဲ့ ထိုင်းက အာရှကျား လက်သစ်တွေ။ အင်ဒိုနီးရှားက လက်ရှိ ကမ္ဘာ့အင်အားအကောင်းဆုံး နိုင်ငံ ၂၀ အုပ်စု G-20 ထဲမှာ အဖွဲ့ဝင်။ ဗီယက်နမ်က အာရှရဲ့ ပဥ္စမကျားလို့ ကင်ပွန်းတပ်ထားတဲ့အထိ အောင်မြင်နေပြီ။ သူ့ထက် စီးပွားရေး တိုးတက်နှုန်းကောင်းတာဆိုလို့ တစ်ကမ္ဘာလုံးမှာ တရုတ်ပဲရှိတော့တယ်။

ကိုမျိုးချစ် ။ အရှေ့အာရှက ဖြစ်ရင် ကြီးပွားဖို့ ပိုလွယ်တယ်ဆိုတဲ့ သဘောလား။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲလိုပြောလို့ မရပေမယ့် ပြောရမလို ဖြစ်နေပြီ။ တောက်လျှောက်ပြည်တွင်းစစ်ဒဏ်၊ ပြည်ပစွက်ဖက်မှု ဒဏ်ခံခဲ့ရပြီး ခမာနီတွေ စိုးမိုးထားတုန်းက တိုင်းပြည်လူဦးရေရဲ့ သိသာတဲ့ အစိတ်အပိုင်းဖြစ်တဲ့ လူ ၂ သန်းလောက် အသက်ဆုံးရှုံးခဲ့တဲ့ ကမ္ဘောဒီးယား၊ ၁၉၉၃ မှ အုပ်စုကွဲတွေအကြား သဘောတူညီမှုရပြီး နိုင်ငံပြန်လည် ထူထောင်နိုင်ခဲ့တဲ့ ကမ္ဘောဒီးယားတောင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းနဲ့ ဟန်ကျနေပြီ။ ကွန်မြူနစ်စနစ်နဲ့ ရှားရှားပါးပါး အုပ်ချုပ်နေဆဲ ကုန်းတွင်းပိတ်နိုင်ငံ လာအိုတောင် စီးပွားရေးတိုးတက်မှုနှုန်း ၅ ရာခိုင်နှုန်း ဖြစ်နေတယ်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတောင်

အိမ်ရှင် လုပ်လိုက်သေးတယ်။ အရှေ့အာရှ နိုင်ငံတွေက လုပ်လိုက်ရင် အချိန်တိုတိုနဲ့ ဟန်ကျသွားလေ့ရှိတာ လက်တွေ့သာဓကပဲ။ ပြီးတော့ ကောက်ရိုးမီး မဟုတ်ဘူး။ အချိန်ကြာကြာ ဆက်တိုက် တိုးတက်လေ့ရှိ sustained growth တယ်။ နိုင်ငံဖွံ့ဖြိုးလာရင် ပေါ်လေ့ရှိတဲ့ ဆင်းရဲချမ်းသာ ကွာဟမှု တခြားဒေသတွေနဲ့ ယှဉ်ရင် နည်းတယ်။

ကိုမျိုးချစ် ။ ဒါကြောင့်လည်း ကမ္ဘာ့တစ်ခြားဒေသ နိုင်ငံတွေက လေ့လာနေရတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ တရုတ်နိုင်ငံတောင် သူ့ရဲ့ စီးပွားရေးကို စပြီး ပြုပြင်ပြောင်းလဲမယ်အလုပ် အရှေ့တောင်အာရှက အလုပ်ဖြစ်နေတဲ့ နိုင်ငံတွေကို လိုက်လေ့လာခဲ့ရတယ်။ အရှေ့အာရှက ပြောစမှတ်ပြုလောက်အောင် အောင်မြင်တာကြောင့် ကြီးပွားတိုးတက်ချင်တဲ့ နိုင်ငံမှန်သမျှ အရှေ့အာရှ နိုင်ငံတွေ ဘယ်လိုလုပ်သလဲ ဆိုတာ လေ့လာသင်ယူရတာပေါ့။

ကိုမျိုးချစ် ။ အဲဒီတော့ ဘာတွေ တွေ့သလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ တွေ့တာတွေက အများကြီးပဲ။

ကိုမျိုးချစ် ။ လုပ်ပြန်ပါပြီ။ ပြောသာပြောပါ၊ ဘယ်လောက်များများ။ ကျွန်တော် နားလည်အောင်တော့ ပြောနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ အာရှအံ့ဖွယ် Asian Miracle က စရမှာပဲ။ အာရှ အဓိကက အရှေ့အာရှရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ မြန်ဆန်လွန်းလို့ အံ့ဩကုန်နိုင်ဖွယ် ဆိုပြီး တင်စားဖော်ပြကြတယ်။ ဒါကို တစ်ချို့က သဘော မတွေ့ဘူး။

ကိုမျိုးချစ် ။ ဘာလို့ သဘောမတွေ့တာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ Miracle က သဘာဝလွန် ဖြစ်ရပ်ဆန်း၊ ရှင်းပြဖို့ မဖြစ်နိုင်တဲ့ သဘောဆောင်တယ်။ Miracle ကို သုံးစွဲတာဟာ အရှေ့အာရှ ကြီးပွားလာတာကို အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာတာဆိုတဲ့ သဘောပေါက်စေတယ်လို့ အရှေ့အာရှက ပုဂ္ဂိုလ်ကြီး တစ်ချို့က မကြိုက်ဘူး။ တကယ်တမ်းက အလုပ်ကြိုးစားတာနဲ့ ပညာရေးကို အဓိကထားလို့ပါတဲ့။ ဒီအဖြေအပြင်

ကမ္ဘာအရပ်ရပ်ကလည်း အရှေ့အာရှ ကြီးပွားလာရခြင်းကို အမျိုးမျိုး အဖြေထုတ်ကြတယ်။ အဖြေထုတ်ပြီးရင် နိုင်ငံ အသီးသီးမှာ ပြန်အသုံးချကြမယ့် အကြံနဲ့။

ကိုမျိုးချစ် ။ အငြင်းအခုန်တွေကော ဖြစ်ကြသေးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဖြစ်တယ်။ သူ့ဟာနဲ့ သူ မှန်နေကြတာကိုး။ အဓိက အဖြေက နှစ်ခု။

ကိုမျိုးချစ် ။ နှစ်ခုပဲဆိုတော့ မှတ်ရလွယ်တယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ မှတ်ရလွယ်ပေမယ့် အပြိုင်လည်း ဖြစ်နေတယ်။ ကျွန်တော်တို့ အခုတစ်ပတ်နှစ်ပတ်မှာ ပြောဖြစ်နေတဲ့ State နဲ့ Market ရဲ့ အခန်းကဏ္ဍပေါ်မှာ အခြေခံပြီး ကွဲလွဲကြတာ။ နိုင်ငံ့ စီးပွားရေးမှာ State က ဘယ်လောက် ဝင်ပါမယ်၊ Marketက ဘယ်လောက် ဝင်ပါမယ်ဆိုတာကို မှန်ကန်အောင် ဆုံးဖြတ် နိုင်ရင် နိုင်ငံ ကြီးပွားရေးလမ်းကြောင်းပေါ် ရောက်ပြီလို့ ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့တယ်။ အခုအရှေ့အာရှနိုင်ငံတွေ အောင်မြင်ခြင်း လျှို့ဝှက်ချက်ကို အဖြေထုတ်ရာမှာလည်း ဒီကိစ္စပဲ။ နိုင်ငံစီးပွားရေးမှာ State ဆိုတဲ့ နိုင်ငံတော်က ဝင်ပါ State Interven tion တာကြောင့် အရှေ့အာရှ အောင်မြင်တယ် ဆိုတဲ့ အဖြေက တစ်ခုထွက်လာတယ်။ ဆိုဗီယက်ပြည်ထောင်စု တို့လိုမျိုး State က စီးပွားရေးကို သူချည်းလုပ်မယ်ဆိုတဲ့ လုံးဝ ဥဿုံ စီမံကိန်း စီးပွားရေးစနစ် Planned Economy မျိုးတော့ မဟုတ်ဘူး။ Picking Winners လို့ခေါ်တဲ့ နိုင်ငံတွင်းက အလား အလာကောင်းတဲ့ ကုမ္ပဏီတွေကို ဆန်ကာတင် ရွေးထုတ်။ ချေးငွေ၊ ထောက်ပံ့ငွေ၊ အခွန်အကောက် လွတ်ငြိမ်းခွင့် စတာ တွေနဲ့ မြေတောင်မြှောက် ပံ့ပိုးပေး။ နိုင်ငံတွင်းမှာ ပြိုင်ဘက် မရှိ အင်အားကြီးလာတော့မှ နိုင်ငံတကာ ဈေးကွက်တွေကို ဝင်စေ။ ဒီလို စက်မှုဖွံ့ဖြိုးမှု မူဝါဒ Industrial Policy ကျင့်သုံး နိုင်တာသည် အောင်မြင်မှုရဲ့ သော့ချက်ပဲ။

ကိုမျိုးချစ် ။ ကျွန်တော် မှတ်မိတယ်။ ကိုရီးယားက LG၊ Samsung၊ Hy-undai တို့ ဒီနည်းနဲ့ Global Brand တွေ ဖြစ်လာခဲ့တယ်လို့ ကျွန်တော်တို့ အရင်တစ်ပတ်တုန်းက ရုပ်ပြေး ပြောခဲ့ဖူးတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ တခြား အရှေ့အာရှနိုင်ငံတွေမှာလည်း ဒါမျိုး ဥပမာတွေ အများကြီးပါ။ ဒါပေမယ့် နောက်အပြိုင် တွေ့ရှိချက်က တစ်မျိုး။

ကိုမျိုးချစ် ။ ဘာတဲ့လဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ အရှေ့အာရှနိုင်ငံတွေ အောင်မြင်ရတာ စီးပွားရေးမှာ အစိုးရက ဝင်ပါလို့ မဟုတ်ပါဘူး၊ ဈေးကွက် စီးပွားရေးစနစ်ကို ဦးတည်လို့ပါတဲ့။ အရှေ့အာရှ နိုင်ငံတွေဟာ တခြားကမ္ဘာ နိုင်ငံတွေမှာ စီမံကိန်း စီးပွားရေးစနစ် ခေတ်စားချိန်၊ နိုင်ငံတော်က ချုပ်ကိုင်ထားချိန်မှာတောင် ဈေးကွက်နဲ့ ရင်းနှီးကြတယ်။ စွန့်ဦးတီထွင် စီးပွားရေးနဲ့ ကုန်သွယ်ရေးကို အားပေးတယ်။ အရှေ့အာရှ နိုင်ငံတွေ အသီးသီး စီးပွားရေး စကြိုးစားတဲ့ ၁၉၅၀၊ ၁၉၆၀၊ ၁၉၇၀ နှစ်တွေမှာ ဆိုဗီယက်ပြည်ထောင်စုနဲ့တကွ အုပ်စုဝင် ကွန်မြူနစ်နိုင်ငံတွေရဲ့ စီးပွားရေးပုံစံက အထွတ်အထိပ် အောင်မြင်သလိုဖြစ်နေတော့ ရန်သူ နိုင်ငံတွေကတောင် အားကျခဲ့ရတယ်။ အစဉ်အလာ အရင်းရှင်နိုင်ငံကြီးတွေဖြစ်တဲ့ ဗြိတိန်တို့ ပြင်သစ်တို့မှာတောင် ဆိုရှယ်လစ်ဆန်ဆန် အစိုးရတွေ ကြီးစိုးခဲ့တဲ့ အချိန်ကိုး။

ကိုမျိုးချစ် ။ ဈေးကွက်စီးပွားရေးကို အရှေ့အာရှနိုင်ငံတွေ စောစောစီးစီး ဖက်တွယ်ခဲ့ကြတာပါလား။ ဆက်ပါဦး။

ဖွံ့ဖြိုးရေးပါရဂူ ။ အရှေ့အာရှနိုင်ငံတွေ အောင်မြင်တာဟာ စီးပွားရေးရဲ့ အခြေခံအုတ်မြစ်တွေ economic fundamentals တွေကို မှန်ကန်အောင် တည်ဆောက်ထားလို့ပါတဲ့။ အဲဒီနိုင်ငံတွေမှာ ငွေကြေး ဖောင်းပွမှုနိမ့်တယ် low inflation၊ အစိုးရဘတ်ဂျက်လိုငွေပြမှု နိမ့်တယ် low budget deficit၊ တိုင်းသူပြည်သားတွေရဲ့ စုဆောင်းငွေမြင့်တယ် high savings ၊ စွန့်ဦးတီထွင် စီးပွားရေးကိုအားပေးတဲ့ ဥပဒေတွေ၊ အခြေအနေတွေ ဖော်ဆောင်ပေးထားတယ်၊ မူဝါဒ ချမှတ်ရာမှာ အခုတစ်မျိုး တော်ကြာတစ်မျိုး မလုပ်ဘူး consistency။ ပြီးတော့ နိုင်ငံကို နိုင်ငံတကာကုန်သွယ်ရေးနဲ့ ချိတ်ဆက်ထားတယ်၊ တံခါးပိတ်

မထားဘူး။ ဒီလိုမျိုး ဈေးကွက်ကို ဦးတည်တဲ့ စီးပွားရေး အခြေခံအုတ်မြစ်တွေ ကောင်းကောင်း တည်ဆောက်လို့ အရှေ့အာရှနိုင်ငံတွေ ကြီးပွားခဲ့တာလို့ အခုအဆိုက ရှင်းပြတယ်။


ကိုမျိုးချစ် ။ အဲဒါကရော။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒါလည်း ဟုတ်ပြန်တယ်။ အစိုးရက ဝင်ပါတယ်ဆိုပေမယ့် ခုနက အချက်တွေကို ဂရုစိုက် အားပေးထားတယ်။ တခြား ဒေသကနိုင်ငံတွေ သိပ်မလုပ်တဲ့ ကိစ္စတွေပဲ။

ကိုမျိုးချစ် ။ ကျွန်တော်တော့ အရှေ့အာရှသားဖြစ်ရတာ ဂုဏ်ယူလာပြီ။ နောက် ကျွန်တော်တို့ တွေ့ရင်လည်း အရှေ့အာရှ အကြောင်းပဲ ပြောကြရအောင်။

ဖွံ့ဖြိုးရေးပါရဂူ ။ ကိုမျိုးချစ် ကိုမျိုးချစ်၊ နာမည်နဲ့လိုက်အောင် နိုင်ငံချစ်ရုံတင် မက အရှေ့အာရှဒေသကြီးကိုပါ ချစ်တတ်လာပြီကိုး။

■



ဂျပန်ရဲ့ စီးပွားရေး တည်ဆောက်တဲ့
နည်းလမ်းတွေဟာ အနောက် ဥရောပ နိုင်ငံတွေနဲ့
အမေရိကန် ပြည်ထောင်စု သုံးစွဲနေတဲ့ နည်း
လမ်းတွေထက် သာတယ်လို့တောင်
ပြောစမှတ်တွင် ခဲ့တယ်။

# အရှေ့အာရှနှင့် ဂျပန်

ကိုမျိုးချစ် ။ ကျွန်တော်တို့ အရင်တစ်ပတ်က စကား မပြတ်သေးဘူး။ အရှေ့အာရှရဲ့ ကြီးပွားရေး လျှို့ဝှက်ချက်ကို ဝိုင်းအဖြေထုတ်ကြရာမှာ အဓိက အဖြေနှစ်ခု ထွက်လာတယ်တဲ့။ နိုင်ငံ့စီးပွားရေးမှာ State ဆိုတဲ့ နိုင်ငံတော်က ဝင်ပါတာ State Intervention ကြောင့် အရှေ့အာရှ နိုင်ငံတွေ အောင်မြင်တယ်ဆိုတဲ့ အဖြေက တစ်ခု။ နောက်တစ်ခုက အရှေ့အာရှကြီးပွားတာဟာ ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်လို့တဲ့။ အဲဒီ အဖြေ နှစ်ခု ဘယ်ဟာ မှန်သလဲ ဆိုတာ မပြောရသေးဘူးနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ အတိုချုပ်ဆိုရင် မေးခွန်းက အရှေ့အာရှ ကြီးပွားရတာ State ကြောင့်လား၊ Market ကြောင့်လားပေါ့။ **နှစ်ခုလုံးကြောင့်ပါ**။

ကိုမျိုးချစ် ။ ဘယ်လို ဖြစ်တာလဲ။ ခုနက အဖြေ နှစ်ခု တစ်ခုမှ မဟုတ်ဘူးလို့ ဆိုလိုက်တာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီလို မဆိုလိုပါဘူး။ အဖြေ တစ်ခုတည်းနဲ့ မလုံလောက်တာကို ပြောတာပါ။ ဒါကိုက အရှေ့အာရှ အောင်မြင်မှုရဲ့ ထူးခြားချက်ပဲ။ East Asia Model ပေါ့ဗျာ။

ကိုမျိုးချစ် ။ East Asia Model ဆိုတာက။

ဖွံ့ဖြိုးရေးပါရဂူ ။ ပြဇာတ် တစ်ပုဒ်ထဲမှာ အဓိက ဇာတ်ကောင် နှစ်ကောင်က ကိုယ့်ကျရာကဏ္ဍ ကိုယ့်ဇာတ်ရုပ်ကို ကပြကြသလိုပဲ အရှေ့အာရှ ဇာတ်လမ်းမှာ နိုင်ငံတော် State နဲ့ ဈေးကွက် Market

တို့က ကိုယ့်အခန်းကဏ္ဍကို ကပြကြတယ်။ ပြဇာတ်မှာ အဓိက ဇာတ်ကောင်တွေ ကျရာဇာတ်ကွက် ပီပြင်အောင် ကနိုင်ပြီး တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ပံ့ပိုးနိုင်ရင် ပြဇာတ် အောင်မြင်သလိုပဲ အဓိကဇာတ်ကောင် State နဲ့ Market တို့ ပီပီပြင်ပြင် ကနိုင်၊ အပြန်အလှန် ပံ့ပိုးနိုင်တာကြောင့် အရှေ့ အာရှ ဇာတ်လမ်းပေါက်သွားတယ်။ ဒီလို State နဲ့ Market နဲ့ လှလှပပ ပေါင်းပြီး အောင်မြင်လို့ East Asia Model ဆိုပြီး ဝိုင်းလေ့လာရတာပေါ့။

ကိုမျိုးချစ် ။ ဆက်ပါဦး။

ဖွံ့ဖြိုးရေးပါရဂူ ။ အောင်မြင်သွားတဲ့ အရှေ့အာရှ နိုင်ငံတွေရဲ့ ခရီးလမ်းမှာ မှတ်တိုင် တစ်ခုလောက်အထိ အာဏာရှင်အစိုးရတွေ ပါဝင် ပတ်သက်ခဲ့တာကို တွေ့ရတယ်။ State က ချုပ်ကိုင်ထားမှု တွေ ရှိခဲ့တယ်။ ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ အစိုးရကို ရွေးချယ်ပေမယ့် တစ်ပါတီတည်း ကာလရှည်ရှည်အာဏာ စွဲကိုင်ထားတာတွေ၊ အာဏာရှင်တွေက အုပ်ချုပ်ခဲ့တာတွေ မကြာသေးတဲ့ အတိတ်အထိ ရှိခဲ့တယ်။ ဒါပေမယ့် ဒီ အရှေ့ အာရှ State တွေက တစ်ခြား State ကြီးစိုးတဲ့ အာဏာရှင် နိုင်ငံတွေဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုတို့လိုမျိုး Market ကို အပြတ်ရှင်းတာမျိုး မလုပ်ဘဲ Market ကို ပျိုးထောင် ရေလောင်း ပေါင်းသင်ပေးတယ်၊ Market ကို ပံ့ဖော်ပေးတယ်။ အခု နောက်ဆုံးတက်လာတဲ့ တရုတ်နဲ့ ဗီယက်နမ်ဆိုရင် ကွန်မြူနစ်နိုင်ငံတွေ။ ကွန်မြူနစ်နဲ့ ဈေးကွက်ဆိုတာ တစောင်းစေးနဲ့ မျက်ချေး၊ မဟာ ရန်သူတွေလေ။ ဈေးကွက်ကို တိုက်ချင်လို့ကို ကွန်မြူနစ် ဖြစ်လာရတာကိုး။ ဒါပေမယ့် ဒီနိုင်ငံတွေက ဈေးကွက်ကို ရေလောင်းပေါင်းသင်တာ ကြမ်းလွန်းလို့ 'အရင်းရှင် နိုင်ငံတွေထက် အရင်းရှင်ဆန်တယ်' More capitalistic than capitalists လို့ တောင် ပြောချယူရတယ်။

ကိုမျိုးချစ် ။ ဒါနဲ့ အရှေ့အာရှကြီး ပွားလာတဲ့ ဇာတ်လမ်းမှာ ဘယ်နိုင်ငံက အခရာလဲ၊ ဘယ်နိုင်ငံကို စပြောရင် ကောင်းမလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဂျပန်ပေါ့ဗျာ။ အရှေ့အာရှ အောင်မြင်မှု ဇာတ်လမ်းကို ဂျပန်က စ လိုက်တာ။ ဂျပန်နိုင်ငံဟာ အရှေ့အာရှ နိုင်ငံတွေ ထဲမှာ အနောက်နိုင်ငံတွေရဲ့ စက်မှုအဆင့်အတန်းကို ပထမ ဦးဆုံး လိုက်မီသွားတဲ့ နိုင်ငံပဲ။ နောက်ပိုင်း ကျော်တောင် တက်သွားတယ်လို့ တစ်ချို့က ပြောကြတယ်။

ကိုမျိုးချစ် ။ ဂျပန်က ဒုတိယကမ္ဘာစစ် မတိုင်မီကတည်းက ဖွံ့ဖြိုးတိုးတက် နေပြီ မဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ စစ်မဖြစ်မီကတည်းက အတော်အတန် ဖွံ့ဖြိုးနေပါပြီ။ ကျန်တဲ့ အာရှနိုင်ငံတွေနဲ့ ယှဉ်ရင်ပေါ့။ ဒါပေမယ့် ဒုတိယ ကမ္ဘာစစ် ကြီးလည်း ပြီးရော အရင်က အောင်မြင်မှုတွေ အားလုံးကုန် သွားတယ်။ ဂျပန်က စစ်ရှုံးနိုင်ငံလေ။ ပြာပုံဘဝ ရောက်သွား တယ်။ စက်ရုံ အလုပ်ရုံတွေ ဗုံးဒဏ်ကြောင့် ပြို၊ စစ်အတွင်း အကျအဆုံးကြောင့် လုပ်သားအင်အားစု ချို့တဲ့၊ ခေါင်းဆောင် တွေ ထောင်ကျ၊ တိုင်းသူပြည်သားတွေ စိတ်ဓာတ် ပျက်ပြား။ စားစရာ မရှိတဲ့ အခြေအနေထိ ဆိုက်ခဲ့တယ်။

ကိုမျိုးချစ် ။ စလုံးရေ ပြန်စ ရတဲ့ အခြေပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒီလို သုည အခြေအနေကနေ ဂျပန်က အချိန်တိုတိုနဲ့ ပြန်တက်လာခဲ့တယ်။ နှစ် ၂၀ လောက်အတွင်း အနောက် ဥရောပနိုင်ငံတွေရဲ့ ဝင်ငွေတန်းကို လိုက်မီသွားတယ်။ ၁၉၇၀ လောက်မှာ ဂျပန်ရဲ့ လူနေမှု အဆင့်အတန်း သိပ်မြင့်သွားပြီ။ သူ့ကို သိမ်းပိုက်အုပ်ချုပ်ခဲ့တဲ့ စစ်နိုင် အမေရိကန် ပြည်ထောင်စု အပါအဝင် နိုင်ငံကြီးတွေ အားလုံးက ဂျပန်ကို လေးစား နေကြရပြီ။ ဂျပန်ရဲ့ စီးပွားရေး တည်ဆောက်တဲ့ နည်းလမ်း တွေဟာ အနောက်ဥရောပ နိုင်ငံတွေနဲ့ အမေရိကန် ပြည်ထောင်စု သုံးစွဲနေတဲ့ နည်းလမ်းတွေထက် သာတယ်လို့ တောင် ပြောစမှတ်တွင်ခဲ့တယ်။

■




ဂျပန်တွေ မျိုးချစ်စိတ်ပြင်းတာ၊ နိုင်ငံနဲ့ လူမျိုးအတွက်
သက်စွန့် ကြိုးပမ်း ဆောင်ရွက်တာကိုတော့
ဒုတိယ ကမ္ဘာစစ် အတွင်း ဂျပန်တပ်တွေနဲ့
ရင်ဆိုင်ရတဲ့ နိုင်ငံတိုင်း အောချယူရပါတယ်

# ဂျပန်နဲ့ ဇာတ်လမ်း

ကိုမျိုးချစ် ။ ဂျပန်က ဒုတိယကမ္ဘာစစ်မှာ စစ်ရှုံးအပြီး နှစ် ၂၀ အတွင်း ပြန်တက်လာခဲ့တာရဲ့ လျှို့ဝှက်ချက်က ဘာလဲ။

ဖွံ့ဖြိုးရေးပါရဂူ။ ကျွန်တော် ပြောနေကျအတိုင်း ပြောမယ်ဆိုရင် သူ့ရဲ့ အောင်မြင်ကြောင်း အကြောင်းရင်းတွေက များတယ်။

ကိုမျိုးချစ် ။ ပြောနေကျအတိုင်း တစ်ချက်တည်းပြောပါလို့ မပြောတော့ပါဘူး။ များချင် များပါစေ ပြောသာပြောပါ။

ဖွံ့ဖြိုးရေးပါရဂူ။ ဂျပန်က ဒုတိယကမ္ဘာစစ်မဖြစ်မီကတည်းက အတော်အတန် ဖွံ့ဖြိုးနေပြီ။

ကိုမျိုးချစ် ။ ဒါကြောင့်လည်း စစ်ဝင်တိုက်တဲ့ အင်အားကြီးနိုင်ငံတွေထဲမှာ ပါခဲ့တာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ။ ဂျပန်ကြီးပွားလာတဲ့ကိစ္စမှာ စစ်ရှုံးဂျပန်ကို သိမ်းပိုက် အုပ်ချုပ်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုက ပတ်သက်နေတယ်။ ဂျပန်မှာ မြေယာပြုပြင်ပြောင်းလဲရေးတွေ အမေရိကန်က လုပ်တယ်။ ဘဏ္ဍာရေးနဲ့ စက်မှုလုပ်ငန်းကြီးတွေပေါင်းပြီး လက်ဝါးကြီးအုပ်ထားတဲ့ zaibatsu တွေကို ဖြိုပစ်တယ်။ အဲဒါတွေ နေရာမှာ keiretsu လို့ခေါ်တဲ့ ဘဏ်နဲ့ စက်မှုလုပ်ငန်းတွေ ချိတ်ထားတဲ့ အုပ်စုတွေပေါ်လာပေမယ့် အရင်ကလောက်တော့ မကြီးစိုးထားနိုင်တော့တာကြောင့် စွန့်ဦး တီထွင်သူလုပ်ငန်းရှင်တွေ လှုပ်သာရှားသာ ဖြစ်လာတယ်။ Sony ဆို ဒီလိုမျိုး စွန့်ဦးတီထွင်ရာကနေ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီး ဖြစ်လာခဲ့တယ်။

ကိုမျိုးချစ် ။ စစ်နိုင်အမေရိကန်ကြောင့် စစ်ရှုံးဂျပန် အကျိုးခံစားခဲ့ရတဲ့ သဘောလား။

ဖွံ့ဖြိုးရေးပါရဂူ ။ စီးပွားရေးရဲ့ အခြေခံအုတ်မြစ်တွေ economic fundamentals တွေကို မှန်ကန်အောင် ဂျပန်က တည်ဆောက်လိုက်နိုင်လို့လည်း ဖြစ်တယ်။ ဂျပန်မှာ ငွေကြေးဖောင်းပွမှု နိမ့်တယ် low inflation၊ တိုင်းသူပြည်သားတွေရဲ့ စုဆောင်းငွေ အရမ်းမြင့်တယ် very high savings၊ စွန့်ဦးတီထွင် စီးပွားရေးကို အားပေးတဲ့ ဥပဒေတွေ၊ အခြေအနေတွေ ဖော်ဆောင်ပေးထားတယ်။ ကောင်းကောင်း လေ့ကျင့်ပေးထားတဲ့ ပညာတတ်တဲ့ လုပ်သားအင်အားစု ကြီးကြီးမားမားရှိတယ်။ မူဝါဒချမှတ်ရာမှာ အခုတစ်မျိုး တော်ကြာတစ်မျိုး မလုပ်ဘူး consistency။ အရှေ့အာရှက ကြီးပွားလာတဲ့ နိုင်ငံတိုင်း right economic fundamentals/ economic fundamentals တွေ မှန်တယ်။ အရှေ့အာရှမှာ ပထမဆုံး စကြီးပွားတဲ့နိုင်ငံ ဂျပန်ကလည်း economic fundamentals တွေမှန်အောင် လုပ်ထားတာပဲ။

ကိုမျိုးချစ် ။ ဂျပန်က အရှေ့အာရှ ကြီးပွားရေးမှာ ဦးဆောင်နိုင်ငံပဲလေ။

ဖွံ့ဖြိုးရေးပါရဂူ ။ တောင်မြောက်ကိုရီးယားနှစ်နိုင်ငံတိုက်ကြတဲ့ ၁၉၅၀ ကိုရီးယားစစ်ပွဲမှာ အမေရိကန်ကလည်း ဝင်တိုက်တယ်။ ဂျပန်က အမေရိကန်တပ်တွေအတွက် ကုန်ပစ္စည်းတွေ ထောက်ပံ့တဲ့ စခန်းဖြစ်တာကြောင့် ပို့ကုန်စန်းထခဲ့တယ်။ (Export Boom) ၁၉၅၀ ပြည့်နှစ်တွေဟာ ဂျပန်စီးပွားရေး နာလန်ထလာချိန်ပေါ့။

ကိုမျိုးချစ် ။ ကိုရီးယားစစ်နဲ့ သွားတိုက်ဆိုင်လိုက်တာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ အဲဒီလို တိုက်ဆိုင်တာလည်း ကံကောင်းခြင်းလက်ဆောင်တစ်ခုပဲ။ နောက်တစ်ခုအရေးကြီးတဲ့အချက်က အမေရိကန်နဲ့ တိုက်ရိုက်သက်ဆိုင်နေပြန်တယ်။ ဂျပန်တွေက ဇာတိမာန် သိပ်ကြီးကြတဲ့သူတွေ၊ ကိုယ့်ကိုယ်ကိုလည်း အရမ်းဂုဏ်ယူကြတယ်။ ဒါပေမယ့် စစ်အတွင်းမှာ အမေရိကန် ဗုံးကြဲလေယာဉ်ကြီးတွေကို ဂျပန်လေယာဉ်တွေ မယှဉ်နိုင်တာကို နဖူးတွေ့ ဒူးတွေ့ ကြုံရ၊ တစ်ခါ အနုမြူဗုံးဒဏ် ခံရ

ဆိုတော့ အမေရိကန်တွေကို အံ့ဩလေးစားသွားတယ်။ အမေရိကန်က သူတို့ကို အနိုင်ယူသွားတာ နည်းပညာကြောင့်မှန်း သိလိုက်ရတာကြောင့် ဂျပန်ပြန်လည်ထူထောင်ရေးမှာ နည်းပညာနဲ့သွားမှရမယ်၊ စီးပွားရေးမှာလည်း နည်းပညာသာမှ ရမယ်ဆိုပြီး ဂျပန်တွေဟာ အနောက်ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုက ခေတ်ရှေ့ပြေးနည်းပညာတွေကို ရအောင် သဲကြီး မဲကြီး ရှာကြတယ်။ အမေရိကန်တွေ တီထွင်ထားပြီးတဲ့ နည်းပညာတစ်ချို့ကို ဂျပန်က ရအောင်ဝယ်ပြီး ဈေးကွက်တွင်း စွံမယ့်ကုန်ပစ္စည်းတွေ ထုတ်လုပ်တာမှာ အရမ်းအောင်မြင်ခဲ့တယ်။

ကိုမျိုးချစ် ။ ကိုယ့်ရှေ့ ရောက်နေတဲ့သူတွေဆီက နည်းပညာတွေ ဝယ်လိုက်တာပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ အမေရိကန်တွေက ဘယ်နေရာမှာ သုံးရမှန်း မသိတဲ့ နည်းပညာတွေကို ဂျပန်တွေက နေရာမှန် ဈေးကွက်မှန် သုံးသွားတာပေါ့။ နောက် အကြောင်းရင်းက သိပ်အရေးကြီးတယ်။ ဂျပန်ရဲ့ ကြီးပွားရေး လမ်းကြောင်းက ပို့ကုန်ပေါ်က သွားတဲ့လမ်း export- led growth ပဲ။ ဂျပန်အနေနဲ့ နိုင်ငံ့စီးပွားကို တည်ဆောက်ဖို့ လမ်းကြောင်းရွေးရာမှာ နိုင်ငံတကာ ကုန်သွယ်ရေးကို ရွေးလိုက်တယ်။ တောက်လျှောက်ကြီးပွားသွားလိုက်တာ စီးပွားရေး အင်အားကြီးနိုင်ငံ economic superpower ဘဝကို အချိန်တိုအတွင်း ရောက်လာတယ်။

ကိုမျိုးချစ် ။ ပို့ကုန် ဦးစားပေး စီးပွားရေးတည်ဆောက်လိုက်တာပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဂျပန် ခပ်လျှိုလျှိုနေတာလည်း ပါတယ်။ ဂျပန်ပစ္စည်း ဆိုရင်ခု မြန်မာပြည်ထဲဝင်နေတဲ့ တရုတ်ပစ္စည်းတွေလိုမျိုး ဈေးပေါပေါ၊ ခပ်ညံ့ညံ့ပစ္စည်းတွေလို့ပဲ မြင်ကြတဲ့အတွက် အနောက်ဥရောပနိုင်ငံတွေနဲ့ အမေရိကန်ပြည်ထောင်စုတို့က ဂျပန်ကို ပြိုင်ဘက်လို့ မမြင်ကြဘူး။ အဲဒီအချိန်မှာ ဂျပန်က ဈေးကွက်တွေတစ်ခုပြီးတစ်ခု သိမ်းသွားတာပဲ။ ဂျပန်က ခုထက်ထိ ခပ်လျှိုလျှိုနေတုန်း။

ကိုမျိုးချစ် ။ ဂျပန်နိုင်ငံကြီးပွားတာ ဂျပန်တွေရဲ့ စိတ်ဓာတ်ကြောင့်လည်း ပါတယ်ဆို။

ဖွံ့ဖြိုးရေးပါရဂူ။ ဂျပန်တွေ မျိုးချစ်စိတ်ပြင်းတာ၊ နိုင်ငံနဲ့ လူမျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်တာကိုတော့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်တွေနဲ့ ရင်ဆိုင်ရတဲ့ နိုင်ငံတိုင်း သြောချယူရပါတယ် ကိုမျိုးချစ်ရယ်။ ဂျပန်တွေရဲ့ အလုပ်ကြိုးစားမှု၊ အလုပ်ကို တန်ဖိုးထားမှု၊ မိခင်ကုမ္ပဏီကို သစ္စာရှိမှု စတဲ့ work ethics တွေက ဂျပန်ကြီးပွားရေးမှာ အဓိကကျတယ်။ ဒုတိယကမ္ဘာစစ်အပြီး မွဲပြာ ကျသွားတာကြောင့် နိုင်ငံ့အခြေအနေကလည်း မလုပ်လို့မရတဲ့ အခြေအနေ ဆိုက်နေတယ်။ မလုပ်ရင် ငတ်တော့မှာကိုး။ ဂျပန် တစ်မျိုးသားလုံး အလျင်စလို ဖြစ်နေကြတယ်။ (sense of urgency)။ စစ်အပြီး အငတ်ငတ် အပြတ်ပြတ် နေကြရတာတွေ၊ အမေရိကန်က သိမ်းပိုက် အုပ်စိုးထားတာကြောင့် ဂျပန်တွေရဲ့ အမျိုးသားရေး ဂုဏ်သိက္ခာကို ထိခိုက်ပြီး အရှက်ရတာတွေ၊ အမေရိကန်တွေရဲ့ လူနေမှု အဆင့်အတန်းကို မြင်လိုက်ရတာကြောင့် အမေရိကန်တွေ လိုမျိုး နေချင်တာတွေ ဒါတွေ အကုန်လုံးက ဂျပန်ကို ကြီးပွားရေးလမ်းကြောင်းပေါ် တွန်းတင်ခဲ့တယ်။

ကိုမျိုးချစ် ။ စိတ်ဓာတ်က သိပ် အရေးကြီးပါလားဗျာ။

■




ကမ္ဘာ့ဈေးကွက်ကနေ ဂျပန် ကုမ္ပဏီတွေ
အကျိုးအမြတ် အမြင့်ဆုံးရအောင် ကူညီတယ်။
ဂျပန်ကုမ္ပဏီတွေ ရှေ့တစ်လှမ်း တိုးရာမှာ လိုအပ်တဲ့
နည်းပညာတွေ၊ သတင်း အချက်အလက်တွေရအောင်
MITI က လမ်းထွင် ပေးတယ်။

# ဂျပန်နဲ့ ဇာတ်လမ်းနှင့် MITI

ဖွံ့ဖြိုးရေးပါရဂူ ။ ဂျပန်နိုင်ငံ ဒုတိယ ကမ္ဘာစစ်အပြီး ပြန်ထောင် တက်လာတာမှာ အဓိကဇာတ်ကောင်က MITI ဗျ။

ကိုမျိုးချစ် ။ MITI ဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ Ministry of International Trade and Industry ကို အတိုကောက် ခေါ်တာဗျ။ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီးဌာနပေါ့။ နာမည် အပြည့်အစုံထက် အတိုကောက်နဲ့ပဲ လူသိများတယ်။ စစ်ပြီးခေတ် တစ်လျှောက်လုံး ဂျပန်စီးပွားရေးကို မောင်းနှင်ခဲ့တဲ့ အေဂျင်စီပဲ။

ကိုမျိုးချစ် ။ သူ့ တာဝန်က ဘာလဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ သူက အစိုးရနဲ့ ပုဂ္ဂလိက စက်မှုလုပ်ငန်းတွေအကြား ပေါင်းကူး ဆက်သွယ်ပေးတယ်။ စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒ Industry Policy အကောင်အထည်ပေါ်အောင် ဖော်ဆောင်တယ်။ ကမ္ဘာ့ဈေးကွက်နဲ့ ဂျပန်ကုမ္ပဏီတွေ ယှဉ်ပါးအောင် လုပ်ဆောင်ပေးတယ်၊ ကမ္ဘာ့ဈေးကွက်ကနေ ဂျပန် ကုမ္ပဏီတွေ အကျိုးအမြတ် အမြင့်ဆုံးရအောင် ကူညီတယ်။ ဂျပန်ကုမ္ပဏီတွေ ရှေ့တစ်လှမ်းတိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ သတင်းအချက်အလက်တွေရအောင် MITI က လမ်းထွင်ပေးတယ်။

ကိုမျိုးချစ် ။ ဂျပန်အစိုးရက ကိုယ်တိုင်တော့ ဝင်စီးပွားရေး မလုပ်ဘူးပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ မလုပ်ဘူး။ သူက ဝင်ကြီးကြပ်တယ်၊ ထိန်းကွပ်တယ်။ (regulation and coordination)။ ဒါကို MITI က တစ်ဆင့် လုပ်သွားတာ။

ကိုမျိုးချစ် ။ အင်း။

ဖွံ့ဖြိုးရေးပါရဂူ ။ ကုမ္ပဏီတွေ ဘာ လုပ်သင့်တယ်၊ ဘာ ထုတ်လုပ်သင့်တယ် ဆိုတာ MITI လမ်းညွှန်ပေးတယ်။ ပြည်ပဈေးကွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဂျပန်ထုတ်ကုန်တွေ မျက်နှာပန်း လှအောင် အရည်အသွေး စံချိန်စံညွှန်းတွေ သတ်မှတ်ပေး တယ်။ ဈေးနှုန်းလည်း သတ်မှတ်ပေးတယ်။ ကမ္ဘာ့ဈေးကွက် ကို MITI အမြဲစောင့်ကြည့်အကဲခတ်နေပြီး ပြောင်းလဲနေတဲ့ အခြေအနေအလိုက် ပြည်တွင်း ကုမ္ပဏီတွေ ဘယ်လို လုပ်သင့် တယ်၊ ဘယ်လို ပြောင်းလဲသင့်တယ်ဆိုတာ အကြံဉာဏ်ပေး တယ်။ ပြည်တွင်းမှာ ဂျပန် ကုမ္ပဏီတွေ အချင်းချင်း အသေ အလဲပြိုင်ရင်း အားကုန်ပြီး ပြည်ပဈေးကွက်မှာ ပြိုင်ဆိုင် နိုင်စွမ်းကျသွားမယ့် အဖြစ်မျိုး မရောက်အောင်လည်း MITI ကြီးကြပ်တယ်။

ကိုမျိုးချစ် ။ ဂျပန်ကုမ္ပဏီတွေကို MITI အနီးကပ် ကြီးကြပ်တာကိုးဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဂျပန်ကုမ္ပဏီတွေကို ကြီးကြပ်ရုံတင်မကဘူး ပြည်ပကုမ္ပဏီတွေ ဂျပန်နိုင်ငံဈေးကွက်တွင်း အလွယ်တကူ ဝင်မလာအောင်လည်း MITI က အကန့်အသတ်တွေ ပါးပါးနပ်နပ် လုပ်ထားတယ်။

ကိုမျိုးချစ် ။ နိုင်ငံတကာကုန်သွယ်ရေးနဲ့ ပြည်တွင်းစက်မှုလုပ်ငန်းတွေကို MITI တစ်ပြိုင်တည်းချိတ်ပြီး ကြိုးကိုင်ထားတာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒီလို နယ်ပယ်နှစ်ခုကို တစ်ပြိုင်တည်း ကြိုးကိုင်ထားနိုင် တာကိုက ဂျပန်ရဲ့ စီးပွားရေး အောင်မြင်မှုမှာ အရေးပါလှတဲ့ တီထွင်မှုကြီးတစ်ခုလို့ development guru တွေက ပြောတာ ပေါ့ဗျာ။

ကိုမျိုးချစ် ။ ဒါကြောင့်လည်း ဂျပန့်အောင်မြင်မှုမှာ MITI အခရာကျနေ တာနဲ့ တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ အမေရိကအပါအဝင် အနောက်နိုင်ငံတွေကို အမီလိုက်ရာမှာ MITI က အင်ဂျင်ပဲ။ MITI ကြောင့် ဂျပန်ရဲ့ ပုဂ္ဂလိကကဏ္ဍ သိပ်ကြီးထွားလာတော့ Japan Inc လို့ ခေါ်လာကြတယ်။ Japan Inc ရဲ့ ဗဟိုချက်မက MITI ပဲ။ အလုပ်သဘောအရပါ ဗဟိုချက်မ မဟုတ်တော့ဘဲ တည်နေရာအရပါ ဗဟိုချက်မ

ဖြစ်လာတယ်။ MITI အနီးကပ် စဉ်ဆက်မပြတ် ဆက်သွယ်နေရတဲ့ ဂျပန်ကုမ္ပဏီတွေဟာ MITI အနား၊ လမ်းလျှောက်သွားလို့ရတဲ့ အကွာအဝေးမှာ ဌာနချုပ်တွေ ဖွင့်လာကြတာကိုး။

ကိုမျိုးချစ် ။ ဒီလောက်တောင်ကိုး။ MITI အကြံဉာဏ် တွေကလည်း ထိရောက်တယ်နဲ့တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ထိရောက်တယ်။ MITI က အကြံဉာဏ် ပေးရုံတင်မက ကုမ္ပဏီတွေဆီက အကြံဉာဏ်တွေ၊ အတွေးအခေါ်တွေ၊ ပြဿနာတွေကိုလည်း သေချာနားထောင်တယ်။ အပြန်အလှန် အကြံဉာဏ် ဖလှယ်တဲ့ သဘောပေါ့။ အနီးကပ် ပူးပေါင်းဆောင်ရွက်တယ်။

ကိုမျိုးချစ် ။ အဲဒီလို နားထောင်ပြီးမှ သေချာစဉ်းစားတွက်ချက်လို့ရလာတဲ့ ထိရောက်တဲ့ အကြံဉာဏ်တွေကို MITI ပေးလို့ လိုက်နာတဲ့ ဂျပန်ကုမ္ပဏီတွေ အောင်မြင်တာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ဒါပေမယ့် MITI စကားကို နားမထောင်လို့ အောင်မြင်သွားတာတွေလည်း ရှိတယ်။

ကိုမျိုးချစ် ။ ဘယ်လို။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတကာ ကားဈေးကွက်နဲ့ ဆိုင်ကယ်ဈေးကွက်ကို ဂျပန်ကုမ္ပဏီတွေ ဝင်ဖို့ ကြိုးစားရာမှာ MITI က ပစ္စည်း အရေအတွက်များများကို ဈေးချိုချိုနဲ့ ရောင်းနိုင်အောင် ကုမ္ပဏီတွေကို နယ်ပယ်ကန့်သတ်တယ်။ ထုတ်လုပ်တဲ့ ပစ္စည်းအမယ်များရင် အာရုံစိုက်နိုင်မှု နည်းသွားမှာစိုးတယ်၊ အရေအတွက်နည်းသွားမှာစိုးတယ်။ ဒါကြောင့် Honda ကုမ္ပဏီကို မော်တော်ဆိုင်ကယ်ပဲထုတ်ဖို့ MITI က ပြောတယ်။

ကိုမျိုးချစ် ။ အဲဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ MITI ခပ်မာမာ ပြောပေမယ့် Honda က နားမထောင်ဘူးလေ။

ကိုမျိုးချစ် ။ နားထောင်လိုက်ရင် ကျွန်တော်တို့ Honda ကားတွေ မစီးရတော့ဘူးပေါ့။ Honda ကားတွေ ဒီလောက် အောင်မြင်တာကို။ MITI ဒီတစ်ခါတော့ ချာသွားပြီ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေမယ့် MITI ဗဟိုပြုတဲ့ ဒီစနစ်ကြောင့် ဂျပန် အံ့ဩစရာကောင်းလောက်အောင် တိုးတက်လာခဲ့တာ အမှန်ပဲ။ မှန်းထားတဲ့အတိုင်း ဒီစနစ်က ဂျပန်စီးပွားရေးကို ဦးဆောင်နိုင်ခဲ့တယ်။ ၁၉၇၀ လည်းရောက်ရော ဂျပန်က ဥရောပနိုင်ငံတွေအားလုံးကို ကျော်တက်ပြီး ကမ္ဘာ့ ဒုတိယ စီးပွားရေးအင်အားအကြီးဆုံးဖြစ်သွားပြီ။ ၁၉၄၅ စစ်ပြီးစ နှစ်တွေမှာ အမေရိကရိက္ခာအထောက်အပံ့ကြောင့်သာ မငတ်ခဲ့တဲ့ ဂျပန်က မျိုးဆက်တစ်ဆက်အတွင်းမှာ ခုန်ပျံကျော်လွှားပြီး တက်နိုင်ခဲ့တယ်။ ၁၉၇၅ ခုနှစ်မှာ ဂျပန်ရဲ့ အမျိုးသားထုတ်ကုန် GNP က ဒုတိယကမ္ဘာစစ်နိုင် အင်အားကြီးနိုင်ငံ ဗြိတိန်ရဲ့ အမျိုးသားထုတ်ကုန် GNP ရဲ့ နှစ်ဆဖြစ်သွားပြီ။ ဒါတွေ အားလုံးက MITI ဗဟိုပြုစနစ်ကြောင့်ပဲ။

ကိုမျိုးချစ် ။ ဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတော် State က ကိုယ်တိုင် စီးပွားရေး ဝင်မလုပ်ဘူး၊ ကြီးကြပ်တဲ့ Regulatory Authority နေရာမှာပဲ နေပြီး ကုမ္ပဏီတွေ ခိုင်မာအောင်၊ ကမ္ဘာ့ဈေးကွက်တွင်း ထိုးဖောက်နိုင်အောင် ပံ့ပိုးပေးတယ်။ ကုမ္ပဏီတွေနဲ့ နိုင်ငံတော်နဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်တဲ့ Public-Private Partnership ကြောင့် ဂျပန်စီးပွားရေး အံ့မခန်း တိုးတက်ခဲ့တာပါ။ ဒီတော့ ဂျပန့်ဇာတ်လမ်းကို အတိုချုပ် ပြောရရင် နံပါတ်တစ် State as Regulatory Authority၊ နံပါတ်နှစ် Public- Private Partnership ပေါ့။

■




နိုင်ငံတစ်ခုကို ကြီးပွားအောင် လုပ်ချင်ရင်
သူ့ကို အကောင်းပက်ကို ပြောင်းအောင် လုပ်လေ့
ရှိတယ်။ အကောင်းပက်ကို ပြောင်းအောင် လုပ်နိုင်ရင်
အဲဒီ နိုင်ငံ ကြီးပွားပြီပေါ့။

# အပြောင်းအလဲ

ကိုမျိုးချစ် ။ ကျွန်တော် တစ်ခုသတိထားမိတာရှိတယ်။ နိုင်ငံတစ်ခု ကြီးပွား လာတဲ့ အကြောင်း ပြောကြရင် သူ ဘယ်လို ပြောင်းလဲသွားတဲ့ အကြောင်း ပြောကြတယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဖွံ့ဖြိုးတိုးတက်ခြင်း ကိုယ်တိုင်က 'အပြောင်းအလဲ' ပဲဗျ။

ကိုမျိုးချစ် ။ အဆိုးဖက်ကို ပြောင်းသွားရင်ရော။

ဖွံ့ဖြိုးရေးပါရဂူ ။ မေးထိုက်တဲ့ မေးခွန်းပဲ။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ 'အကောင်းဖက်ကို ပြောင်းလဲခြင်း' လို့ အဓိပ္ပာယ် ဖွင့်တတ်ကြ တယ်။ အင်္ဂလိပ်လိုပြောရင် Development is positive change။ အဲဒီတော့ နိုင်ငံတစ်ခုကို ကြီးပွားအောင် လုပ်ချင်ရင် သူ့ကို အကောင်းဖက်ကို ပြောင်းအောင် လုပ်လေ့ရှိတယ်။ အကောင်း ဖက်ကို ပြောင်းအောင်လုပ်နိုင်ရင် အဲဒီနိုင်ငံ ကြီးပွားပြီပေါ့။ Study of Development is the Study of Change၊ 'အပြောင်း အလဲ၏ သဘောသဘာဝကို လေ့လာခြင်းသည် ဖွံ့ဖြိုးတိုးတက် ရေး ပညာရပ်ဖြစ်သည်' ဒီလိုတောင် ပြောကြတယ်။

ကိုမျိုးချစ် ။ အပြောင်းအလဲကို ဘယ်လိုလေ့လာမလဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ အပြောင်းအလဲ လုပ်ရာမှာ 'ပြောင်းနှုန်း'ပေါ် မူတည်ပြီး လေ့ လာရင် အပြောင်းအလဲ အဓိက နှစ်မျိုးရှိတယ်။ တစ်ဆင့်ချင်း ပြောင်းတာ Gradual Change နဲ့ ဝုန်းဒိုင်း ပြောင်းတာ Shock၊ ဓာတ်ကြမ်းတိုက်ကုထုံး Shock Therapy လို့လည်း ခေါ်တယ်။

ကိုမျိုးချစ် ။ ဘယ်ဟာ ပိုကောင်းလဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ Gradual Change ရော Shock Therapy ရော ထောက်ခံသူ ပညာရှင်တွေ အခိုင်အမာ ရှိတယ်။ မြန်မာပြည် လာသွားတဲ့ Joseph Stiglitz လိုပုဂ္ဂိုလ်။ နိုဘယ်ဆုရ စီးပွားရေး ပညာရှင် ဖြစ်တဲ့ ဒီ ပုဂ္ဂိုလ်က နိုင်ငံတစ်နိုင်ငံကို အပြောင်းအလဲ လုပ်တဲ့ နေရာမှာ တစ်ဆင့်ချင်း ပြောင်းတာ အကောင်းဆုံး ဆိုတဲ့ ဝါဒကို စွဲကိုင်တဲ့ gradualist။ နိုင်ငံတစ်ခုကို ပြောင်းလဲရာမှာ ဝုန်းဒိုင်းပြောင်းတဲ့ဝါဒ Shock Therapy ကို အဆိုပြုတဲ့သူတွေ ထဲမှာတော့ စီးပွားရေးပညာရှင် Jeffery Sachs က နာမည် ကျော်ပေါ့။

ကိုမျိုးချစ် ။ ဆင်းရဲခြင်းလွတ်ကင်းအောင် နာမည်နဲ့ ဆရာကျော်ဝင်း ဘာသာပြန်ထားတဲ့ End of Poverty စာအုပ် ရေးတဲ့သူလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ သူက လက်တင်အမေရိကနိုင်ငံတွေနဲ့ ကွန်မြူနစ် စနစ်အောက်က လွတ်စ အရှေ့ဥရောပနိုင်ငံတွေ စီးပွားရေး ပြုပြင်ပြောင်းလဲရေးမှာ အကြံပေးခဲ့တဲ့သူ ဂုရု။ သူက Shock Therapy ခေတ်ကြမ်းတိုက်ကုနည်းကို လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်။ သူက ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲရာမှာ၊ တံခါးဖွင့်တဲ့အခါမှာ ဝုန်းခနဲဒိုင်းခနဲ အားလုံးကို ဖြေလျှော့ လွှတ်လိုက်စေချင်တယ်။ အဲဒီအခါကျ ကိုယ်ပျောက်လက် invisible hand လို့ခေါ်တဲ့ ဈေးကွက်က အရာရာကို ထိန်းညှိ သွားမယ်ဆိုတဲ့ သဘောတရားကို အားကိုးတယ်။ ဈေးကွက်က အကောင်းဆုံးအခြေအနေကို ဖန်တီးပေးမယ်လို့ Sachs က ယုံကြည်တယ်။

ကိုမျိုးချစ် ။ ဟုတ်တယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ စတစ်ဂလစ်ကတော့ ပြောင်းပြန်။ သူက စီးပွားရေး ပြုပြင် ပြောင်းလဲရာမှာ တစ်ဆင့်ပြီး တစ်ဆင့် သွားရမယ်လို့ ယုံကြည် တယ်။ ဈေးကွက်ဟာ သူ့ချည်းသက်သက် လွှတ်ထားရ လောက်အောင် ပြီးပြည့်စုံခြင်းမရှိတာကြောင့် ဈေးကွက်ကို လွှတ်မထားဘဲ အားနည်းတဲ့ နေရာတွေမှာ State က ပါဝင် ရေးကို ထောက်ခံသူဖြစ်တယ်။ သူက ဝုန်းဒိုင်း ပြောင်းတဲ့

နိုင်ငံတွေဖြစ်တဲ့ ရုရှားနဲ့ အရှေ့ဥရောပနိုင်ငံအချို့ ဖရိုဖရဲနှင့် ဒုက္ခရောက်ပြီး နိုင်ငံရဲ့ ဥစ္စာနေတွေ၊ အက်ဆက်တွေ လူနည်းစု လက်ထဲ ရောက်သွားတာကြောင့် freemarket နဲ့ democracy အစား oligarchy (လူ လက်တစ်ဆုပ်စာက နိုင်ငံကို ချယ်လှယ်ခြင်း) အဖြစ် ရောက်သွားခြင်းကို ထောက်ပြတယ်။ နိုင်ငံပိုင် သယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းကြီးတွေကို ဈေးပေါပေါနဲ့ အလျင်စလို ချရောင်း ပစ်လိုက်တာကြောင့် သူဌေးတစ်စု လက်ထဲပဲ ရောက်သွားပြီး နိုင်ငံသားအများစုက အကျိုးမခံစားရတော့ဘူး။ ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးကိုလည်း နိုင်ငံသားတွေက အယုံအကြည်နည်းသွား တယ်။ တစ်ဆင့်ချင်း သွားတဲ့ နိုင်ငံတွေဟာ ဒီလို ဖရိုဖရဲ ဖြစ်တာကို ရှောင်ရှား နိုင်တယ်လို့ စတစ်ဂလစ်က ပြောတယ်။ သူက ဥပမာ ပေးတဲ့အခါ တရုတ်နိုင်ငံကို ဥပမာပေးလေ့ရှိ တယ်။ တရုတ်နိုင်ငံကျ ရည်မှန်းချက်တစ်ခုစီ တစ်ဆင့်ချင်း သွားခဲ့တာ အောင်မြင်တယ်။ အခုဆို ကမ္ဘာ့ မဟာအင်အား ကြီး နိုင်ငံတော် ဖြစ်ဖို့ တာစူနေပြီ။

ကိုမျိုးချစ် ။ မြန်မြန်ပြောင်းတာနဲ့ တစ်ဆင့်ချင်းပြောင်းတာ ဘယ်ပုံစံမှာ အခက်အခဲပိုတွေ့လဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ အခက်အခဲကတော့ ရှိတာချည်းပဲ။ အပြောင်းအလဲကို လုပ်ရာမှာ ဆန့်ကျင်မယ့် အင်အားစုတွေရှိစမြဲပဲ။ သူတို့က ပြောင်းလဲရေးကို ဟန့်တားဖို့ နည်းမျိုးစုံနဲ့ ကြိုးစားကြတယ်။ ဒီပုဂ္ဂိုလ်တွေဟာ လက်ရှိစနစ်ကနေ အခွင့်အရေး ကြီးကြီးမားမား ရနေသူတွေ ဖြစ်တတ်တယ်။ ပြောင်းလဲ သွားရင် အကျိုးယုတ်မှာစိုးတာကြောင့် အပြောင်းအလဲကို ကြောက်သူတွေ ဖြစ်တယ်။ တစ်ဆင့်ချင်း ပြောင်းလို့ရှိရင် ဒီပုဂ္ဂိုလ်မျိုးတွေက ပြန်ပြီး နဂို အနေအထားအတိုင်း ပြန်ပုံဖော်လို့ ရနိုင်တယ်လို့ Shock Therapy ထောက်ခံသူတွေက ဆိုတယ်။ ဝုန်းဒိုင်း ဆိုပြီး မမှတ်မိလောက်အောင် ပြောင်းလိုက်ရင် ပြန်ပြင်ဖို့ မဖြစ်နိုင်တော့ဘူး။ အပြီး ပြောင်းလဲသွားမယ်ပေါ့။ ဒါကြောင့် ပြောင်းပြီဆိုပြီး ဝုန်းဒိုင်း ပြောင်းမှ ဖြစ်မယ်လို့

ပြောကြတယ်။ တရုတ်ကိစ္စမှာကျ ဝုန်းဒိုင်း ပြောင်းလို့ ရကို မရဘူး။ ကွန်မြူနစ် ဝါဒမှာ မြုပ်နှံ ကိုယ့်ဘဝကိုယ် စတေးပြီး နိုင်ငံကို ဦးဆောင် ချီတက်လာတဲ့ ဝါရင့် ကွန်မြူနစ်ကြီးတွေက အင်အား သိပ်ကောင်းတယ်။ နိုင်ငံရေး၊ စီးပွားရေး ဝုန်းဒိုင်း ပြောင်း ဓာတ်ကြမ်း တိုက်မယ်ဆိုရင် လုံးဝ လက်ခံမှာ မဟုတ်ဘူး။ နိုင်ငံကြီးပွားအောင် ကွန်မြူနစ် စနစ်နဲ့ ဆက်သွားလို့ မရနိုင်ဘူး ဆိုတာသိတဲ့ အပြောင်းအလဲ လုပ်လိုသူ တိန့်ရှောင်ဖိန်က ပါးပါးနပ်နပ်နဲ့ သူ သွားချင်တဲ့ လမ်းကြောင်းကို 'တရုတ်နည်းကျ ဆိုရှယ်လစ်ဝါဒ' ဆိုပြီး နာမည်ပေးရတာလေ။ တရုတ်နည်းကျ ဆိုရှယ်လစ်ဝါဒ ဆိုတာ တကယ်တော့ ဘာမှ မဟုတ်ဘူး။ နိုင်ငံရေး၊ နိုင်ငံအုပ်ချုပ်ရေးကို ကွန်မြူနစ်ပါတီက ဆက်ကိုင်ထားမယ်၊ စီးပွားရေးကို ဈေးကွက် စီးပွားရေးနဲ့ သွားမယ် ဒါပဲ။ စီးပွားရေးကနေ စပြောင်းမယ်၊ ပြီးမှ တစ်ဆင့်ချင်း ပြောင်းလာတာပေါ့။

ကိုမျိုးချစ် ။ အဲဒီနှစ်ခုမှာ ပန်းတိုင်ရောက်တာချင်းကြတော့ရော။

ဖွံ့ဖြိုးရေးပါရဂူ။ တရုတ်က စီးပွားရေးပိုင်းမှာ ပြုပြင်ပြောင်းလဲခဲ့တာကြောင့် တရုတ်ရဲ့ နိုင်ငံရေးလည်း လိုက်ပါပြောင်းလဲလာခဲ့တယ်။ စီးပွားရေးကတော့ ပြောမနေနဲ့တော့။ နှစ် ၃၀ အတွင်း လူသန်း ၃၀၀လောက် ဆင်းရဲတွင်းထဲက ဆွဲထုတ်နိုင်ခဲ့တယ်။ ဂျပန်ကိုတောင် ပခုံးချင်းယှဉ်နေပြီ။ တရုတ် စီးပွားရေး စပြောင်းစ အချိန်နဲ့ ယနေ့ တရုတ်ပြည်ကို ယှဉ်ကြည့်ရင် နိုင်ငံရေးပိုင်းမှာလည်း မမှတ်မိတော့လောက်အောင် ပြောင်းလဲသွားတာကို တွေ့ရတယ်။ အရင် ဆိုရှယ်လစ်စနစ်ရဲ့ ရန်သူဖြစ်ခဲ့တဲ့ စီးပွားရေး လုပ်ငန်းရှင်တွေကိုတောင် တရုတ်ကွန်မြူနစ် ပါတီဝင်ခွင့်ပြုလိုက်ပြီ။ အရင်က တရုတ်ပြည်က ကမ္ဘာမှာ ကွန်မြူနစ်စနစ်ပြန့်ပွားရေးကို အားထုတ်လုပ်ကိုင်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံတွေ အပါအဝင် အရှေ့တောင်အာရှ နိုင်ငံတွေက ကွန်မြူနစ်ပါတီတွေကို ပေါ်ပေါ်တင်တင်တစ်မျိုး၊ လက်သိပ်ထိုး တစ်မျိုး ထောက်ပံ့ခဲ့တာကြောင့် ဒီနိုင်ငံတွေနဲ့ ဆက်ဆံရေး မပြေမလည် ဖြစ်ခဲ့တယ်။ ယနေ့ တရုတ်ပြည်ဟာ ကွန်မြူနစ်

စနစ်ကို မမြှင့်တင်တော့ဘူး။ အရင်က နိုင်ငံတကာ အသိုက်အမြုံတွင်း မပါဝင်ဘဲ သီးခြား တစ်ကိုယ်တော် နေခဲ့ရာမှ အခုအချိန်မှာ နိုင်ငံတကာစနစ်အတွင်း ထဲထဲဝင်ဝင် ပါဝင်နေပြီး တရုတ်မပါရင် မဖြစ်တဲ့ အနေအထားမျိုးတောင် ရောက်နေပါပြီ။

ကိုမျိုးချစ် ။ တရုတ်နဲ့ Gradual Change နဲ့ အကျိုးပေးသွားတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဆိုဗီယက်ပြည်ထောင်စုကို အဓိက အမွေခံခဲ့တဲ့ ရုရှားက Shock Therapy နဲ့ အားလုံးကို ဖြိုချ ပြောင်းလဲခဲ့တာ။ တရုတ်က တစ်ဆင့်ချင်း သွားခဲ့တာ။ လူနေမှုဘဝ၊ ဝင်ငွေ ဒါတွေ အားလုံး ပေတံတွေချင်း ယှဉ်ကြည့်လိုက်ရင် အခုအချိန် မှာ တရုတ်က အပြတ်အသတ် သာနေတယ်။ ယုန်နဲ့ လိပ် အပြေးပြိုင်ပွဲမှာ လိပ်နိုင်သွားတဲ့ ဖြစ်ရပ်ပဲလို့ စတစ်ဂလစ်က ဒါကို တင်စားခဲ့တယ်။

■




**Political Science** ဆိုတာ ကလည်း
နိုင်ငံကြီးပွားရေးမှာ အရေးကြီးတဲ့ ဘာသာရပ်
ပါပဲဗျာ။ နိုင်ငံကြီးပွားရေး လုပ်မယ့်သူတိုင်း၊ နိုင်ငံကို
ကြီးပွားစေလိုသူတိုင်း မတတ်ရင်တောင် မသိလို့ မရဘူး။

# နိုင်ငံရေးသိပ္ပံ

ကိုမျိုးချစ် ။ ကျွန်တော်က မျိုးချစ်စိတ်သာ ရှိတာ နိုင်ငံရေးနဲ့ကျ အစိမ်းသက်သက် ပါပဲဗျာ။ ဒါပေမယ့် ရေရေလည်လည်တော့ နားလည်ချင်တယ်။ အဲဒါ ဘယ်လို လုပ်ရမလဲ။ ကျွန်တော်တို့ နှစ်ယောက် ပြောနေကျ နိုင်ငံတွေ ဖွံ့ဖြိုး တိုးတက်လာပုံ စကားဝိုင်းနဲ့တော့ သိပ် မဆိုင်ဘူးနဲ့တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံရေး ဆိုတာ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးနဲ့ အဆိုင်ဆုံး အကြောင်းအရာ တစ်ရပ်ပါပဲ။ Political Science ဆိုတာ ကလည်း နိုင်ငံကြီးပွားရေးမှာ အရေးကြီးတဲ့ ဘာသာရပ် ပါပဲဗျာ။ နိုင်ငံကြီးပွားရေး လုပ်မယ့်သူတိုင်း၊ နိုင်ငံကို ကြီးပွားစေလိုသူတိုင်း မတတ်ရင်တောင် မသိလို့ မရဘူး။ နိုင်ငံရေး အကြောင်း စနစ်တကျသိချင်ရင်တော့ ဒီတိုင်း ရှိုးရှိုး ဖတ်တာ၊ လေ့လာတာထက် Political Science သဘောတရားတွေ အတိုင်း လေ့လာရင် အကောင်းဆုံးပေါ့ဗျာ။

ကိုမျိုးချစ် ။ အဲလောက်တောင်ပဲလား။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံရေးသိပ္ပံဆိုတာ အခြေခံလောက်တော့ နိုင်ငံသားတိုင်း သိထားသင့်တဲ့ ဘာသာရပ်ပဲ။ Civic Education တို့ Citizenship Training တို့ဆိုတာ နိုင်ငံရေး သိပ္ပံထဲက အချက်အလက်တွေ ဆွဲထုတ်ထားတာပဲ။ အထူးသဖြင့် မူဝါဒ ချမှတ်သူတွေ၊ နိုင်ငံချစ်သူတွေ အနည်းဆုံး တီးမိခေါက်မိ ရှိအောင်လောက်တော့ တတ်ထားသင့်တဲ့ ပညာပဲ။

ကိုမျိုးချစ် ။ ဒါပေမယ့် နိုင်ငံရေးဆိုတာ ညစ်ပတ်တယ်လေ။ ဒီတော့ နိုင်ငံရေးကိုလေ့လာတဲ့ နိုင်ငံရေးသိပ္ပံ ဆိုတာကရော။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံရေးဆိုတာ ညစ်ပတ်ချင် ညစ်ပတ်မယ်ဗျာ။ အာဏာ အလွဲသုံးစားလုပ်တာ၊ ခြစားတာတွေ ရှိချင်ရှိမယ်။ ဒါတွေဟာ နိုင်ငံရေးရဲ့ စရိုက်လက္ခဏာတွေပဲ။ ဘယ်နိုင်ငံမှာမဆို တွေ့ရတယ်။ နည်းတာနဲ့ များတာပဲ ကွာတယ်။ ဒါပေမယ့် ခင်ဗျား အနေနဲ့ ခင်ဗျားလေ့လာမယ့်အရာကို မြတ်နိုးဖို့ မလိုပါဘူး။

ကိုမျိုးချစ် ။ ကိုယ်လေ့လာရမယ့် အရာကို သဘောမကျရင် ကောင်းပါ့ မလား ဆရာရယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဥပမာ ဇီဝဗေဒပညာရှင်ပဲဖြစ်ဖြစ်၊ ဆရာဝန်ပဲဖြစ်ဖြစ် ဆိုပါစို့။ သူက လူကို ရောဂါဖြစ်စေနိုင်တဲ့ ဘက်တီးရီးယား တွေကို မှန်ပြားပေါ် တင်ပြီး အဏုကြည့်မှန်ပြောင်းအောက်မှာ ထားပြီး ကြည့်မလို့။ ဘက်တီးရီးယားကို သူ မကြိုက်ဘူး။ ဒါပေမယ့် ဘက်တီးရီးယားက ဘယ်လို ကြီးထွားလဲ၊ ဘယ်လို ဒုက္ခပေးတာလဲ၊ ဘယ်လိုနည်းနဲ့ ဒီဘက်တီးရီးယားကို သုတ်သင်နိုင်လဲ၊ ဒါတွေကိုတော့ သူစိတ်ဝင်စားတယ်။ ဘက်တီးရီးယားကိုလဲ သူ ဒေါသ မထွက်ဘူး။ သူဟာ ဘက်တီးရီးယားရဲ့ သဘော သဘာဝ၊ လောကကြီးရဲ့ သဘောသဘာဝကို လေ့လာပြီး လူတွေကို ကောင်းကျိုးပြုချင်တယ်။ နိုင်ငံရေး သိပ္ပံပညာရှင်တွေ၊ နိုင်ငံရေး သိပ္ပံလေ့လာသူတွေဟာလည်း ဒီတိုင်းပါပဲ။

ကိုမျိုးချစ် ။ ဒါနဲ့ နေပါဦး၊ နိုင်ငံရေး သိပ္ပံ ဆိုတာဘာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံရေး သိပ္ပံဆိုတာ 'နိုင်ငံရေးကိုလေ့လာတဲ့ ပညာရပ်' Study of Politics ပေါ့ဗျာ။ အဲဒီတော့ မေးစရာရှိလာပြန်ပြီ။ နိုင်ငံရေး ဆိုတာ ဘာလဲဆိုတဲ့ မေးခွန်း။ နိုင်ငံရေးဆိုတာ 'ဘယ်သူ ဘာကို ရသလဲ' 'who gets what' ဆိုတော့ နိုင်ငံရေးသိပ္ပံဆိုတာ 'ဘယ်သူ ဘာကိုရသလဲဆိုတာ လေ့လာတဲ့ပညာရပ်' Study of Who gets What ပေါ့ဗျာ။ နိုင်ငံရေးသိပ္ပံဌာန Department of Political Science ကို Department of Government လို့

လည်း ခေါ်တယ်။ ဒီတော့ နိုင်ငံရေး သိပ္ပံဆိုတာ 'အစိုးရကို လေ့လာခြင်း' Study of Government လို့လည်း ပြောနိုင်တာပေါ့။ နောက်တစ်ခုက နိုင်ငံရေးသိပ္ပံဆိုတာ 'ဩဇာအာဏာကို လေ့လာခြင်း' Study of Power လို့လည်း ပြောကြတယ်။ ပိုတိကျချင်တဲ့သူတွေ ကတော့ Political Science is the study of Political Power 'နိုင်ငံရေး အာဏာကို လေ့လာသော ဘာသာရပ်' လို့ ခေါ်ကြတာပေါ့။

ကိုမျိုးချစ် ။ မေးစရာရှိလာပြန်ပြီ။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေမှာ 'ဘယ်သူတွေ ဘာရ' ဆိုတာကို ဈေးကွက်က သူ့အလိုလို ဆုံးဖြတ်ပေးမသွားဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ အရာရာကို ဈေးကွက်က ဆုံးဖြတ်သွားမယ် ဆိုတဲ့ သဘောတရားအရ အဲဒီလိုပြောလို့ရပါတယ်။ ဒါပေမယ့် Microsoft ကုမ္ပဏီက ဈေးကွက်ကို လက်ဝါးကြီးအုပ် မောင်ပိုင်စီးထားတယ် ဆိုပြီး ကုမ္ပဏီကို နှစ်ခု ခွဲခိုင်းလိုက်တာက ဘယ်သူလဲ။ ပိုင်ရှင် ဘီလ်ဂိတ်စ်တစ်ယောက် ဒေါ်လာ ဘီလီယံပေါင်းများစွာ ဆုံးရှုံးသွားနိုင်တဲ့ ဆုံးဖြတ်ချက်နော်။ တိုယိုတာကုမ္ပဏီက ကားတွေ ချွတ်ယွင်းပါတယ် ဆိုပြီး ခေါ်ယူစစ်ဆေးတာ ဘယ်သူလဲ။

ကိုမျိုးချစ် ။ ဒီလိုကျလည်း ဟုတ်သားပဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ တကယ်တော့ ယနေ့ခေတ်လူသားတွေရဲ့ ဘဝအစိတ်အပိုင်းအများစုကို နိုင်ငံရေးကပဲ ချုပ်ကိုင်ထားတယ်။ ဥပမာ ရေကြီးတယ်ဆိုတာ သဘာဝပဲ။ ဒါပေမယ့် ရေနောက်ထပ် မကြီးအောင် ရေကာတာတွေ ဆောက်မလား၊ မဆောက်ဖူးလား၊ ရေဘေး သင့်သူတွေကို ဘယ်လိုကယ်မလဲ၊ ဘယ်လိုနေရာချထားမလဲ။ ဒါတွေက နိုင်ငံရေးနဲ့ နိုင်ငံရေးစနစ်နဲ့ ဆိုင်တယ်။

ကိုမျိုးချစ် ။ ဒီတိုင်းဆို နိုင်ငံရေးနဲ့ ဘယ်ဟာမှ ပြေးမလွတ်တော့ဘူး။

ဖွံ့ဖြိုးရေးပါရဂူ ။ တကယ်တော့ လူဆိုတာကိုက နိုင်ငံရေးသတ္တဝါ Political Animal ပဲဗျ။ လူတွေများလာပြီဆိုရင် နိုင်ငံရေးပါလာတာပဲ။ အုပ်စုဖွဲ့ပြီးနေကြပြီဆိုရင် နိုင်ငံရေး ပါကိုပါတယ်။ လူဆိုတာ

အုပ်စုဖွဲ့ပြီး နေကြတဲ့ သတ္တဝါတွေဖြစ်တာကြောင့် Social Animal လို့လည်း ခေါ်ကြတယ်။ Homo politicus ကို 'လူသား သည် နိုင်ငံရေးသတ္တဝါ' လို့ ဘာသာပြန်တာ များပေမယ့် တကယ်တော့ အဲဒီစကားလုံး စ ပေါ်လာတဲ့ ခေတ်တုန်းက politicus ကို social လို့လည်း အဓိပ္ပာယ်ပြန်ကြတာကြောင့် Homo politicus ကို 'လူသားသည် လူမှုသတ္တဝါ' လို့ ဘာသာ ပြန်ရတယ်။ နိုင်ငံရေးဆိုတာ အားလုံးလိုလိုနဲ့ ဆိုင်နေတော့ နိုင်ငံရေးသိပ္ပံဆိုတာလည်း 'အားလုံးကို လေ့လာတဲ့ ဘာသာ ရပ်' Study of Everything လို ဖြစ်နေတယ်။ ဒီတော့ နိုင်ငံရေး သိပ္ပံ ဆိုတာက ဘာသာရပ်တွေ တော်တော်များများ စုပေါင်း ဖွဲ့စည်းထားတဲ့၊ ဘာသာရပ်တွေ တော်တော်များများကို သုံးစွဲ ရတဲ့ ဘာသာရပ် ဖြစ်နေတယ်။ အင်္ဂလိပ်လိုတော့ interdis- ciplinary ၊ cross-disciplinary ဆိုကြတယ်။ သမိုင်း၊ စီးပွားရေး ပညာ၊ စိတ်ပညာ၊ လူသား ပထဝီဝင် Human Geography၊ Sociology ဒီ ဘာသာရပ်တွေကို မှန်ပြောင်းသဖွယ် သုံးစွဲပြီး နိုင်ငံရေးကို ကြည့်တာပဲ၊ လေ့လာတာပဲ။

ကိုမျိုးချစ် ။ နိုင်ငံရေးကို ဘက်ပေါင်းစုံနဲ့ အမြင်ပေါင်းစုံက ကြည့်တာပေါ့။


ဖွံ့ဖြိုးရေးပါရဂူ ။ ဘယ်လိုပဲ လေ့လာ လေ့လာ နိုင်ငံရေးကို လေ့လာရာမှာ အချက် တစ်ချက်ကိုတော့ လုံးဝ မေ့လို့မရဘူး။ နိုင်ငံရေးမှ မဟုတ်ပါဘူး၊ ဘာကိုပဲ လေ့လာ လေ့လာ ဒါကိုပဲ သုံးရမှာပဲ။ Never get angry at a fact တွေ့ရတဲ့ ဘယ်အချက်အလက်ကိုမှ ဒေါသမထွက်ပါနဲ့။ ခံစားချက်နောက်ကို ကိုယ်ပါ မသွားဘဲ ကိုယ့်ရဲ့ရည်မှန်းချက်သည် နိုင်ငံရေးကို ပိုသိနားလည်ဖို့ဆိုတာ ကို အမြဲစိတ်ထဲထားရမယ်။ ဥပမာ အကျိုးလိုလို့ ညောင်ရေ လောင်းတဲ့ အဖွဲ့အစည်း Interest Group တစ်ခုက ပေးတဲ့ငွေကို နိုင်ငံရေးသမားတစ်ယောက် လက်ခံတယ် ဆိုပါစို့။ နိုင်ငံရေး သမားတစ်ယောက်ဖြစ်ရက်သားနဲ့ ဒီလူ မသန့်ရှင်းရကောင်း လား ဆိုပြီး ထွက်လာတဲ့ ကိုယ့်ရဲ့ ဒေါသကို ဘေးချိတ်ပြီး မေးခွန်းတွေ မေးရမယ်။ ဒီနိုင်ငံရေးသမားက ဘာကြောင့် ဒီလို အဖွဲ့အစည်းမျိုးဆီက ငွေလက်ခံရတာလဲ။ သူ့လိုမျိုး တခြား

နိုင်ငံရေးသမားတွေရော ငွေလက်ခံကြလား။ ဒါမျိုး လက်ခံတာသည် ဒီနိုင်ငံမှာ အစဉ်အလာဖြစ်နေလား။ ဒါမျိုး လက်ခံရအောင် နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေဟာ တခြားနည်းနဲ့ ရန်ပုံငွေ ရှာလို့ မရလို့လား။ ဒါမှမဟုတ် အဲဒီနိုင်ငံမှာ ရွေးကောက်ပွဲ အသုံးစရိတ် ကြီးမားလို့လား။ အကျိုးလိုညောင်ရေလောင်းတဲ့ အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍ ဘယ်လောက်အထိ ရှိနေလဲ။ ဒါမျိုးတွေ မေးရမယ်။ ကိုယ့်ရဲ့ စိတ်ခံစားမှုနောက်ကို မလိုက်ဘဲ ဒီကိစ္စကို နားလည်ဖို့ပဲ ဦးစားပေး လေ့လာရမယ်။

ကိုမျိုးချစ် ။ ဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ အဓိက သုံးချက်ပါပဲ။ Politics is the Study of who gets what၊ Humans are political animals နဲ့ Never get angry at a fact။

■



နိုင်ငံသားတွေကလည်း အလုပ် ကြိုးစားတယ်။
စက်မှု ပွဲ့ဖြိုးအောင် လုပ်ဆောင်ဖို့
အမျိုးသားရေး သန္နိဋ္ဌာန် ချထားတယ်။
မြောက်ကိုရီးယား ရဲ့ အန္တရာယ်ကို ကြောက်စိတ်က
အစိက မောင်းနှင်အားပဲ။

# ကိုရီးယား ဇာတ်လမ်းတွဲနှင့် တော်ကောက်ခြင်း

ကိုမျိုးချစ် ။ ဂျပန် ကြီးပွားလာပြီးတဲ့နောက် အရှေ့အာရှမှာ ဘယ်နိုင်ငံက စံနမူနာ ပြလောက်အောင် ကြီးပွားလာသေးလဲဆရာ။

ဖွံ့ဖြိုးရေးပါရဂူ ။ တောင်ကိုရီးယားပေါ့ဗျာ။

ကိုမျိုးချစ် ။ ဟုတ်ပ့ါဗျာ။ ကိုရီးယားဇာတ်လမ်းတွဲတွေကို LG တီဗီ ကနေ ကြည့်ပြီး Samsung hanset ကိုင်နေတာတောင် မေ့ဖြစ်အောင် မေ့နေသေးတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ကိုရီးယားစစ်ပွဲကြောင့် အဲဒီဖုန်း ခင်ဗျားလက်ထဲ ရောက်လာတာပေါ့။

ကိုမျိုးချစ် ။ Samsung handset နဲ့ ကိုရီးယားစစ်ပွဲနဲ့ ဟုတ်လား။ ဘာဆိုင်လို့လဲ ဆရာရယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘယ်လို ဆိုင်လဲဆိုတာ ပြောရင်းဆိုရင်း ခင်ဗျား သိလာပါလိမ့်မယ်။ ၁၉၄၅ ခုနှစ်မှာ ကိုရီးယား ကျွန်းဆွယ်ကို တောင်နဲ့ မြောက်ကိုရီးယား ဆိုပြီး နှစ်ခြမ်းခွဲလိုက်ကြတဲ့ အခါမှာ တောင်ကိုရီးယားဘက်ခြမ်းမှာ ဘာမှ သိပ် မကျန်ခဲ့ဘူး။ ဂျပန်တွေက ကိုရီးယားကျွန်းဆွယ်ကို ဆယ်စုနှစ်ပေါင်းများစွာ သိမ်းပိုက် အုပ်ချုပ်ခဲ့တယ်။ ဂျပန်တွေ ဆောက်ထားခဲ့တဲ့ ရေအားလျှပ်စစ်စက်ရုံတွေ၊ ဓာတုဗေဒ စက်ရုံတွေ၊ ဓာတ်မြေဩဇာ စက်ရုံတွေ အားလုံးလိုလို မြောက်ကိုရီးယားဘက်ခြမ်း ရောက်သွားတယ်။

ကိုမျိုးချစ် ။ ဘာအမွေမှ မရလိုက်တဲ့ သဘောပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါတင်ဘယ်ကမလဲ။ အင်အားတစ်သိန်းကျော်ရှိတဲ့ မြောက်ကိုရီးယားတပ်တွေက ၁၉၅၀ မှာ တောင်ကိုရီးယားကို ဝင်တိုက်တယ်။ စစ်ရှိန်မြင့်လာပြီး မြောက်ကိုရီးယား တပ်တွေက မြို့တော် ဆိုးလ်အနားတောင် ရောက်လာခဲ့တယ်။ သက်တမ်းနုနုပဲရှိသေးတဲ့ တောင်ကိုရီးယားနိုင်ငံ မြေပုံပေါ်က ပျောက်ပြီလို့ ထင်ကြရတဲ့အထိပဲ။ ကိုရီးယားစစ်ပွဲက ၁၉၅၃ ခုနှစ်မှာ ပြီးသွားတယ်။ ပြီးသွားပေမယ့် ငြိမ်းချမ်းရေးစာချုပ် မချုပ်နိုင်ခဲ့ဘူး။ အပစ်အခတ်ရပ်စဲရေး စာချုပ်ပဲ ချုပ်နိုင်ခဲ့တယ်။

ကိုမျိုးချစ် ။ စစ်ဖြစ်နေဆဲပဲ ဆိုတဲ့ သဘောပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒီအန္တရာယ်ရယ်၊ ကိုရီးယားကျွန်းဆွယ်ကို အမွေခွဲချိန်မှာ ဘာမှ မရလိုက်တာရယ် နှစ်ခုပေါင်းက တောင်ကိုရီးယားရဲ့ စိတ်ကို တစ္ဆေတစ်ကောင်လို အမြဲခြောက်လှန့်နေခဲ့တယ်။ ကိုရီးယားစစ်လဲပြီးရော တောင်ကိုရီးယားဟာ သူ့ရဲ့ စီးပွားရေးကို ခိုင်မာအောင် တည်ဆောက်ဖို့ ရေကြီးသုတ်ပျာ ဆောင်ရွက်တော့တာပဲဗျာ။

ကိုမျိုးချစ် ။ စစ်အင်အားကောင်းအောင်လို့လား။

ဖွံ့ဖြိုးရေးပါရဂူ ။ မြောက်ကိုရီးယားက ကွန်မြူနစ်နည်းဟန်နဲ့ စက်မှုနိုင်ငံ အမြန်တည်ထောင်နေပြီ (Rapid Industrialization Commu nist Style) ကိုး။ ဒီတော့ တောင်ကိုရီးယားအနေနဲ့ အနောက်မှာ ကျန်နေလို့ မရဘူး။ အမီလိုက်မှ ရမယ်။ ပြီးတော့ ကျွန်တော်တို့ သိရမှာက အခုခေတ်လို ကွန်မြူနစ်စနစ် ခေတ်မစားတော့တဲ့ အချိန်မဟုတ်ဘူး။ ဆိုဗီယက် ပြည်ထောင်စုဟာ နာဇီဂျာမနီကို အနိုင်တိုက်ခဲ့တယ်။ နိုင်ငံတွင်းမှာ ဂျာမန်တွေကို တိုက်နေတဲ့ အချိန်တွင်းမှာလည်း နိုင်ငံကို ပြန်ထူထောင်ဖို့ ငါးနှစ် စီမံကိန်းတွေ ချမှတ်ပြီး အောင်အောင်မြင်မြင် ပြန်ထူထောင်နိုင်ခဲ့တယ်။ စစ်အတွင်းမှာ ဆိုဗီယက်ပြည်ထောင်စုက နိုင်ငံသား သန်း ၂၀ သေကြေခဲ့ပြီး အခြေခံ အဆောက်အဦ အများအပြား ဆုံးရှုံးခဲ့ပေမယ့် စစ်အပြီး မကြာခင်ပဲ ကမ္ဘာ့ မဟာအင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် အမေရိကန်

ပြည်ထောင်စုနဲ့အပြိုင် ပေါ်ပေါက်လာခဲ့တယ်။ ဆိုဗီယက် ပြည်ထောင်စုရဲ့ စက်မှုတည်ဆောက်ရေး Industrialization ပုံစံရဲ့ အောင်မြင်မှုကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုခဲ့ရပြီး ပုံတူကူးဖို့လည်း ကြိုးစားခဲ့ကြတယ်။ ဒါကြောင့် တောင်ကိုရီးယားက သူကိုယ်တိုင် စီးပွားရေး တည်ဆောက်ဖို့ တက်သုတ်ရိုက်ရတော့တာလေ။

ကိုမျိုးချစ် ။ အဲဒါနဲ့ တောင်ကိုရီးယားလည်း စီးပွားရေး တည်ဆောက်ရတော့တာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ထင်သလောက်တော့ မလွယ်ဘူးဗျ။ ကိုရီးယား စစ်ပွဲတွင်းမှာ လူငယ်အများကြီး သေဆုံးကုန်တယ်။ မရှိမဲ့ရှိမဲ့ စက်ရုံ အလုပ်ရုံတွေရဲ့ သုံးပုံ နှစ်ပုံလောက် ပျက်စီးကုန်တယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ ပထမဆုံး သမ္မတ ဆင်မန်ရီး အတော်အကြပ်ရိုက်ခဲ့တာပေါ့။ သူက ကိုရီးယားကျွန်းဆွယ် လွတ်လပ်ရေးအတွက် နှစ် ၄၀ လောက် ပြည်ပမှာ လှုံ့ဆော်ခဲ့ပြီး အမေရိကန် ပြည်ထောင်စု ပရင့်စတန်တက္ကသိုလ် Princeton University ကနေ ပါရဂူဘွဲ့ ရခဲ့ပေမယ့် နိုင်ငံရေးနဲ့ပဲ အချိန်ကုန်နေတာကြောင့် သူ့လက်ထက်မှာ နိုင်ငံ့စီးပွားရေး သိပ်ရှေ့မတိုးနိုင်ခဲ့ဘူး။ စက်မှုဖွံ့ဖြိုးအောင် အမိက လုပ်ဆောင်ခဲ့တာက ၁၉၆၁ ပတ်ချုံဟီး လက်ထက်မှာမှ စတာ။ တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးကို တောင်ကိုရီးယား ကုမ္ပဏီ Korea Inc လို့ သတ်မှတ်ရင် ပတ်ချုံဟီးက အမှုဆောင်အရာရှိချုပ်ပဲ။ နိုင်ငံသားတွေကလည်း အလုပ် ကြိုးစားတယ်။ စက်မှု ဖွံ့ဖြိုးအောင် လုပ်ဆောင်ဖို့ အမျိုးသားရေး သန္နိဋ္ဌာန် ချထားတယ်။ မြောက်ကိုရီးယားရဲ့ အန္တရာယ်ကို ကြောက်စိတ်က အမိက မောင်းနှင်အားပဲ။

ကိုမျိုးချစ် ။ ဂျပန့် ဇာတ်လမ်းတုန်းကကျ အငတ်ဘေးကို ကြောက်စိတ်၊ အနောက်နိုင်ငံတွေကို အမီလိုက်လိုစိတ်က မောင်းနှင်သွားတယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ စိတ်ဓာတ်ပိုင်းအရင် ပြုပြင်ပြောင်းလဲဖို့ လိုတယ် ဆိုတာ ဂျပန်ရော တောင်ကိုရီးယားကရော သက်သေပဲဗျ။

ကိုရီးယားက အရှေ့အာရှနိုင်ငံတွေထဲမှာ ဂျပန်ပုံစံကို လိုချင်လို့ကို မွေးစားယူလိုက်တာ အသိသာဆုံးပဲ။ ရယ်တော့ ရယ်ရတယ်။ ကိုရီးယား ကျွန်းဆွယ်ကို ဂျပန်တွေက ကိုလိုနီလုပ်ထားတာ ၁၈၉၅ ခုနှစ် ကတည်းက။ ဂျပန်တော်လှန်ရေး ကိုရီးယားတွေ လုပ်လာတာကြာလှပြီ။ ဂျပန်တွေက ရက်စက်ခဲ့တော့ ကိုရီးယားတွေက ဒုတိယကမ္ဘာစစ်အပြီးမှာ ဂျပန်တွေကို မုန်းနေကြတုန်း။ ဒါပေမယ့် တောင်ကိုရီးယားက စီးပွားရေး တိုးတက်အောင် မဟာဗျူဟာချမယ် ကြံတော့ ဟိုဘက်ကမ်းက ဂျပန်တွေ ပြာပုံကနေ ရုန်းထွက်ပြီး စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်ဖို့ တာစူနေတာကို သွားမြင်တယ်။ ကိုရီးယားအရာရှိကြီးတွေကလည်း ဂျပန့်ခေတ်မှာ ဂျပန်ကျောင်းတွေ တက်ခဲ့ရတာကြောင့် သူတို့ကို ဂျပန် ယဉ်ကျေးမှုက လွှမ်းမိုးထားတယ်။ သမ္မတ ပတ်ချုံဟီးကလည်း ဂျပန်စစ်တက္ကသိုလ်ဆင်း။ အဲဒီမှာတင် ဂျပန် စီးပွားရေးမော်ဒယ်နဲ့ MITI ကို ပုံတူကူးလိုက်တာပဲ။

ကိုမျိုးချစ် ။ ဂျပန် မုန်းတဲ့သူတွေ နောက်ဆုံးတော့ ဂျပန်ပုံစံပဲ အတုယူကြရတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ကိုရီးယားရဲ့ စီးပွားရေးဖွံ့ဖြိုးမှု မူဝါဒကလည်း ပို့ကုန်မြှင့်တင်ရေးပဲ။ 'အစိုးရက ဝင်စွက်ဖက်တယ်။ ဒါပေမယ့် ဘာအတွက် ဝင်စွက်ဖက်တာလည်းဆိုတော့ ပို့ကုန်မြှင့်တင်ရေးအတွက်'။ မူလကတော့ ပို့ကုန်မြှင့်တင်နိုင်ရင် ပြီးရော။ နောက်ပိုင်းကျတော့ မူဝါဒပြောင်းသွားတယ်။ နိုင်ငံတကာ ဈေးကွက်မှာ ဝင်ယှဉ်ပြိုင်နိုင်ဖို့၊ ပြည်တွင်းဈေးကွက်ကို နိုင်ငံခြား သွင်းကုန်တွေ ဝင်မလာအောင် ကြံ့ကြံ့ခံဖို့ဆိုရင် ဧရာမကုမ္ပဏီကြီးတွေ လိုအပ်တယ်လို့ ကိုရီးယားမူဝါဒချမှတ်သူတွေ မြင်လာတယ်။ ဒါကြောင့် လုပ်ငန်းမျိုးစုံ လုပ်ကိုင်တဲ့ ကုမ္ပဏီခွဲတွေကို ချုပ်ကိုင်ထားတဲ့ Chaebol လို့ ခေါ်တဲ့ နိုင်ငံတွင်း ထိပ်သီးကုမ္ပဏီကြီးတွေ ပေါ်လာအောင် အားပေးတယ်။

ကိုမျိုးချစ် ။ ဘယ်လို အားပေးတာလဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ နယ်ပယ်တစ်ခုမှာ အောင်မြင်နေတဲ့ ကုမ္ပဏီတွေကိုရွေးတယ်။ ဥပမာ တည်ဆောက်ရေး၊ ငါးဖမ်းလုပ်ငန်း စသည်ဖြင့်ပေ့ါ။ ပြီးရင် အဲဒီ ကုမ္ပဏီတွေကို အစိုးရက အတိုးနှုန်း သက်သက်သာသာနဲ့ ချေးငွေတွေ ထုတ်ပေးတယ်၊ အခွန်လျှော့ပေးတယ်၊ စတဲ့ အထောက်အပံ့တွေ ပေးတယ်။ အဲဒီလိုနဲ့ နောက်ပိုင်းကျရင် ဒီကုမ္ပဏီတွေ အင်အား ပိုတောင့်လာပြီး ပိုကြီးမားလာပြီး လုပ်ငန်းနယ်ပယ် ချဲ့ထွင်လာနိုင်ကြတယ်၊ နယ်ပယ်စုံမှာ ကုမ္ပဏီခွဲတွေ အများကြီးရှိတဲ့ ကုမ္ပဏီအုပ်စုကြီးတွေ ဖြစ်လာတာပေ့ါ။ အခု ကမ္ဘာက သိနေတဲ့ Hyundai၊ Samsung၊ Lucky Goldstar၊ Daewoo တို့ ဒီနည်းနဲ့ ပေါ်လာတာပဲ။ *Picking Winners* တော်ကောက်ခြင်းလို့ တောင်ကိုရီးယားရဲ့ စီးပွားရေး မဟာဗျူဟာကို ကင်ပွန်းတပ်ကြတယ်။

ကိုမျိုးချစ် ။ ကျွန်တော့် Samsung ဖုန်းက ကိုရီးယားစစ်ကြောင့် ဖြစ်လာတာလို့ ဒါကြောင့် ဆရာက ပြောတာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေ့ါဗျာ။ သမိုင်းတွင်လောက်တဲ့ အောင်မြင်မှုတိုင်းရဲ့ နောက်ကွယ်မှာ ရောမ တွန်းအားတစ်ခု အမြဲ ရှိတယ်ဗျ။ ဒါပေမယ့် တော်ကောက်ခံရဖို့လည်း လိုသေးတယ်ဗျို့။

■




**Market** လို့ခေါ်တဲ့ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းတွေကို
**State** လို့ခေါ်တဲ့ နိုင်ငံတော်ကနေ ပံ့ပိုး မြေတောင်
မြှောက်ပေးတာပဲ။ ကိုရီးယား အောင်မြင်သွား
တာကြောင့် **Market** နဲ့ **State** ပေါင်းစပ်မှု
မှန်ကန်တဲ့ အချိုးအဆ **Right Mix** လို့ ဆိုရမှာပဲ။

# ကိုရီးယား ဇာတ်လမ်းတွဲ အပိုင်း ၂၊ နိုင်ငံတော်နှင့် ဈေးကွက်

ဖွံ့ဖြိုးရေးပါရဂူ ။ ၁၉၆၁ ပတ်ချုံဟီး အာဏာရပြီး စီးပွားရေးအောင်မြင်မှုကို ဦးတည် ကြိုးစားလာကြရင်း ၁၉၇၃ ခုနှစ်မှာ အပြောင်းအလဲကြီးတစ်ခု ပေါ်လာပြန်တယ်။ Heavy and Chemical Industries Initiative *အကြီးစားနှင့် ဓာတုဗေဒဆိုင်ရာ စက်မှုလုပ်ငန်းများ အစီအစဉ်*ဗျ။ ဒီအစီအစဉ်ကြောင့် ကနေ့ ကျွန်တော်တို့ မြင်နေရတဲ့ ကိုရီးယား ဖြစ်လာတာပဲ။

ကိုမျိုးချစ် ။ ဒီ မဟာဗျူဟာက ဘယ်လိုလုပ် ဖြစ်လာတာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီတစ်ခါလဲ အန္တရာယ်ကြောင့်ပဲဗျ။ ကွန်မြူနစ်တွေက ဗီယက်နမ်မှာ စစ်နိုင်မယ့် အခြေအနေပေါ်နေပြီ။ အမေရိကန်က သူ့ရဲ့ ကာကွယ်ရေး ထီးရိပ်အောက်ကနေ တောင်ကိုရီးယားကို ဖယ်ထုတ်လိုက်မှာ ပတ်ချုံဟီးတို့ အဖွဲ့က စိုးရိမ်တယ်။

ကိုမျိုးချစ် ။ ဘာလို့ စိုးရိမ်တာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟာ ခင်ဗျားကလဲ။ တောင်ကိုရီးယား တစ်နိုင်ငံတည်း မြောက်ကိုရီးယားကို ရင်မဆိုင်နိုင်ဘူး။ တောင်ကိုရီးယားမှာ ရှိနေတဲ့ အမေရိကန်လုပ် လက်နက်တွေက သုံးမရတော့ဘူး။ ဘာလို့လဲဆိုတော့ အဲဒီ လက်နက်တွေ သက်တမ်းက ရင့်နေတာကြောင့် မူလထုတ်လုပ်တဲ့ အမေရိကန်ကုမ္ပဏီတွေက အပိုပစ္စည်းတွေ မထုတ်လုပ်တော့ဘူး။ အမြောက်တွေဆို ပစ်မရတော့ဘူးပေါ့ဗျာ။ ပြိုင်ဘက် မြောက်ကိုရီးယားမှာ ကျတော့ ဆိုဗီယက်ပြည်ထောင်စုလုပ် ခေတ်မီလက်နက်တွေ ရှိနေတယ်။ ဒါတွေကို တန်ပြန်ဖို့ တောင်ကိုရီးယား အနေနဲ့

ကိုယ်ပိုင်စက်မှု လုပ်ငန်းကြီးတွေ တည်ထောင်မှ ရမယ်။ အသစ် တက်လာတဲ့ အမေရိကန် သမ္မတ ဂျင်မီကာတာက တောင်ကိုရီးယားမှာ ချထားတဲ့ အမေရိကန်တပ်တွေကို ရုပ်သိမ်းချင်ကြောင်း ထုတ်ပြောတယ်။ ပတ်ချုံဟီးတို့ လူစု ပိုပြီး ထိတ်ထိတ် ပျာပျာ ဖြစ်သွားတာပေါ့။

ကိုမျိုးချစ် ။ ကျွန်တော်က သေချာချင်လို့ပါ။ စက်မှုလုပ်ငန်း အစီအစဉ် အကြောင်း ဆက်ပြောပါဦး။

ဖွံ့ဖြိုးရေးပါရဂူ ။ Heavy and Chemical Industries Initiative အောက်မှာ ထောက်ပံ့ရမယ့် မဟာဗျူဟာမြောက် စက်မှုလုပ်ငန်း နယ်ပယ် ခြောက်ခုရှိတယ်။ သံမဏိ၊ ရေနံဓာတု၊ သံ မှအပ အခြား သတ္တုများ၊ သင်္ဘောတည်ဆောက်ရေး၊ အီလက်ထရောနစ်နဲ့ စက်ပစ္စည်း ဆိုပြီး ခြောက်ခု။ အစိုးရက လုပ်ငန်းစုကြီးတွေ၊ ချေဘိုးတွေကို နှစ်နေရာမှာ တွန်းတယ်။ အဆင့်အမြင့်ဆုံး နည်းပညာရအောင်လိုက်ဖို့နဲ့ အမြောက်အမြား ထုတ်လုပ်ဖို့ economies of scale ပဲ။ များများ ထုတ်တဲ့ အခါကျတော့ ပြည်တွင်းဈေးကွက်က စုပ်ယူနိုင်တဲ့ ပမာဏထက် ပိုလျှံသွား တယ်။ ပြည်ပကို မပို့လို့ကို မရတော့ဘူး။ တစ်ခါ ပြည်တွင်း မှာလည်း ပြည်ပ မပို့တဲ့ ထုတ်ကုန်တွေကို ကုန်အောင် ရောင်းမှ ဖြစ်မယ်။ ဒီအခါကျတော့ ပြည်ပဈေးကွက်ရော ပြည်တွင်း ဈေးကွက်ပါ အဲဒီ ချေဘိုးအနေနဲ့ အမြန်ဆုံး တည်ဆောက်မှ ရတော့မယ်။

ကိုမျိုးချစ် ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီနေရာမှာ ပတ်ချုံဟီးရဲ့ ခေါင်းဆောင်မှုက အဓိကကျတယ်။ သူက သူ့အစိုးရအဖွဲ့ကိုလည်း မောင်းတယ်၊ ကုမ္ပဏီတွေကို လည်း မောင်းတယ်။ နှစ်သစ်ကူးတိုင်း ဝန်ကြီးဌာနတွေကို သွားလည်တယ်။ လာမယ့်နှစ်အတွက် ချမှတ်ထားတဲ့ ဝန်ကြီး ဌာနရဲ့ ရည်မှန်းချက်တွေကို သက်ဆိုင်ရာဝန်ကြီးကို မေး တယ်။ ရည်မှန်းချက်ပြောရုံနဲ့ မပြီးဘူး။ အဲဒီ ရည်မှန်းချက် ပြည့်အောင် ဘယ်လိုဖြည့်မလဲဆိုတဲ့ နည်းလမ်းကိုပါ မေး တယ်။

ကိုမျိုးချစ် ။ ပြောပြတာကတော့ လွယ်တာပေါ့ဗျာ။

ဖွံ့ဖြိုးရေးပါရဂူ ။ လွယ်တယ်မလုပ်နဲ့။ နောက်နှစ်သစ်ကူးကျ ပတ်ချုံဟီးက ပြန်ရောက်လာပြီး အရင်နှစ်က ပြောသွားတဲ့ ကတိတွေကို စကားလုံးတိုင်း တိုက်စစ်တယ်။ ရည်မှန်းချက်ရဲ့ ၈၀ ရာခိုင်နှုန်း မပြည့်ဘူး ဆိုတာနဲ့ အဲဒီဝန်ကြီးကို ဖြုတ်ပစ်တယ်။ ဒီလိုနဲ့ ပတ်ချုံဟီး အကြိုက်ကို အားလုံး သဘောပေါက်ကုန်ကြတာပေါ့။ အခု ခေတ်စားနေတဲ့ Results- Based Management RBM လေ။ 'ရလာဒ် အခြေခံ စီမံခန့်ခွဲမှု' ပေါ့။ ရည်မှန်းချက်အတိုင်း မရောက် ရောက်အောင် တွန်းတယ်။ ရည်မှန်းချက်ပြည့်မှ အောင်မြင်တယ်လို့ သတ်မှတ်တယ်။

ကိုမျိုးချစ် ။ ကုမ္ပဏီတွေကျတော့ရော။

ဖွံ့ဖြိုးရေးပါရဂူ ။ ချေဘိုးလို့ ခေါ်တဲ့ လက်ရွေးစင်ကုမ္ပဏီကြီးတွေဟာ ချေးငွေတွေ အတိုးနှုန်း သက်သက်သာသာနဲ့ အစိုးရဆီက ပေါပေါများများ ရကြတယ်။ သူတို့တွေကို နိုင်ငံခြားက ပြိုင်ဘက်တွေနဲ့ ပြည်တွင်းပြိုင်ဘက်တွေ ရန်က ကင်းလွတ်အောင် ပြည်တွင်းဈေးကွက်မှာ အစိုးရက ကာကွယ်ပေးထားတယ်။ ပြည်တွင်းမှာ ထုတ်လုပ်ခွင့်၊ ဖြန့်ဖြူးခွင့် လိုင်စင်တွေ သူတို့ပဲရကြတယ်။ သူ့ရဲ့ ဆိုင်ရာ နယ်ပယ်အတွင်းမှာ နိုင်ငံတကာ တက်ပြိုင်နိုင်တဲ့ အဆင့်ရောက်အောင် (International Competitiveness) လုပ်ဖို့ အစိုးရက ချေဘိုးတွေကို တင်းကျပ်တဲ့ အချိန်ဇယား ချပေးထားတယ်။

ကိုမျိုးချစ် ။ အဲဒီလို မပြိုင်နိုင်ရင်ရော။

ဖွံ့ဖြိုးရေးပါရဂူ ။ အပြစ်ဒဏ်ပေးမှာပေါ့။ အရင်လောက် ချေးငွေ၊ အခွင့်အရေးတွေ ဘယ်ရတော့မလဲ။ အစကတည်းက ချေးငွေနဲ့ ထိန်းချုပ်ထားတာ။ ဆုပေး၊ ဒဏ်ပေးစနစ်လေ။

ကိုမျိုးချစ် ။ တော်တော်တွန်းတာပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ တကယ်တမ်းတော့ ကိုရီးယားတွေရဲ့ အောင်မြင်မှုကို အရင်းစစ်ကြည့်ရင် အဓိက အချက် လေးချက်လောက်ပဲ တွေ့ရတယ်။ မြောက်ကိုရီးယား အန္တရာယ်ကြောင့် အလျင်စလိုဖြစ် sense of urgency တာ တစ်ကြောင်း။ နောက်တစ်ချက်က အစိုးရရဲ့

အခန်းကဏ္ဍ။ စီးပွားရေး အကောင်အထည်ဖော်ရာမှာ အစိုးရ က ဦးဆောင်တယ်။ သူက ယှဉ်မောင်းထိုင်ခုံမှာ ထိုင်ပြီး မောင်းတယ်။ သူက လက်ရွေးစင်တွေ တော်ကောက်တယ် picking winners။ နောက်တစ်ချက်က၊ လူတွေ အလုပ်ကြိုးစားတယ်၊ အဲဒီခေတ်တုန်းက တောင်ကိုရီးယားမှာ အလုပ်သမားတစ်ယောက် တစ်ပတ်ကို နာရီ ခြောက်ဆယ်လောက် လုပ်ကြရတယ်လို့ ဆိုတယ်။ နောက်ဆုံး တစ်ချက်က State က ဦးဆောင်တယ် ဆိုပေမယ့် ဆိုဗီယက်ပြည်ထောင်စုတို့လို ကွန်မြူနစ်နိုင်ငံတွေမှာလို နိုင်ငံပိုင်လုပ်ငန်းတွေ တည်ဆောက်ပြီး စက်မှုဖွံ့ဖြိုးအောင် ဆောင်ရွက်တာ မဟုတ်ဘူး။ Market လို့ခေါ်တဲ့ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းတွေကို State လို့ခေါ်တဲ့ နိုင်ငံတော်ကနေ ပံ့ပိုး မြေတောင်မြှောက်ပေးတာပဲ။ ကိုရီးယား အောင်မြင်သွားတာကြောင့် State နဲ့ Market ပေါင်းစပ်မှု မှန်ကန်တဲ့အချိုးအဆ Right Mix လို့ ဆိုရမှာပဲ။

ကိုမျိုးချစ် ။ ကိုရီးယား ဇာတ်လမ်းတွဲ အပိုင်း ၂ က ဈေးကွက်နှင့် နိုင်ငံတော်ပေါ့နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ တော်ကောက်ခြင်း အပိုင်း၂ သို့မဟုတ် ဈေးကွက်နှင့် နိုင်ငံတော်ပေါ့ဗျာ။

■



သဘာဝသယံဇာတ ဆိုတာက ငွေရလွယ်တယ်။
ထုတ်ရောင်းရုံပဲကိုး။ လိုချင်သူများတယ်။
ဒီအခါမှာ မရရအောင် နည်းမျိုးစုံနဲ့ လုပ်ကြတဲ့အခါ
စုနကလို နိုင်ငံရေး မတည်ငြိမ်တာ၊
ခြစားတာ၊ စစ်ဖြစ်တာတွေ ပေါ်လာတော့တာပဲ။

# သဘာဝ သယံဇာတ ကျိန်စာ

ကိုမျိုးချစ် ။ သဘာဝသယံဇာတကြွယ်ဝတဲ့ နိုင်ငံတွေဟာ ကြီးပွားတိုးတက်ဖို့ လွယ်လိမ့်မယ်လို့ ကျွန်တော် ငယ်ငယ်တုန်းက တွေးမိတာ လက်တွေ့ကျ သိပ် မဆိုင်သလိုဘဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ အမှန်တကယ်တော့ သဘာဝသယံဇာတကြွယ်ဝခြင်းဟာ ကံကောင်းခြင်း လက်ဆောင်ပဲဗျ။ ဒါပေမယ့် သဘာဝ သယံဇာတ ကြွယ်ဝတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားဟာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ နောက်ကျ ကျန်ခဲ့လေ့ရှိတယ်။ ဒီလိုဖြစ်တာလည်း တစ်နိုင်ငံ၊ နှစ်နိုင်ငံတည်း မဟုတ်ဘဲ အတော်များများ ဖြစ်နေကြတာကြောင့် သဘာဝ သယံဇာတ ကျိန်စာ Natural Resource Curse လို့တောင် နာမည်တွင်နေပြီဗျ။

ကိုမျိုးချစ် ။ ဒီ သီအိုရီ ဘယ်လိုလုပ်ပေါ်လာတာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ သဘာဝ သယံဇာတ ပေါကြွယ်ဝတဲ့ အာဖရိက နိုင်ငံတွေနဲ့ သဘာဝသယံဇာတ ချို့တဲ့တဲ့ အရှေ့အာရှ နိုင်ငံတွေကို နှိုင်းယှဉ်ရာက ထွက်လာတာဗျ။ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ) အပါအဝင် အရှေ့အာရှ နိုင်ငံတွေက အာရှအံ့ဖွယ် Asian Miracle လို့ ပြောစမှတ် တွင်လောက်အောင် တိုးတက်ဖွံ့ဖြိုးနေချိန်မှာ စိန်တို့၊ သတ္တုတို့ ကြွယ်ဝတဲ့ အာဖရိကနိုင်ငံတွေက ကြာလေမွဲလေ ဖြစ်နေတာကနေ သတိထားမိလာကြတယ်။

ကိုမျိုးချစ် ။ ဒီအတိုင်းဆို ဒီသီအိုရီက ခုထက်ထိ မှန်နေတာပေါ့၊ အာဖရိက နိုင်ငံတွေက ခုထက်ထိ မွဲတုန်း၊ အရှေ့အာရှနိုင်ငံတွေကတော့ တိုးတက်ပြီးရင်း တိုးတက်ရင်းပဲ။ ဘာလို့ ဒီလို ဖြစ်ကုန်တာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ တစ်အချက်က 'သဘာဝသယံဇာတကို အားကိုးလွန်သွားတာကြောင့်' (Natural Resource Dependency)။ အာဖရိကတိုက် ဝင်ငွေရဲ့ သုံးပုံတစ်ပုံလောက်က သဘာဝ သယံဇာတက ရတာလေ။ ဆော်ဒီအာရေဗျ အပါအဝင် အရှေ့အလယ်ပိုင်းက နိုင်ငံအများစုလဲ ရေနံ ဝင်ငွေအပေါ် မှီခိုနေရတာ။ အမွေရတာကြောင့် တခြား ဘာမှမလုပ်ဘဲ ထိုင်စားနေတဲ့အတွက် တခြားဘက်မှာ သုံးမရတဲ့ သူဌေးသားလိုပဲပေါ့။ ဆော်ဒီအာရေဗျ အပါအဝင် ရေနံရောင်း နိုင်ငံအများစုကို ကြည့်ပါလား။ တခြား ဝင်ငွေရတဲ့ လုပ်ငန်းတွေ အောင်အောင်မြင်မြင် သိပ်မရှိလှဘူး။ မြေကြီးထဲက ထွက်လာတဲ့ ရေနံကို ရောင်းလို့ရတဲ့ ဝင်ငွေပဲရှိတယ်။ ရေနံအထွက်ရပ်တာနဲ့ တိုင်းပြည်ငွေဝင်လမ်း ရပ်သွားမယ်။ နောက်တစ်ချက်က၊ သဘာဝ သယံဇာတဆိုတာက အခြေခံကုန်ပစ္စည်း Primary Commodities ပဲ။ အဲဒီ အခြေခံ ကုန်ပစ္စည်းတွေရဲ့ သဘာဝက ကမ္ဘာ့ဈေးကွက်မှာ ဈေးနှုန်းအပြောင်းအလဲ သိပ်မြန်တယ်။ ဈေးမြင့်နေတဲ့ အချိန်မှာ စိတ်တိုင်းကျသုံး၊ တခြားကဏ္ဍကို တိုးတက်အောင် လုပ်ဖို့ စိတ်မကူး။ ဈေးတွေ ပြုတ်ကျချိန်ကျ နိုင်ငံ အထိနာရော။ ဆိုဗီယက်ပြည်ထောင်စုဆို ဒီလိုနဲ့ ပြိုသွားတာ။ သူက ရေနံ သဘာဝဓာတ်ငွေ့ သိပ်ကြွယ်ဝတဲ့ နိုင်ငံ။ ရေနံ၊ သဘာဝဓာတ်ငွေ့ ထုတ်ရောင်းပြီး ရတဲ့ဝင်ငွေနဲ့ နိုင်ငံ့ စီးပွားကို မနည်းကျားကန်ထားရတာ။ ရေနံ၊ သဘာဝ ဓာတ်ငွေ့ဈေးတွေလည်း ထိုးကျချိန်နဲ့၊ စစ်အေးကာလမှာ အမေရိကန်ပြည်ထောင်စုနဲ့ စစ်အသုံးစရိတ် အပြိုင်တိုးခဲ့ချိန်နဲ့ တိုက်ဆိုင်သွားတော့ စီးပွားရေး သိပ်ကျပ်တည်းပြီး ဗုန်းဗုန်းလဲခဲ့တာပဲ။

အရှေ့အာရှ နိုင်ငံတွေကတော့ ကျွန်တော်တို့ ရှေ့မှာ ဆွေးနွေးခဲ့တဲ့အတိုင်း သဘာဝသယံဇာတဆိုလို့ ရှိမှ မရှိတာ။

မြေကြီးကနေ ဘာမှ ထုတ်ယူစရာ မရှိဘူး။ ဒီတိုင်းနေရင် ငတ်သွားမယ်၊ ကိုယ့်အားကိုယ်ကိုးမှရမယ်ဆိုပြီး အလျှင်လို စိတ်နဲ့ ကြိုးစားကြတာကြောင့် ခုလိုအခြေအနေမျိုး ရောက်ခဲ့တာ။ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ တရုတ်တိုင်ပေ၊ စင်ကာပူ ဘယ်မှာ သဘာဝသယံဇာတရှိလို့လဲ။ သဘာဝသယံဇာတမရှိတာကြောင့် လူသားသယံဇာတဖြစ်တဲ့ အမြော်အမြင်ရှိ ခေါင်းဆောင်ကောင်း၊ ကြိုးစားတဲ့ ပြည်သူ ပြည်သားတွေအားနဲ့ ကြီးပွားခဲ့တာ။

ကိုမျိုးချစ် ။ လူသား သယံဇာတအားက သဘာဝသယံဇာတ အားကို အစားထိုးနိုင်ရုံတင်မက သာလွန်အောင်တောင် စွမ်းဆောင်နိုင်သေးတယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ သဘာဝသယံဇာတ ပေါကြွယ်တဲ့ နိုင်ငံတွေမှာ လက်နက်ကိုင် ပဋိပက္ခတွေလည်း အဖြစ်များတယ်။

ကိုမျိုးချစ် ။ အာ ဟုတ်ပြီ။ တိုက်တန်းနစ်မင်းသား လီယိုနာဒိုဒီကာပရီယို ပါတဲ့ Blood Diamond ရုပ်ရှင်ထဲကလိုနဲ့ တူတယ်။ အဲဒီကားကလည်း အာဖရိကတိုက် စိန်ထွက်တဲ့ နိုင်ငံတွေက လက်နက်ကိုင် ပဋိပက္ခတွေ နောက်ခံနဲ့ ရိုက်ထားတာပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ အဲဒီ သဘာဝသယံဇာတတွေကို လုရင်းနဲ့ စစ်တွေဖြစ်ကြတာလေ။ နိုင်ငံရေး မတည်ငြိမ်တာ၊ ခြစားတာ၊ ဒါမျိုးတွေက သဘာဝသယံဇာတ ကြွယ်ဝတဲ့ နိုင်ငံတွေမှာ အတွေ့ရများတယ်။ စစ်ဖြစ်တာကတော့ အဆိုးဆုံးအဆင့်။ သဘာဝသယံဇာတ ဆိုတာက ငွေရလွယ်တယ်။ ထုတ်ရောင်းရုံပဲကိုး။ လိုချင်သူများတယ်။ ဒီအခါမှာ မရရအောင် နည်းမျိုးစုံနဲ့ လုပ်ကြတဲ့အခါ ခုနကလို နိုင်ငံရေး မတည်ငြိမ်တာ၊ ခြစားတာ၊ စစ်ဖြစ်တာတွေ ပေါ်လာတော့တာပဲ။ စစ်တွေ၊ ပဋိပက္ခတွေကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်မရဖြစ်ရာကနေ မွဲသထက် မွဲလာကြတော့တာပဲ။ စစ်ဆိုတာကလည်း စလိုက်မိရင် မဆုံးတော့ဘူး၊ သံသရာရှည်တဲ့ အရာမျိုး။ ဆိုးသထက် ဆိုးလာတတ်တာကိုး။

ကိုမျိုးချစ် ။ စစ်ဖြစ်မှတော့ သွားပြီပေါ့ဗျာ။

ဖွံ့ဖြိုးရေးပါရဂူ ။ နောက်တစ်ချက်က နိုင်ငံကြီးပွားဖို့ဆိုရင် ဒီသဘာဝ သယံဇာတတွေကနေ တန်ရာတန်ကြေးရဖို့ အရေးကြီးတယ်။

ကိုမျိုးချစ် ။ ဒါကတော့ ဟုတ်တာပေါ့။ ဘာလုပ်လုပ် တန်ရာတန်ကြေးရမှ ဖြစ်တာ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေမယ့် ပြောသလောက် မလွယ်ဘူးဗျ။ သဘာဝ သယံဇာတ ထုတ်တဲ့ ကုမ္ပဏီတွေက သဘာဝ သယံဇာတတွေကို ဈေးပေါပေါနဲ့ ရသွားတတ်တယ်။ သူတို့တွေက သက်ဆိုင်ရာ အစိုးရကို လာဘ်ထိုးတာတို့ ဘာတို့လုပ်ပြီး ဈေးအချောင်ရှာတတ်တယ်။ ဒါမှမဟုတ်ရင်လည်း နိုင်ငံတကာ ကုမ္ပဏီကြီးတွေအချင်းချင်း ဈေးညှိထားတယ်၊ တစ်ကမ္ဘာလုံးမှာ စံသတ်မှတ် ဈေးလိုဟာမျိုး ဖြစ်အောင် လုပ်ထားတယ်။ ဒီအခါကျ သူတို့ပေးတဲ့ ဈေးနဲ့ စာချုပ်ချုပ်ရ သူတို့တောင်းတဲ့ ရှယ်ယာဝေစု ပေးရတာမျိုးတွေ ဖြစ်ကုန်တယ်။ သူတို့ကြိုက်ဈေး ဖြစ်ကုန်တာပေါ့။ နိုင်ငံအနေနဲ့ သူပိုင် သယံဇာတကို ရောင်းတာ တန်ရာတန်ကြေးမရတော့ဘူးပေါ့။ လျော့ရတာကြောင့် နိုင်ငံဖွံ့ဖြိုးရေး သုံးစွဲဖို့ ငွေလည်းနည်းသွားတယ်။

ကိုမျိုးချစ် ။ တန်ရာတန်ကြေးရဖို့ အရေးကြီးတာပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ တန်ရာတန်ကြေး ရရင်တောင် မပြီးပြန်ဘူး။ ရလာတဲ့ ဝင်ငွေကို ပြန်ပြီး ထိထိရောက်ရောက် သုံးစွဲဖို့လိုတယ်။ မြေအောက်က ဥစ္စာနေထုတ်လုပ်ရေး ယန္တရားတစ်ခုဖြစ်တဲ့ သဘာဝ သယံဇာတကို ထုတ်ယူလိုက်ပြီဆိုရင် မြေပေါ်မှာ ဥစ္စာနေထုတ်ပေးမယ့် ယန္တရားတစ်ခု ပြန်တည်ဆောက်ရမယ်။ အရပ်စကားနဲ့ ပြောရင် အားလုံး စားမပစ်ဘဲ ပြန်ရင်းရမယ်။ သဘာဝ သယံဇာတက ရငွေနဲ့ ငွေစီးကြောင်းတစ်ခု ပြန်ဆောက်ရမယ်။

ကိုမျိုးချစ် ။ ပြန်တည်ဆောက်သင့်တာပေါ့။ နို့မို့ အရပ်ပြောစကားအရ အရင်း ပြုတ်သွားမှာမဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ ။ ၁၉၇၀ ပြည့်နှစ် ရေနံဈေး သုံးလေးဆတက်ချိန်မှာဆော်ဒီတွေ သိပ်ချမ်းသာကုန်ကြတယ်။ ပိုက်ဆံတွေ ထားစရာမရှိဖြစ်နေတော့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ကိုလာပြီး ဈေးကြီးပေး

ဆိုတဲ့ တိုက်တာမြေတွေ ဝယ်လိုက်ကြတယ်။ အဲဒီ ငွေတွေကိုသာ နိုင်ငံဖွံ့ဖြိုးရေး အတွက်သာ ပြန်အသုံးချလိုက်ရင် ကနေ့ဆော်ဒီ ဆင်းရဲသားဦးရေ ဒီလောက် ရှိနေမှာ မဟုတ်ဘူး။ စက်တင်ဘာ ၁၁ ဖြစ်ရပ်မှာ မျှော်စင်ကို ဝင်တိုက်တဲ့ လေယာဉ်ပေါ်မှာလည်း ဆော်ဒီ အရေအတွက် ဒီလောက်ပါမှာ မဟုတ်ဘူး။

ကိုမျိုးချစ် ။ သဘာဝ သယံဇာတက လက်သည်ဖြစ်နေတာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘယ်ဟုတ်မလဲ။ သဘာဝသယံဇာတမှာ အပြစ် မရှိဘူး။ ကိုင်တွယ်အသုံးချပုံ ချနည်းပဲ အရေးကြီးတယ်။ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ အမွေရလေ ကောင်းလေပဲ။ လုပ်ရည်ကိုင်ရည် ရှိတဲ့သူချင်းအတူတူ အမွေရတဲ့သူက မြန်မြန်ကြီးပွားတာပေါ့။

ကိုမျိုးချစ် ။ ဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ ၁။ သဘာဝသယံဇာတကိုချည်း အားမကိုးဘဲနဲ့ တခြားကဏ္ဍတွေကိုလည်း အောင်မြင်အောင် ကြိုးစားထားရမယ်။

၂။ သဘာဝသယံဇာတကနေ တန်ရာတန်ကြေးရရမယ်။

၃။ မြေအောက်က သဘာဝသယံဇာတကို ထုတ်ယူလို့ ရလာတဲ့ငွေကို မြေပေါ်မှာ ငွေစီးကြောင်းတစ်ခု စီးဆင်းစေမယ့် ယန္တရားတစ်ခု တည်ဆောက်ရမယ်။ ဒါဆိုရင် သဘာဝ သယံဇာတကျိန်စာ ပြယ်လွင့်သွားမှာပါ။

■




ဒတ်ချ်မြေမှာ ရှာဖွေတွေ့ရှိခဲ့တာကြောင့် ဒီလို
မှည့်လိုက်တာပဲ။ ဒါပေမယ့် သဘာဝ သယံဇာတ ကြွယ်ဝတဲ့
နိုင်ငံတွေ သယံဇာတကို ရောင်းလိုက်လို့ ဒေါ်လာ နိုင်ငံထဲကို
ဝင်လာရင် 'ဒတ်ချ်ရောဂါ' စ ဖြစ်လေ့ရှိတယ်။

# ဒတ်ချ် ရောဂါ

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတွေ မကြီးပွားတာ ဒတ်ချ်ရောဂါ Dutch Disease စွဲကပ်လို့လည်း ဖြစ်တတ်တယ်။

ကိုမျိုးချစ် ။ နိုင်ငံတွေမှာလည်း ရောဂါစွဲတတ်တာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ နယ်သာလန် လို့လည်းခေါ်၊ ဟော်လန်လို့လည်း ခေါ်တဲ့ ဒတ်ချ်တွေ ၁၉၇၀ နဲ့ ၁၉၈၀ နှစ်တွေမှာ ရေနံတွေ့တယ်။ ရေနံကရတဲ့ ဝင်ငွေကလည်း ကောင်းတော့ ဒတ်ချ်တွေ ဟန်ကျနေတာပေါ့။

ကိုမျိုးချစ် ။ ရွှေမည်း တွေ့မှတော့ အတိုင်းထက် အလွန်ပေါ့ဗျာ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေမယ့် ဒတ်ချ်စီးပွားရေးရဲ့ တခြားကဏ္ဍတွေမှာ နွေးကွေး သွားတာ သူတို့ သတိထားလိုက်မိတယ်။

ကိုမျိုးချစ် ။ ဘယ်လိုဖြစ်တာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ရေနံ မတွေ့ခင်က ချောချောမွေ့မွေ့ လည်ပတ်နေတဲ့ ဒတ်ချ် စီးပွားရေးမှာ အလုပ်လက်မဲ့ ပြဿနာတွေ ပေါ်ကုန်တယ်။ ဒတ်ချ် ပို့ကုန်တွေ နိုင်ငံတကာဈေးကွက်မှာ ပြိုင်ဆိုင်နိုင်စွမ်း နိမ့်လာတယ်။ သူ့ရဲ့ ပို့ကုန်တွေက တခြားနိုင်ငံတွေရဲ့ ပို့ကုန် တွေနဲ့ ယှဉ်ရင် ဈေးကြီးသွားတာကိုး။

ကိုမျိုးချစ် ။ ရုတ်တရက်ကြီး ဈေးတက်ကုန်တာလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ရောင်းရတဲ့ ဒေါ်လာတွေ နိုင်ငံတွင်း ကို လှိမ့်ဝင်လာတာကြောင့် နယ်သာလန် နိုင်ငံသုံးငွေက

ဒေါ်လာနဲ့ ယှဉ်ရင် ဈေးမာသွားတယ်၊ exchange rate မြင့်သွားတာပေါ့။ အဲဒီအခါကျ နယ်သာလန်ပြည်တွင်းမှာ ပြည်တွင်း သုံးငွေသုံးပြီး ထုတ်လုပ်ရတဲ့ ကုန်ပစ္စည်းတွေ ပြည်ပမှာ ယှဉ်မရောင်းနိုင်တော့ဘူး၊ ထုတ်လုပ်စရိတ်က နယ်သာလန်သုံးငွေနဲ့ အရင်အတိုင်းပဲ ဆိုပေမယ့် ဒေါ်လာနဲ့ကျ ဈေးတက်သွားတာကိုး။ အဲဒီအခါကျ ပြည်ပက ဝင်လာတဲ့ ကုန်ပစ္စည်းတွေနဲ့ ပြည်တွင်းမှာလည်း မပြိုင်နိုင်တော့ဘူး၊ ဒီအခါ ပစ္စည်းမရောင်းရတာကြောင့် ကုမ္ပဏီတွေ ကျဆင်းလာတယ်၊ ပိတ်ရတယ်၊ အလုပ်သမား လျှော့ရတယ်။ ဒီမှာတင် ရေနံသဘာဝဓာတ်ငွေ့ ကဏ္ဍလွဲပြီး တခြားစီးပွားရေး ကဏ္ဍတွေ နှေးကွေးကုန်တော့တာပဲ။

ကိုမျိုးချစ် ။ ဪ၊ ဒါကြောင့် ဒတ်ချ်ရောဂါလို့ ခေါ်တာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ဒတ်ချ်မြေမှာ ရှာဖွေတွေ့ရှိခဲ့တာကြောင့် ဒီလို မှည့်လိုက်တာပဲ။ ဒါပေမယ့် သဘာဝ သယံဇာတ ကြွယ်ဝတဲ့ နိုင်ငံတွေ သယံဇာတကို ရောင်းလိုက်လို့ ဒေါ်လာ နိုင်ငံထဲကို ဝင်လာရင် 'ဒတ်ချ်ရောဂါ' စဖြစ်လေ့ရှိတယ်။ အဲဒီ အခါကျ နိုင်ငံပိုင်ငွေကြေး ဈေးမာလာမယ်။ ငွေ မာလာတာနဲ့ သဘာဝ သယံဇာတ မဟုတ်တဲ့ တခြားကဏ္ဍကနေ ပို့ကုန်တွေ ပို့ဖို့ ခက်သွားပြီ။ တခြား ကဏ္ဍတွေ နှေးသွားမယ်၊ ဆုတ်ယုတ်သွားမယ်။ အလုပ်လက်မဲ့နှုန်း တက်သွားမယ်။

ကိုမျိုးချစ် ။ ဒါပေမယ့် သဘာဝသယံဇာတ ထုတ်ယူတဲ့ ကဏ္ဍမှာ အလုပ်အကိုင် တိုးလာမယ် မဟုတ်ဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ များသောအားဖြင့် သဘာဝသယံဇာတ ထုတ်ယူတဲ့လုပ်ငန်းတွေဖြစ်တဲ့ ရေနံတို့၊ သတ္တုတို့က သမားရိုးကျ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေလို လုပ်သားလိုအပ်ချက် သိပ်များလေ့မရှိဘူး။ ဒါကြောင့် တစ်နိုင်ငံလုံးအနေနဲ့ အလုပ်အကိုင် လျော့ကျသွားမယ်။

ကိုမျိုးချစ် ။ သဘာဝ သယံဇာတ တွေ့တာတောင် ဝမ်းမသာနိုင်မယ့် ကိန်းဆိုက်နေပြီ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီလိုတော့လည်း မဟုတ်ပါဘူး။ ဒီ ဒတ်ချ်ရောဂါကို လုံးလုံးလျားလျား မကာကွယ်နိုင်ရင်တောင် သက်သာအောင် ကုစားလို့ ရပါတယ်။

ကိုမျိုးချစ် ။ ကုထုံးက။

ဖွံ့ဖြိုးရေးပါရဂူ ။ အဓိကက သဘာဝသယံဇာတ ရောင်းရငွေကြောင့် ငွေလဲလှယ်နှုန်း တက်မသွားဖို့ပဲလေ။

ကိုမျိုးချစ် ။ ကျွန်တော်က နည်းနည်း အသေးပိုစိတ်ပြီး ရှင်းပြမှနော်။ သိသာနဲ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ရလာတဲ့ နိုင်ငံခြားငွေ foreign exchange ကို ပြည်တွင်းသုံးငွေအဖြစ် ပြောင်းပစ်လိုက်ရင် ပြည်တွင်းသုံးငွေ မာသွားတယ်။ အဲလိုပြောင်းမပစ်ရင် ပြီးရောပေါ့။

ကိုမျိုးချစ် ။ ဒါဆို ဒီတိုင်းထားရမှာလား။

ဖွံ့ဖြိုးရေးပါရဂူ ။ သဘာဝ သယံဇာတ ရောင်းရသမျှ နိုင်ငံခြားငွေအားလုံးကို ဒီတိုင်း ထားရမယ်လို့ မဆိုလိုပါဘူး။ တချို့တဝက်ကို ပြောင်းချင်ပြောင်းပေါ့။ ဒါပေမယ့် ငွေအများစုကို နည်းလမ်းနှစ်မျိုးနဲ့ သုံးသင့်တယ်။

ကိုမျိုးချစ် ။ ဘယ် နည်းလမ်းတွေလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ တချို့ကို သွင်းကုန်အတွက် ပေးချေလိုက်ပေါ့။ တချို့ကိုတော့ ပြည်ပမှာပဲထား။

ကိုမျိုးချစ် ။ သွင်းကုန်တွေအတွက် ပေးချေလိုက်ဆိုတာက ရှင်းပါတယ်။ ပြည်ပမှာထားဆိုတာက။

ဖွံ့ဖြိုးရေးပါရဂူ ။ ပြည်ပမှာ ရင်းနှီးမြှုပ်နှံထားပေါ့ဗျာ။ ရင်းနှီးမြှုပ်နှံတယ် ဆိုတာက အမျိုးမျိုးလုပ်ရတာပဲ။ ဘဏ်မှာ ပိုက်ဆံထည့်ထားလို့ရတယ်။ ငွေတိုက်စာချုပ် ဝယ်ထားလို့ရတယ်။ ဒါမှမဟုတ် အိမ်၊ ခြံ၊ မြေ ဝယ်ထားလို့ရတယ်။ ဒါမှမဟုတ် ကုမ္ပဏီထောင်ပြီး စီးပွားရေး လုပ်လို့ရတယ်။ အစုရှယ်ယာ ဝယ်ထားလို့ရတယ်။ အများကြီးပဲ။ လုပ်လို့ရတာတွေ။ တစ်ချက်ခုတ်နှစ်ချက် ပြတ်ပေါ့ဗျာ။ ပြည်ပမှာ ရင်းနှီးမြှုပ်နှံရာကနေ အမြတ်ရ၊ ပြီးတော့ ပြည်တွင်းမှာလည်း ငွေဈေး မတက်၊ အလုပ်အကိုင်တွေ မကျဘူးပေါ့။

ကိုမျိုးချစ် ။ ဒါပေမယ့် သဘာဝသယံဇာတတွေကို ရောင်းပြီး ရလာတဲ့ နိုင်ငံခြားငွေကို ကိုယ့်ပြည်တွင်းမှာ ပြန်ရင်းနှီးမြှုပ်နှံသင့်တာပေါ့။ မဟုတ်ဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ကောင်းလိုက်တဲ့ မေးခွန်းဗျာ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆိုတော့ ဘယ် နေရာမှာမဆို လိုအပ်ချက်တွေက ရှိနေတာပဲ။ ကိုယ့်ပြည်တွင်း လိုအပ်တဲ့နေရာမှာ သုံးလိုက်ရင် မကောင်းဘူးလား။ သုံးသင့်ပါတယ်။ ဒါပေမယ့် အဲလိုသုံးလိုက်ရင် ပြည်တွင်းငွေဈေး မာသွားမယ်၊ ဒါဆို မလိုလားအပ်တဲ့ ကျွန်တော်ခုနက ပြောပြီးသားတွေ မီးခိုးကြွက်လျှောက် လိုက်လာလိမ့်မယ်။

ကိုမျိုးချစ် ။ ခက်တော့ ခက်တာပဲ။ ဖွံ့ဖြိုးဆဲနိုင်ငံဆိုတော့ အရာရာ ချို့တဲ့ရတဲ့အထဲ ရလာတဲ့ငွေလေးကိုမှ ပြည်တွင်းမှာ သုံးလို့ မဖြစ်ဘူးဆိုတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ နည်းတော့ ရှိပါတယ်။ အဲဒီလိုအပ်ချက်တွေကို ပြည်တွင်းကရတဲ့ အခွန်အကောက်တွေကရတာနဲ့ ဖြည့်ပေါ့။ နိုင်ငံတစ်နိုင်ငံမှာ အရေးဟယ် အကြောင်းရယ်ဆို အားကိုးရအောင် နိုင်ငံခြား အရန်ငွေ Foreign Reserve ဆိုတာလည်း မဟာဗျူဟာ သဘောတရားအရ ထားရသေးတယ်။ သဘာဝသယံဇာတ ရောင်းရာက ရလာတဲ့ငွေကို အဲဒီ အရန်ငွေထဲလည်း ထည့်ပေါ့။ နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့ သွင်းကုန် တွေ သွင်းရာမှာလည်း သုံးလို့ရတာပဲ။

ကိုမျိုးချစ် ။ ဒါပေမယ့် အခွန်ကောက်ဖို့က လွယ်ပါ့မလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီအကြောင်းက ပြောရင် ရှည်မယ်ဗျ။

■



ပြည်သူတွေက အခွန် ပြည့်ပြည့်ဝဝ ပေးဆောင်တဲ့
နိုင်ငံတွေမှာ ဒီမိုကရေစီနည်းကျကျ အုပ်ချုပ်တဲ့
အစိုးရတွေရှိတယ်။ ဆိုလိုတာက ပြည်သူတွေဆီကရတဲ့
အခွန်အပေါ် မှီခိုရတဲ့ နိုင်ငံတွေမှာ အပြန်အလှန်
ကျေးဇူးခံ ကျေးဇူးစား ဖြစ်သွားတယ်။

# အခွန်

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံကြီးပွားချင်ရင် အခွန်ကောက်ရမယ်ဗျ။
ကိုမျိုးချစ် ။ ဆရာရယ် ကျွန်တော့်စိတ်ထဲတော့ တစ်မျိုးကြီးပဲနော်။
ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေါ့။ ခင်ဗျားကို အခွန်ကောက်မယ်ဆို ခင်ဗျား ကြိုက်မလား။
ကိုမျိုးချစ် ။ ဘယ်ကြိုက်ပါ့မလဲ၊ ဆရာရော။
ဖွံ့ဖြိုးရေးပါရဂူ ။ တူတူပေါ့ဗျာ။ ကိုယ့်ချွေးနဲ့စာထဲက ဘယ်ဖဲ့ပေးချင်ပါ့မလဲ။
ကိုမျိုးချစ် ။ ဒါနဲ့များဗျာ။
ဖွံ့ဖြိုးရေးပါရဂူ ။ အစိုးရက နိုင်ငံသားတွေ အတွက် ဘာတွေလုပ်ပေးရမလဲ။
ကိုမျိုးချစ် ။ ဒါများဗျာ။ နိုင်ငံမှာ လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ ကာကွယ်ရေး ဒါတွေအတွက် အစိုးရက တာဝန်ယူလုပ်ပေးရမယ်၊ စီစဉ်ပေးရမယ်။ အများကြီးပဲလေ။
ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒါတွေကို ဘယ်က ငွေနဲ့ လုပ်ပေးမလဲ။
ကိုမျိုးချစ် ။ အဲ။
ဖွံ့ဖြိုးရေးပါရဂူ ။ ပြည်သူတွေဆီက ငွေနဲ့ပဲ ခင်ဗျားခုနက ပြောတဲ့အရာတွေကို ဖြည့်ဆည်းပေးရမှာပေါ့။ တခြားနည်းနဲ့ ငွေရှာပြီး ဖြည့်လို့လည်းရပါတယ်။ ဒါပေမယ့် အခွန်ကနေ ရတဲ့ငွေနဲ့ ပြည်သူ့ရေးရာ ဝန်ဆောင်မှုတွေကို ဖြည့်ဆည်းတာမှာ လေးနက်တဲ့ အဓိပ္ပာယ်တစ်ခုရှိတယ်။
ကိုမျိုးချစ် ။ ဘာလဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ Social Contract လို့ခေါ်တဲ့ လူမှုသဘောတူစာချုပ်ပဲ။ အခွန်ထမ်းခြင်းဟာ အစိုးရနဲ့ ပြည်သူကြားမှာ သဘောတူစာချုပ် ချုပ်လိုက်တာပဲ။ ကမ္ဘာအရပ်ရပ်မှာ လေ့လာတော့ ပြည်သူတွေက အခွန်ပြည့်ပြည့်ဝဝ ပေးဆောင်တဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီနည်းကျကျ အုပ်ချုပ်တဲ့ အစိုးရတွေရှိတယ်။ ဆိုလိုတာက ပြည်သူတွေဆီကရတဲ့ အခွန်အပေါ် မှီခိုရတဲ့ နိုင်ငံတွေမှာ အပြန်အလှန် ကျေးဇူးခံ ကျေးဇူးစား ဖြစ်သွားတယ်။ ပြည်သူကလည်း သူတို့ ချွေးနဲ့စာရတဲ့ ငွေကို ပေးထားရတော့ State ကနေ သူတို့ ရထိုက်တဲ့ ဝန်ဆောင်မှုကို မျှော်လင့်တယ်။ State ကလည်း ပြည်သူ့ဆီက ငွေနဲ့ လုပ်ငန်းလည်ပတ်ရတာကြောင့် တာဝန်ယူလိုစိတ်ပိုလာတယ်။

ကိုမျိုးချစ် ။ ဒါနဲ့ ကျွန်တော် ဖြတ်မေးချင်လို့။ ပြည်သူ့ဆီကရတဲ့ အခွန်ကို အားမကိုးရတဲ့ နိုင်ငံတွေမှာ ဘယ်လိုနည်းနဲ့ ပြည်သူ့ရေးရာ ဝန်ဆောင်မှုအတွက် ငွေကြေးတွေရလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ နည်းတွေတော့ ရှိပါတယ်။ အများအားဖြင့် လုပ်တာက သဘာဝသယံဇာတကို ရောင်းလို့ရတဲ့ ဝင်ငွေနဲ့ ဖြည့်တယ်။ ဒါမှမဟုတ် ပိုက်ဆံရိုက်တယ်။ ဒါမှမဟုတ် ပြည်သူ့ဆီက သို့မဟုတ် နိုင်ငံခြားက ချေးတယ်။

ကိုမျိုးချစ် ။ နည်းလမ်းတွေ ရှိသားပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲဒီနည်းတွေမှာ အားနည်းချက်တွေရှိတယ်။ သဘာဝ သယံဇာတ ချို့တဲ့တဲ့ နိုင်ငံတွေမှာ ပထမနည်းလမ်းက မရှိနိုင်ဘူး။ ပိုက်ဆံ ရိုက်ပြီးသုံးတယ်။ ဒါကလည်း ငွေကြေး ဖောင်းပွစေတယ်။ ဖောင်းပွတဲ့အခါမှာ ပြည်သူတွေ လက်ထဲမှာ ရှိတဲ့ ပိုက်ဆံလည်း တန်ဖိုးလိုက် လျော့သွားတယ်။ ပြည်သူဆီက ချေးတာ၊ နိုင်ငံခြားက ချေးတာ ဒါတွေက ရချင်မှ ရတတ်တယ်။

ကိုမျိုးချစ် ။ ပြည်သူဆီက ချေးတယ်ဆိုတာက။

ဖွံ့ဖြိုးရေးပါရဂူ ။ အစိုးရငွေတိုက် စာချုပ်တွေကို ပြည်သူက ဝယ်လိုက်ရင် ဒါ ပြည်သူ့ဆီက အစိုးရက ငွေချေးတာပဲပေါ့။ အစိုးရက ဘယ်ရွေ့ ဘယ်မျှ တန်ပါတယ်လို့ အာမခံထားတဲ့ စာရွက်

တစ်ရွက်ကို ပြည်သူက ပိုက်ဆံပေးပြီး ဝယ်လိုက်တာပဲလေ။ အဲဒီအတွက် ပြည်သူက အတိုးရတယ်။ ဒါပေမယ့် အဲဒါက ငွေကြေး ဖောင်းပွမှုနှုန်း မြင့်တဲ့ နိုင်ငံမှာဆို အလုပ်သိပ်မဖြစ်ဘူး။ ရတဲ့ အတိုးနှုန်းက ငွေကြေးဖောင်းပွမှုနှုန်းအောက် လျော့နေမယ်၊ ဒါမှ မဟုတ် သိပ်မကွာတာကြောင့် ပြည်သူက သိပ် မဝယ်ဘူး။ ဒါဆို ပြည်သူ့ရေးရာ ဝန်ဆောင်မှုအတွက် လိုအပ်သလောက် ငွေ မရနိုင်ဘူး။ နိုင်ငံရပ်ခြားက ချေးငွေကတော့ ရဖို့ ခက်သလို၊ နှောင်ကြိုးတွေ ပါတယ်။

ကိုမျိုးချစ် ။ အားနည်းချက်တွေ သူ့ဟာနဲ့သူ ရှိနေတာပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ သူတို့ အားလုံးမှာ တူညီတဲ့ အားနည်းချက် တစ်ခုရှိတယ်။ ဒါက အခွန်ကောက်တာမှာလို ပြည်သူနဲ့ အစိုးရကြားမှာ စာချုပ် ဖြစ်မသွားဘူး ဆိုတဲ့အချက်ပဲ။ ပြည်သူကလည်း သူ့ဆီက ငွေ မပေးရတာကြောင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုတွေ မကောင်းလည်း အပြစ်တင်ခွင့် မရှိတော့ဘူး။ အစိုးရကလည်း သူနဲ့ သိပ်မဆိုင်သလိုဖြစ်သွားတာပေါ့။ ပြည်သူကလည်း မမျှော်လင့်တော့ဘူး၊ အစိုးရကလည်း တာဝန်ရှိတယ် မခံစားရတော့ဘူး။

ကိုမျိုးချစ် ။ ဒါဆို အခွန်ရှောင်တဲ့ နိုင်ငံသားတွေမှာ အပြစ်ရှိတယ်ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ အခွန်ရှောင်လေ့ရှိတဲ့ နိုင်ငံတွေဟာ စပ်ကူးမတ်ကူး နိုင်ငံတွေ transitional countries တွေ ဖြစ်တယ်။ အခွန်မဆောင်တာဟာ သူများတွေက ကိုယ့်လို အခွန် ဆောင်မယ်လို့ မယုံကြည်လို့လည်း ဖြစ်တယ်။ သူ တစ်ယောက်တည်းတော့ အခွန်မဆောင်ချင်ဘူး ပေါ့ဗျာ။ နောက်တစ်ချက်က သူ အခွန်ဆောင်လည်း သူရတဲ့ ဝန်ဆောင်မှုက ထူးပြီး မကောင်းလာနိုင်ဘူးလို့ ထင်လို့လည်း ဖြစ်နိုင်တယ်။

ကိုမျိုးချစ် ။ ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံတွေမှာတော့ အခွန်တိတိကျကျ ဆောင်တာ များမယ်နဲ့ တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ တရားမျှတတဲ့ ရွေးကောက်ပွဲတွေကျင်းပ၊ အာဏာခွဲဝေကျင့်သုံးရေး Separation of Power နဲ့ အပြန်အလှန် ထိန်း

ညှိရေးတွေ Checks and Balances လုပ်ရုံနဲ့ အခွန်ဆောင်တဲ့ ပမာဏက တက်မလာဘူး။ ကွန်မြူနစ် စနစ်အောက်က လွတ်လာတဲ့ အရှေ့ဥရောပ နိုင်ငံတွေမှာဆို ရွေးကောက်ပွဲတွေ လုပ်၊ ဒီမိုကရေစီစနစ် ထူထောင်လာပေမယ့် ဆယ်စုနှစ်နှစ်စုသာ ရှိသွားတယ်၊ အခွန် မဆောင်တဲ့ နှုန်းက မြင့်နေဆဲပဲ။ ဒီတော့ ခုနက ကျွန်တော်တို့ ပြောခဲ့တဲ့ အချက်တွေ မပြေလည်သေးသရွေ့ အခွန်မဆောင်တဲ့ နှုန်းက မြင့်နေမှာပဲ။ ခြစားတာ နေရာအနှံ့မှာ ရှိနေရင် အခွန်ဆောင်တာ နည်းမှာပဲ။ ရှောင်ချင်တဲ့သူတွေက အဲဒီလို ရှောင်သွားမှာကိုး။ တခြားလူတွေ ရှောင်မှာကို သိနေတဲ့သူကလည်း ဘယ်ဆောင် ချင်တော့မလဲ။ ကိုယ် ဆောင်လိုက်တဲ့ အခွန်က နိုင်ငံတော် ဆီ ရောက်မသွားဘဲ တခြား အိပ်ကပ်တစ်ခုထဲ ပြောင်းရောက် သွားမယ့် ကိစ္စမျိုး ဘယ်လုပ်တော့မလဲ။

ကိုမျိုးချစ် ။ ဒါဆို လူတွေ အခွန်ဆောင်သင့်တယ်ဆိုတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ဆောင်လာအောင် ဘယ်လိုလုပ်ရမလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခက်တော့ခက်တယ်ဗျ။ ရုရှား၊ ချက်၊ ခရိုအေးရှားတို့မှာတောင် အခွန်ဆောင်နှုန်းက ခုထက်ထိ နိမ့်လွန်းနေသေးတယ်။ ဒီမိုကရေစီစနစ် ကျင့်သုံးတာ နှစ် နှစ်ဆယ်လောက် ရှိပြီနော်။

ကိုမျိုးချစ် ။ အခွန်ဆိုတာကိုက လူတွေနဲ့တောင် မတည့်ဘူးနဲ့ တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘယ် နိုင်ငံမှာမဆို အခွန် တိုးကောက်မယ် ဆိုတဲ့ စကားကို မကြားလိုတာတော့ အမှန်ပဲ။ နိုင်ငံရေးသမားတွေ ရွေးကောက်ပွဲ နီးရင် မပြောရဲတဲ့ စကားကြီးတွေထဲမှာ တစ်ခွန်း အပါအဝင်ပေါ့။ ဒါပေမယ့် တကယ်တော့ ကျွန်တော်တို့ ဟိုးရှေးရှေး မဟာသမ္မတမင်း ပေါ်လာတဲ့ ဇာတ်လမ်းထဲမှာ ကိုက အခွန်က ပါပြီးသားပဲ။ လူတွေက ဒီတိုင်းနေရင် ဝရုန်းသုန်းကား ဖြစ်နေတာကြောင့် သူတို့ထဲက ဉာဏ်ပညာကြီးပြီး သမာသမတ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးကို အများ သဘောကျ ရွေးကောက်ပြီး မဟာသမ္မတမင်းအဖြစ် တင်မြှောက်တယ်။

အဲဒီလူကို သူတို့ရတဲ့ အထဲက ဆယ်ဖို့တစ်ဖို့ ပေးပြီး အုပ်ချုပ်စေတယ်။ 10% tax ပေါ့ဗျာ။

ကိုမျိုးချစ် ။ ဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ အခွန်ကို လူတချို့ကပဲ ပေးနေရရင် သူတို့မှာ ဝန်ပိလိမ့်မယ်။ အားလုံး ဝိုင်းထမ်းရင် တစ်ယောက်ချင်းစီမှာ သက်သာသွားမယ်။ ဒါပေမယ့် အခွန်ထမ်းတဲ့သူကိုလည်း ထမ်းချင်အောင် မက်လုံးပေးဖို့လိုတယ်။

■




ဂျပန်၊ တောင်ကိုရီးယား၊ တရုတ် တိုင်ဝမ် သုံးနိုင်ငံစလုံးမှာ
တူညီတဲ့ အချက်က စိတ်ဓာတ် ပြင်းထန်တာပဲနော်။
နိုင်ငံ ရှင်သန် ရပ်တည်ရေးအတွက်ဆိုပြီး
ကြိုးစားရာကနေ အောင်မြင်လာပုံပဲ။

# တရုတ်ပြည်မကြီးအနီးမှ ကျွန်းငယ်ငယ်

ကိုမျိုးချစ် ။ နိုင်ငံအလိုက် ပြောဆို ဆွေးနွေးတာမှာ ဂျပန်ရယ်၊ တောင်ကိုရီးယားရယ် ပြီးသွားတော့ ကျွန်တော်တို့ ဘယ် နိုင်ငံဘက် လှည့်ရင် ကောင်းမလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ သိပ် စဉ်းစားစရာ မလိုပါဘူး။ ခင်ဗျား လွယ်ထားတဲ့ အိတ်ထဲက laptop က ဘာတံဆိပ်လဲ။

ကိုမျိုးချစ် ။ Acer လေ။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပဲပေါ့။ Acer က တရုတ် တိုင်ပေထုတ် Made in Taiwan လေ။ ဒီလိုမျိုး အဆင့်မြင့် နည်းပညာသုံး အရည်အသွေး ကောင်းကောင်း ပစ္စည်းတွေကို စက်မှု ဖွံ့ဖြိုးပြီး နိုင်ငံတွေရဲ့ ဈေးကွက်တွေထဲကို ထိုးဖောက် ဝင်ရောက်နိုင်တဲ့ တရုတ်တိုင်ပေ ကြီးပွားလာပုံအကြောင်း ပြောကြရအောင်ဗျာ။

ကိုမျိုးချစ် ။ တရုတ် တိုင်ပေက တောင်ကိုရီးယား၊ တရုတ်တိုင်ပေ၊ ဟောင်ကောင်၊ စင်ကာပူ အာရှကျား လေးကောင်ထဲမှာ တစ်ကောင်ပဲ ဗျနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ တရုတ် တိုင်ပေက ခြေမဲ့လက်မဲ့ ဘဝကနေ ကြီးပွားလာတာဗျ။ ၁၉၄၉ ခုနှစ်မှာ အမျိုးသားရေးပါတီ တရုတ်ဖြူ ချန်ကေရှိတ်တို့အဖွဲ့ ကွန်မြူနစ်တွေကို စစ်ရှုံးပြီး ဖော်မိုဆာလို့လည်းခေါ်၊ ထိုင်ဝမ်လို့လည်းခေါ်တဲ့ ကျွန်းကို ထွက်ပြေးလာခဲ့ရတယ်။

ကိုမျိုးချစ် ။ ဗိုလ်ချုပ်တို့ ရဲဘော်သုံးကျိပ်တောင် အဲဒီကျွန်းမှာ စစ်ပညာတွေ သင်ခဲ့ရသေးတယ် မဟုတ်လား။

ဖွံ့ဖြိုးရေးပါရဂူ။ အဲဒီကျွန်း အစစ်ပေါ့ဗျာ။

ကိုမျိုးချစ် ။ ဆောရီး ၊ စကားလမ်းကြောင်း လွဲသွားတယ်။ ချန်ကေရှိတ်တို့ ပြည်မကြီးကို လက်လွှတ်ပြီး ထွက်ပြေးလာရတော့ စိတ်ဓာတ်ကျကုန်ကြမှာပဲ။

ဖွံ့ဖြိုးရေးပါရဂူ။ စိတ်ဓာတ်ကျတော့ ကျတယ် သိပ်ကြာကြာကျဖို့တော့ အခွင့်အရေးမရှိဘူးဗျ။

ကိုမျိုးချစ် ။ ဘာဖြစ်လို့လဲ။

ဖွံ့ဖြိုးရေးပါရဂူ။ စိတ်ဓာတ်ကျပြီး ထိုင်နေရင် အားလုံး ငတ်ကုန်မှာကိုး။ ထိုင်ဝမ် ကျွန်းမှာက အရင်းအမြစ်က ချို့တဲ့၊ စီးပွားရေးလုပ်ငန်းတွေ ဦးဆောင်နေတဲ့ လုပ်ငန်းရှင်တွေ လက်တစ်ဆုပ်စာလောက်။ ငွေကြေးအရင်းအနှီး စုဆောင်းငွေလည်း နတ္ထိ။ စစ်ဒဏ်လည်း ပြင်းပြင်းထန်ထန် ခံခဲ့ရတယ်။ ဒီတော့ ထိုင်စားစရာ ဘာမှ မရှိဘူး။ အားလုံး တက်ညီလက်ညီနဲ့ အလုပ်လုပ်ကြမှ ရှင်သန် ရပ်တည်နိုင်မယ်။ ရှင်သန်ရပ်တည်နိုင်ဖို့သည် ပထမ၊ ရှင်သန် ရပ်တည်နိုင်ဖို့သည် ဒုတိယ၊ ရှင်သန်ရပ်တည်နိုင်ဖို့သည် တတိယပေါ့ဗျာ။

ကိုမျိုးချစ် ။ စိတ်ပျက်စရာပဲနော်။ စစ်ရှုံးလို့ ထွက်ပြေးလာတဲ့ အရပ်ကလည်း မျှော်လင့်ချက်ထားစရာမရှိ။

ဖွံ့ဖြိုးရေးပါရဂူ။ ကောင်းတာ နည်းနည်းပါးပါးလည်း ရှိပါတယ်။ ဂျပန်တွေလက်အောက်မှာ ကိုလိုနီအဖြစ် နှစ်ငါးဆယ်လောက်နေခဲ့ရတာကြောင့် ပညာရေးကို အလေးထားကြတဲ့ စရိုက်ရှိနေတယ်။ စာတတ်မြောက်မှု မြင့်တာပေါ့။

ကိုမျိုးချစ် ။ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ် တိုင်ပေ သုံးနိုင်ငံစလုံးမှာတူညီတဲ့ အချက်က စိတ်ဓာတ် ပြင်းထန်တာပဲနော်။ နိုင်ငံရှင်သန် ရပ်တည်ရေးအတွက် ဆိုပြီး ကြိုးစားရာကနေအောင်မြင်လာပုံပဲ။

ဖွံ့ဖြိုးရေးပါရဂူ။ ခင်ဗျား တွေးတာ ဟုတ်တယ်ဗျ။ သူတို့ သုံးနိုင်ငံစလုံးဟာ ဒီလိုမှ မလုပ်ရင် မဖြစ်တော့ဘူး ဆိုတာ ခေါင်းဆောင်တွေက

လည်း သိတယ်၊ တိုင်းသူပြည်သားတွေ သိအောင်လည်း လုပ်နိုင်တယ်။ ဒီလို ဝိုင်းကြိုးစားကြလို့ ရှင်သန် ရပ်တည်နိုင်ရုံ တင်မက ကမ္ဘာ့ထိပ်တန်း နိုင်ငံတွေအဖြစ် စံချိန်တင် အချိန်တိုတိုနဲ့ ရောက်ခဲ့တယ်။ ကိုလိုနီတွေ ချဲ့ပြီး ကြီးပွားလာခဲ့တဲ့ ဗြိတိန်တို့၊ ပြင်သစ်တို့တောင် တိုးတက်အောင် နှစ် ရာနဲ့ချီပြီး တဖြည်းဖြည်းချင်း တက်လှမ်းခဲ့ရတာ။

ကိုမျိုးချစ် ။ တရုတ်တိုင်ပေရဲ့ ကြီးပွားရေး မဟာဗျူဟာက ဘယ်လို စခဲ့တာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ လုပ်ခဲ့တာတွေတော့ အများကြီးပဲ။ ငွေကြေးဖောင်းပွမှု ကြီးနေ တာကို ဖျက်ပစ်တယ်၊ လာဘ်စားမှုကို တိုက်ဖျက်တယ်၊ သိပ္ပံနဲ့ နည်းပညာကို အားပေးတယ်။ အဓိကကျတဲ့ မဟာဗျူဟာ ကတော့ ပို့ကုန်ကို ဦးစားပေးမြှင့်တင်ခဲ့တယ်။ အမေရိကန် ပြည်ထောင်စုက ကျောထောက်နောက်ခံပြုပြီး အကူအညီ တွေ ပေးထားရာက နိုင်ငံခြားသုံးငွေ ရနေပေမယ့် နောက်ပိုင်း အဲဒီ အထောက်အပံ့ရပ်မယ့် အခြေအနေဆိုက်လာတာနဲ့ နိုင်ငံခြားဝင်ငွေရအောင် ပို့ကုန်တွေ အမြန်ဆုံး ဦးစားပေး မြှင့်တင်ခဲ့ရတာပဲ။

ကိုမျိုးချစ် ။ ပို့ကုန် မြှင့်တင်တာလည်း ဂျပန်၊ တောင်ကိုရီးယားတို့နဲ့ တူတူပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ပို့ကုန် ဦးစားပေးရာကနေ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်တိုင်ပေတို့တင်မကဘဲ မလေးရှား၊ စင်ကာပူ၊ ထိုင်းတို့လည်း တိုးတက်လာကြတာပဲ။ ပို့ကုန် မြှင့်တင်ရေးဟာ အရှေ့အာရှ ကြီးပွားရေး မဟာဗျူဟာလို့ပဲ ဆိုကြပါစို့။

နောက်ပြီးတော့ တရုတ် တိုင်ပေ အစိုးရက စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တွေ အမြောက်အများပေါ် ထွန်းရေးကို ဦးစားပေးတယ်။ ဒီတော့ စီးပွားရေးလုပ်ငန်းရှင်တွေ စီးပွားရေး အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ရေခံမြေခံ ကောင်းရေးသည် အစိုးရရဲ့ အဓိက တာဝန်လို့ ခံယူထားကြတယ်။

ကိုမျိုးချစ် ။ နိုင်ငံပိုင် လုပ်ငန်းတွေ မရှိဘူးပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ရှိပါတယ်။ ဒါပေမယ့် ဂျပန်ခေတ်က လက်ကျန် နိုင်ငံပိုင် စက်ရုံ အလုပ်ရုံတွေမှလို့ ဆက်ထိန်းပြီး လုပ်ထားတာလည်း ပါပါ တယ်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေ အားကောင်းလာ ရင် အစိုးရအနေနဲ့ တဖြည်းဖြည်း စီးပွားရေး နယ်ပယ်ကနေ ဆုတ်ခွာသွားဖို့ နဂိုကတည်းက တရုတ် တိုင်ပေ အစိုးရက စဉ်းစားထားပြီးသားပါ။ အစိုးရက ပုဂ္ဂလိက လုပ်ငန်းတွေကို မြေတောင်မြှောက်ပေးတယ်။ ပုဂ္ဂလိကလုပ်ငန်းတွေ ကြီးထွား လာတော့ ကိုယ့်ဟာကိုယ် ဆက်လျှောက်ကြဆိုပြီး လွှတ်ပေး လိုက်တာပဲ။

ကိုမျိုးချစ် ။ State လို့လည်းခေါ်တဲ့ Public Sector က Market လို့လည်း ခေါ်တဲ့ Private Sector ကို တဖြည်းဖြည်း လက်တွဲ ခေါ်တဲ့ သဘောလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်လိုက်လေဗျာ။ ဒါပေမယ့် State က သူ့ရဲ့ အဓိကတာဝန် ဟာ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တွေ ပေါ်ထွန်းနိုင်ဖို့ ရေခံမြေခံကောင်း ဖန်တီးပေးဖို့ ဆိုတာကိုတော့ အမြဲ သတိ ထားတယ်။

ကိုမျိုးချစ် ။ ရေခံမြေခံ ကောင်းအောင် ဖန်တီးပေးလိုက်တော့ စွန့်ဦး တီထွင် စီးပွားရေးလုပ်ငန်းရှင်တွေ ပေါ်ထွန်းလာတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒါပေမယ့် လုပ်ငန်းရှင်တွေ သူ့အလိုလို ပေါ်မလာတဲ့ အခါမျိုး ကျ အစိုးရက ကိုယ်တိုင် အားထုတ်ပြီး လိုက်ရှာရပြန်ရော။

ကိုမျိုးချစ် ။ ဘယ်လိုမျိုးလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ အော်။ သူတို့ ဖွံ့ဖြိုးစေချင်တဲ့ လုပ်ငန်း နယ်ပယ်အတွက် စိတ်ချရမယ့် စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေ လိုက်ပြီး ရှာဖွေ ရတာကို ပြောတာပါ။ အမေရိကန်တွေရဲ့ အကူအညီတွေနဲ့ တည်ဆောက်ခဲ့တဲ့ PVC စက်ရုံကို လွှဲလို့ရမယ့် ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ယောက်ကို လိုက်ရှာရတာမျိုးဗျာ။ ရှာရင်း ဖွေရင်း နောက်ဆုံးတော့ ဂျပန်မှာ သစ်လုပ်ငန်းလုပ်နေတဲ့ ထိုင်ဝမ်ကျွန်းသား တစ်ယောက်ကို သွားတွေ့တယ်။ အဲဒီလူ က စက်ရုံကို ဦးဆောင်လိုက်တာ သူ့ကုမ္ပဏီဟာ ကမ္ဘာပေါ်မှာ အကြီးဆုံး PVC ထုတ်လုပ်တဲ့ လုပ်ငန်းကြီး ဖြစ်သွားတယ်။

ကိုမျိုးချစ် ။ အဲဒီလောက်တောင် တက်တက်ကြွကြွ လိုက်ဖြည့်ဆည်းတယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဂျပန်နဲ့ တောင်ကိုရီးယားတို့နဲ့ ခပ်ဆင်ဆင်ပဲဗျ။ အစိုးရက ပို့ကုန် အလားအလာ ကောင်းမယ့် လုပ်ငန်းသစ်တွေကို အတိုးနှုန်း သက်သက်သာသာနဲ့ ချေးငွေတွေ ထုတ်ပေးတယ်။ ပို့ကုန် ထုတ်လုပ်ရာမှာ သုံးတဲ့ သွင်းကုန်တွေကို အခွန်နှုန်းထား လျှော့ပေးတယ်။ နောက်ဆုံးပေါ် နည်းပညာတွေ မရအရ လိုက်ရှာတယ်။


ကိုမျိုးချစ် ။ ဒါကြောင့် တရုတ်တိုင်ပေလည်း အောင်မြင်ခဲ့တာနဲ့ တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ တရုတ် တိုင်ပေရဲ့ Public- Private Partnership အောင်မြင်မအောင်မြင် ဆယ်နှစ်လောက်အတွင်းမှာ ပို့ကုန် ဝင်ငွေဟာ နှစ်ဆယ့်ငါးဆလောက် တက်သွားတာပဲ ကြည့်လေ။

ကိုမျိုးချစ် ။ ဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ တရုတ်တိုင်ပေ ကြီးပွားလာပုံက အခု ပြောတာလောက်နဲ့ မခြုံငုံ မိသေးဘူးဗျ။ အခု လောလောဆယ် ပြောရရင် သေရေးရှင်ရေး ထလုပ်မှ ဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ် Sense of Urgency for Survival၊ ပို့ကုန် ဦးဆောင်သော စီးပွားရေး မဟာဗျူဟာ Export- led Strategy၊ စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းများ ကြီးပွားရေးအတွက် ရေခံမြေခံ ဖန်တီးပေးရေး Environment for Entrepreneurship တို့ ပဲပေါ့။

■



**Made in Taiwan** ဆိုတဲ့ အမှတ်အသားဟာ
အရည်အသွေးကို ကိုယ်စားပြုခဲ့ပြီး တစ်ကမ္ဘာလုံးက
လူတွေရဲ့ ယုံကြည် စိတ်ချမှုကို ရခဲ့တယ်။
ဒါဟာ ဒုတိယကမ္ဘာစစ် ပြီးစက
မထင်မရှား ဂျပန်ကိုလိုနီပဟောင်း ကျွန်းကလေး
တစ်ကျွန်း အတွက် ရောမ အောင်မြင်မှုပဲ။

# ပြန်လာသူနှင့် အင်ဂျင်နီယာများ

ကိုမျိုးချစ် ။ ခုတိုင်းဆို ထိုင်ဝမ် (တရုတ်တိုင်ပေ) ကြီးပွားလာတာ ချန်ကေရှိတ်တို့ ကြောင့်ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ မှန်ပါတယ်။ သူတို့ မရောက်ခင်တုန်းက ထိုင်ဝမ်ကျွန်းက မထင်မရှား ကျွန်းလေး တစ်ကျွန်းပဲဟာ။ ချန်ကေရှိတ်တို့ရဲ့ ခေါင်းဆောင်မှုကြောင့် ကြီးပွား တိုးတက်လာခဲ့တာပဲ။ ဒါပေမယ့် တရုတ်တိုင်ပေ ကြီးပွားလာရခြင်းမှာ ချန်ကေရှိတ်တို့အပြင် အဓိကလက်သည်တွေ ရှိသေးတယ်။

ကိုမျိုးချစ် ။ ဘယ်သူတွေလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ Technocrats လို့ခေါ်တဲ့ ထက်မြက်တဲ့ အစိုးရ အရာရှိတွေပေါ့ဗျာ။ အဲဒီအရာရှိတွေထဲမှာ သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေ အတော်များများ ပါတယ်ဗျ။ စီးပွားရေး မူဝါဒပိုင်းမှာ နိုင်ငံအုပ်ချုပ်သူတွေက ဝင်မစွက်ဘဲ နိုင်ငံကောင်းအောင် technocrats တွေ စိတ်တိုင်းကျ လုပ်ခွင့်ပေးထားခဲ့တယ်။ တစ်နည်းပြောရရင်တော့ ဒီလို ဝင်မစွက်တာလည်း ချန်ကေရှိတ်ရဲ့ ကောင်းကွက်ပဲပေါ့ဗျာ။

ကိုမျိုးချစ် ။ အခုတရုတ် နိုင်ငံမှာလည်း ထိပ်တန်းအစိုးရအရာရှိကြီးတွေထဲမှာ အင်ဂျင်နီယာတွေ၊ သိပ္ပံပညာရှင်တွေ တော်တော်ပါတယ်ဆို။

ဖွံ့ဖြိုးရေးပါရဂူ ။ တရုတ်သမ္မတ ဟူကျင်တောင်နဲ့ ဝန်ကြီးချုပ် ဝမ်ကျားပေါင်တို့ဟာ အင်ဂျင်နီယာတွေပဲ။

ကိုမျိုးချစ် ။ အိုး။
ဖွံ့ဖြိုးရေးပါရဂူ ။ 'အင်ဂျင်နီယာဆိုတာ စီးပွားရေး သဘောတရား နားလည်တဲ့ သိပ္ပံပညာရှင်' လို့ ထိုင်ဝမ်ရဲ့ အထင်ကရ technocrat တစ်ယောက်က ပြောဖူးတယ်။ သေချာတာကတော့ ထိုင်ဝမ်ဟာ အဲဒီလို technocrat တွေရဲ့ မောင်းနှင် အားကြောင့် ကြီးပွားလာခဲ့ပြီး ခုလို အခြေအနေရောက်ခဲ့တာပဲ။
ကိုမျိုးချစ် ။ တရုတ် တိုင်ပေသားတွေက စီးပွားရေးမဟာဗျူဟာ ချမှတ်ရာမှာ သူတို့ဘာသာ ကြံဆခဲ့တာလား။
ဖွံ့ဖြိုးရေးပါရဂူ ။ သူတို့ နိုင်ငံအခြေအနေ သူတို့ အသိဆုံးဆိုတော့ သူတို့ဘာသာ ကြံဆခဲ့တာ ပါကို ပါတာပေါ့။ ဒါပေမယ့် သူတို့ရှေ့ကနေ အရင် အရှေ့အာရှမှာတိုးတက်ခဲ့တာ ဘယ်နိုင်ငံလဲ။
ကိုမျိုးချစ် ။ ဂျပန်လေဗျာ။
ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ဂျပန်တွေရဲ့ လုပ်နည်းလုပ်ဟန်တွေကို သူတို့ သေသေချာချာ စောင့်ကြည့်လေ့လာခဲ့တယ်။ MITI Ministry of International Trade and Industry ပုံစံမျိုး သူတို့လုပ်ကြတယ်။
ကိုမျိုးချစ် ။ သူက အစိုးရနဲ့ ပုဂ္ဂလိက စက်မှုလုပ်ငန်းတွေ အကြား ပေါင်းကူး ဆက်သွယ်ပေးတယ်။ စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒ Industry Policy အကောင်အထည် ပေါ်အောင် ဖော်ဆောင်တယ်။ ကမ္ဘာ့ဈေးကွက်နဲ့ ဂျပန် ကုမ္ပဏီတွေ ယှဉ်ပါးအောင် လုပ်ဆောင် ပေးတယ်၊ ကမ္ဘာ့ဈေးကွက်ကနေ ဂျပန်ကုမ္ပဏီတွေ အကျိုးအမြတ် အမြင့်ဆုံးရအောင် ကူညီတယ်။ ဂျပန် ကုမ္ပဏီတွေ ရှေ့တစ်လှမ်းတိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ သတင်းအချက်အလက်တွေရအောင် State က လမ်းထွင် ပေးတယ်။ ဂျပန်အစိုးရက ကိုယ်တိုင်တော့ ဝင်စီးပွားရေး မလုပ်ဘူးပေါ့။ သူက ဝင်ကြီးကြပ်တယ်၊ ထိန်းကွပ်တယ် (regulation and coordination)။ ဒါကို State က တစ်ဆင့် လုပ်သွားတာ။
ဖွံ့ဖြိုးရေးပါရဂူ ။ ဟာ။ ခင်ဗျားက ဦးအောင် ပြောသွားပါလား။
ကိုမျိုးချစ် ။ ကျွန်တော်တို့ ဂျပန်နဲ့ State အကြောင်း ပြောတုန်းက ပြောပြီးသားတွေလေ။

ဖွံ့ဖြိုးရေးပါရဂူ ။ ခင်ဗျားကတော့ နာမည်နဲ့ လိုက်လဲ လိုက်တဲ့လူပဲ။ နိုင်ငံ ကြီးပွားရေး အကြောင်းများပြောရင် ထမင်းမေ့ဟင်းမေ့ စိတ်ဝင်စားတဲ့သူကိုး။ MITI ကို ထိုင်ဝမ်သားတွေက အနီးကပ်လေ့လာပြီး သူတို့အရပ် သူတို့ဇာတ်နဲ့လိုက်အောင် မွေးစားယူခဲ့တယ်။

ကိုမျိုးချစ် ။ ဂျပန်လက်အောက်မှာ နေခဲ့ကြလို့ ဂျပန်တွေကို အတုယူကြတာ ထင်တယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ တောင်ကိုရီးယားတုန်းကလည်း ဒီတိုင်းပဲလေ။ ဂျပန် ကိုလိုနီအဖြစ် နေခဲ့ရလို့ ဂျပန်ကိုမုန်းပေမယ့် ဂျပန်ပညာရေးနဲ့ ရင်းနှီးခဲ့တာကြောင့် ဂျပန်ကို စံနမူနာထားအတုယူ စီးပွားရေးတည်ဆောက်ခဲ့လို့ အောင်မြင်ခဲ့တာပဲ။ ဂျပန်ကလည်း အနီးဆုံးနဲ့ အကောင်းဆုံး ဥပမာလေ။ ယဉ်ကျေးမှုချင်းလည်း သိပ်မကွာ၊ အခြေအနေမဲ့ဘဝနဲ့ ပြန်စရတာလည်းတူတာကိုး။ အရှေ့အာရှ နိုင်ငံတွေ ကြီးပွားတိုးတက်မှုမှာ ဂျပန်က အဲဒီလိုရှေ့ဆောင်လမ်းပြလုပ်နိုင်ခဲ့လို့ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်မှုဟာ 'ငန်းအုပ်ဖွဲ့ပျံသန်းမှု' Flying Geese Pattern လို့ ပြောခဲ့ကြတယ်။ ရှေ့ဆုံးကနေ ဂျပန်၊ နောက်က အာရှကျားလေးကောင် ဖြစ်တဲ့ တောင်ကိုရီးယား၊ တရုတ်တိုင်ပေ၊ စင်ကာပူ၊ ဟောင်ကောင်၊ နောက်ကနေ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားတို့ လိုက်ကြတယ်လို့ တင်စားကြတယ်။

ကိုမျိုးချစ် ။ ငန်းတို့ပျော်ရာ ရေကန်သာက အာရှရောက်နေတာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဦးနှောက်စီးဝင်မှု Brain Gain ကြောင့်လည်း တရုတ်တိုင်ပေကြီးပွားမှုနှုန်း ပိုအရှိန်မြန်ခဲ့တာပဲ။ တရုတ်တိုင်ပေကနေ အမေရိကကို ထူးချွန်တဲ့ လူငယ်တွေ သွားရောက်ပြီး ပညာသင်ကြတယ်။ ကျောင်းပြီးတာနဲ့ အမေရိကမှာပဲ အလုပ်ဝင်လုပ်ကြတယ်။ နည်းနည်းလည်းကြာသွားရော အမေရိကအိုင်တီနဲ့ ကွန်ပျူတာတို့ရဲ့ နှလုံးသည်းပွတ်ဖြစ်တဲ့ ဆီလီကွန်တောင်ကြားမှာ သူတို့တွေ အောင်မြင်လာကြတယ်။ ကိုယ်ပိုင်ကုမ္ပဏီလေးတွေ စတည်ထောင်တဲ့သူ တည်ထောင်၊ ကော်ပိုရေးရှင်းကြီးတွေမှာ ရာထူးကြီးတွေ ရသူရကြနဲ့ပေါ့။ ဒီအချိန်က

ထိုင်ဝမ်မှာ စီးပွားရေး ပွင့်လန်းစ ပြုလာချိန်၊ အစိုးရကလည်း အဝေးရောက် ထိုင်ဝမ်သားတွေကို ဖိတ်ခေါ်တယ်၊ နိုင်ငံ တည်ဆောက်ရေးမှာ ပါဝင်ကြပါ ဆိုပြီးတော့။ အဲဒီမှာတင် အောင်မြင်စ ပြုနေပြီဖြစ်တဲ့ ထိုင်ဝမ်သားတွေ ပြန်လာတယ်၊ လုပ်ငန်းသစ်တွေစကြ၊ ရင်းနှီးမြှုပ်နှံကြတယ်။ သူတို့နဲ့အတူ ငွေကြေးတွေ၊ အဆက်အသွယ်တွေ၊ နည်းပညာတွေ၊ အတွေ့ အကြုံတွေ တစ်ပါတည်း ပါလာခဲ့တယ်။ အမေရိကမှာ ရှိတဲ့ သူတို့ရဲ့ အဆက်အသွယ်တွေ၊ အမေရိကကရခဲ့တဲ့ အတွေ့ အကြုံတွေကြောင့် အမေရိက ဈေးကွက်ကို ဖောက်ဖို့လည်း ပိုလွယ်သွားပြီး ထိုင်ဝမ်ရဲ့ အီလက်ထရောနစ်နဲ့ ကွန်ပျူတာ ဆိုင်ရာ ထုတ်ကုန်တွေ အများကြီး တင်ပို့နိုင်ခဲ့တယ်။

ကိုမျိုးချစ် ။ technocrat တွေရယ်၊ နိုင်ငံခြားမှာ အနေကြာပြီး ပြန်လာသူ တွေရယ်က အကျိုးပေးသွားတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ပြန်လာသူတွေထဲကလည်း technocrat တွေ ဖြစ်လာကြ တယ်။ အမေရိကဈေးကွက်နဲ့ ပတ်သက်ပြီး ခြေခြေမြစ်မြစ် သိသူတွေ ဖြစ်တာကြောင့် ဒီလိုပုဂ္ဂိုလ်မျိုးတွေက တရုတ် တိုင်ပေကို ပို့ကုန်တင်ပို့သူအဖြစ် ခိုင်မာအောင် ဦးဆောင်နိုင် ခဲ့တယ်။


ကိုမျိုးချစ် ။ ထိုင်ဝမ် ကြီးပွားလာပုံက ရင်သပ်ရှုမောပါပဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ရှပ်ရှင်တို့ ဝတ္ထုတို့မှာဆို ဇာတ်လိုက်က ခြေမဲ့လက်မဲ့ အထောက်အပံ့မရှိ ဘဝက စလာပြီး ကိုယ့်ဒူးကိုယ်ချွန်နဲ့ ကြီးပွားသွားတဲ့ ဇာတ်လမ်းမျိုးဆို ပရိသတ် သိပ်ကြိုက်ကြ တယ်။ တရုတ် တိုင်ပေကလည်း ဒီလိုမျိုးပဲ။ သဘာဝ သယံ ဇာတ မရှိ၊ ငွေကြေးအရင်းအနှီး မရှိပဲနဲ့ ကြိုးစားပြီး နောက်ဆုံး စက်မှုဖွံ့ဖြိုးပြီး နိုင်ငံစာရင်းဝင်သွားတယ်။ တစ်ကမ္ဘာလုံးက ကွန်ပျူတာတွေ၊ မော်နီတာတွေ၊ ဒါတွေအားလုံးကို တရုတ် တိုင်ပေက ထက်ဝက်လောက် ထုတ်လုပ်တယ်။ နိုင်ငံခြားငွေ အရန်ပိုင်ဆိုင်မှု Foreign Reserve ကို ကြည့်ဦးမလား၊ ထိပ်ဆုံး ကပဲ။ Made in Taiwan ဆိုတဲ့ အမှတ်အသားဟာ အရည် အသွေးကို ကိုယ်စားပြုခဲ့ပြီး တစ်ကမ္ဘာလုံးက လူတွေရဲ့ ယုံကြည်

စိတ်ချမှုကို ရခဲ့တယ်။ ဒါဟာ ဒုတိယ ကမ္ဘာစစ်ပြီးစက မထင်မရှား ဂျပန် ကိုလိုနီဟောင်း ကျွန်းကလေးတစ်ကျွန်း အတွက် ရောမ အောင်မြင်မှုပဲ။

ကိုမျိုးချစ် ။ တရုတ် တိုင်ပေအကြောင်း ဒီနေ့ စကားဝိုင်းကို အနှစ်ချုပ် လိုက်ရင် technocrats ရယ်၊ ပြန်လာသူရယ်၊ ငန်းတွေ အုပ်ဖွဲ့ ပျံသန်းတာရယ်ပဲပေါ့။

■



တစ်လုံး မဟုတ်ပါဘူး။ စကားလုံး ၂ လုံးနဲ့ တည်ဆောက်ထား
တာပါ။ **Political** ရယ် **Economy** ရယ်။ ဒီတော့
ဒီဝေါဟာရသည် နိုင်ငံရေးနဲ့ စီးပွားရေး ဆက်စပ်နေကြောင်း
ဖော်ပြမှန်း ရုတ်တရက်ကြည့်ရုံနဲ့ သိသာနေပါပြီ။

# နိုင်ငံရေးဘောဂဗေဒ

ကိုမျိုးချစ် ။ နိုင်ငံရေးဘောဂဗေဒ ဆိုတဲ့ စကားလေး အခုတလော ကြား လာရတယ်ဗျ။ ဒါပေမယ့် နားယဉ်နေပြီး အဓိပ္ပာယ်ကို သိသလို လို နဲ့ မသိဘူးဖြစ်နေတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ လွယ်ပါတယ်။ သူ့ရဲ့ မူရင်း အင်္ဂလိပ်စကားလုံးဖြစ်တဲ့ Political economy ပဲလေ။

ကိုမျိုးချစ် ။ ဟာ၊ အဲလိုတော့ တစ်လုံးတည်း မလုပ်ပါနဲ့ ဆရာရယ်။ နည်းနည်းပါးပါးတော့ သိုင်းသိုင်းဝိုင်းဝိုင်း ပြောမှပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ တစ်လုံး မဟုတ်ပါဘူး။ စကားလုံး နှစ်လုံးနဲ့ တည်ဆောက်ထား တာပါ။ political ရယ် economy ရယ်။ ဒီတော့ ဒီ ဝေါဟာရ သည် နိုင်ငံရေးနဲ့ စီးပွားရေး ဆက်စပ်နေကြောင်း ဖော်ပြမှန်း ရုတ်တရက် ကြည့်ရုံနဲ့ သိသာနေပါပြီ။ နိုင်ငံရေးနဲ့ စီးပွားရေး သည် အပြန်အလှန် ဆက်စပ်နေတယ်၊ အမှီသဟဲပြုနေကြ တယ်လို့ နိုင်ငံရေးဘောဂဗေဒက ဆိုတယ်။ နိုင်ငံရေး ဘောဂ ဗေဒ ဆိုတာ ဘာလဲဆိုပြီး အကျယ်တဝင့် ရှင်းပြထားတဲ့ ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တွေ မသိရင် နေပါစေ၊ ဒီ စကားလုံး နှစ်လုံးနဲ့ တည်ဆောက်ထားတယ် ဆိုတာ မြင် တတ်ရင်ရပြီ။ သူ့ရဲ့ အနှစ်က နိုင်ငံရေးသည် စီးပွားရေးကို ဖန်တီးတယ်၊ ဩဇာ သက်ရောက်တယ်၊ စီးပွားရေးကလည်း နိုင်ငံရေးကို အပြန်အလှန်အားဖြင့် ဖန်တီးတယ်၊ ဩဇာ သက်ရောက်တယ်။

ကိုမျိုးချစ် ။ နိုင်ငံရေးနဲ့ စီးပွားရေးက ဒါဆိုရင် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ကျွန်တော်တို့ဆီ လာသွားတဲ့ နိုဘယ်ဆုရ ကမ္ဘာကျော် စီးပွားရေးပညာရှင် Joseph Stiglitz လည်း ဒါပဲ ပြော သွားတာပဲ။ Politics and Economics are indistinguishable တဲ့။ နိုင်ငံရေးနှင့် စီးပွားရေးသည် ခွဲခြားမရပါပေ့။ political economy ဆိုတဲ့ စကားလုံး မသုံးပေမယ့် သူပြောချင်တာက အဲဒီအတိုင်းပဲ။

ကိုမျိုးချစ် ။ ဆိုလိုတာက။

ဖွံ့ဖြိုးရေးပါရဂူ ။ Political economy ဆိုတာက နိုင်ငံရေးကြောင့် စီးပွားရေး ဘယ်လို ပြောင်းတယ်၊ စီးပွားရေးကြောင့် နိုင်ငံရေး ဘယ်လို ပြောင်းတယ်ဆိုတာ လေ့လာတဲ့ ဘာသာရပ်ပဲ။ မူဝါဒ ချမှတ်သူတွေ၊ ဖွံ့ဖြိုးရေးပညာရှင်တွေ မသိမဖြစ် လေ့လာကို လေ့လာရတဲ့ ဘာသာရပ်။ နိုင်ငံတကာပါ ပါလာရင်တော့ International Political Economy ဘာသာရပ်ပေါ့။ ဒီ ဘာသာရပ်ကို ပိုင်နိုင်ရင် နိုင်ငံ ကြီးပွားတိုးတက်ရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ရင် ပိုထိရောက်တယ်။

ကိုမျိုးချစ် ။ အပြောင်းအလဲကို ဖော်ဆောင်ရာမှာ နိုင်ငံရေးဘောဂဗေဒကို လက်စွဲထားသင့်တယ်ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံ တစ်နိုင်ငံကို ပြုပြင်ပြောင်းလဲတယ်ဆိုရင် အဓိကက စီးပွားရေးပြောင်းတာနဲ့ နိုင်ငံရေးပြောင်းတာနဲ့ နှစ်ခုပဲ ရှိတယ်။ စီးပွားရေးက စပြောင်းလို့ ရသလို၊ နိုင်ငံရေးက စ ပြောင်းလို့လည်း ရတယ်။

ကိုမျိုးချစ် ။ နှစ်ခုလုံး ပြိုင်တူ ပြောင်းလို့ရော မရဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ရပါတယ်။ စီးပွားရေးက ဦးဆောင်လို့ရသလို၊ နိုင်ငံရေးက ဦးဆောင်လို့လည်း ရတယ်လို့ ကျွန်တော်က ဆိုလိုတာပါ။ တရုတ်လို နိုင်ငံမျိုးကျတော့ စီးပွားရေး စပြောင်းတာ။ ဆိုရှယ်လစ်စီးပွားရေးစနစ်က အစတုန်းက အောင်မြင်မှုတွေ ရခဲ့ပေမယ့် နောက်ပိုင်းမှာ အကျိုးထက် အပြစ်က ပိုများလာတယ်။ အဲဒီတုန်းက တရုတ်ခေါင်းဆောင်ကြီးဖြစ်တဲ့ တိန့်ရှောင်ဖိန်

က ပြုပြင်ပြောင်းလဲချင်တယ်။ ဒါပေမယ့် နိုင်ငံရေး စနစ်ကို ပြောင်းလို့မရဘူး။ ဒီတိုင်းသွားရင် ပိုဆိုးကုန်မယ်မှန်းလည်း တိန့်ရှောင်ဖိန်က သိနေတယ်။ ဒီတော့သူက နိုင်ငံရေးအရ ကွန်မြူနစ်ပါတီကို အုပ်ချုပ်သူနေရာမှာ ဆက်ထားတယ်။ သူကိုယ်တိုင်လည်း ကွန်မြူနစ်ပါတီ အကြီးအကဲလေ။ ဘာကို ပြောင်းသလဲဆိုတော့ စီးပွားရေးကို အရင်ပြောင်းတယ်။ အထူး စီးပွားရေးဇုန်တွေ တည်ထောင်တယ်။ အဲဒီဇုန်တွေကကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ပြည်နယ်တွေနဲ့ အလားသဏ္ဌာန်တူတယ်။ နိုင်ငံ တွင်းက တခြားဒေသတွေမှာ လုပ်လို့ မရတဲ့ ဈေးကွက် စီးပွား ရေးစနစ် ပုံစံ လုပ်လို့ရတယ်။ နိုင်ငံခြားက ရင်းနှီးမြုပ်နှံမှုတွေ လာလုပ်ကိုင်လို့ရတယ်။ တစ်နည်းပြောရရင် အစမ်းသပ်ခံ နေရာတွေပေါ့။ အခြေအနေမဟန်ရင် တခြား နေရာတွေကို အရောက်မခံဘူး။ ရပ်ထားလိုက်လို့ရတယ်။

ကိုမျိုးချစ် ။ ရွှံ့ထဲကို မဆင်းခင် ခြေတစ်လှမ်း စစမ်းနင်းတဲ့ သဘောပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ဒီသဘောပဲ။ ဒီဇုန်တွေ အောင်မြင်သွားပြန်တော့ သူတို့ရဲ့ အခန်းကဏ္ဍက တစ်မျိုး ပြောင်းသွားပြန်တယ်။ ဈေးကွက် စီးပွားရေးကို နောက်တစ်ဆင့် ဆက်သွားဖို့ ဒီဇုန်တွေသည် ပြယုဂ်ကောင်းတွေ ( Role Models ) ဖြစ်လာပြန်ရော။ သူတို့ နဲ့ နယ်ပယ်ချင်း ထိစပ်နေတဲ့ တရုတ်နိုင်ငံ တခြားဒေသတွေနဲ့ အထူးစီးပွားရေးဇုန်တွေနဲ့ ယှဉ်လိုက်ရင် တိုးတက်မှုချင်းက မိုးနဲ့ မြေလို ကွာခြားတာကိုး။ ဒီမှာတင် တိန့်ရှောင်ဖိန် နောက်ထပ်ပြောင်းလဲချင်တာတွေ ပြောင်းလဲဖို့ အခွင့်အရေး ကောင်းကောင်းရသွားခဲ့တယ်။ တစ်လျှောက်လုံး ဆိုရှယ်လစ် စီးပွားရေးအတွက် မြုပ်နှံလာခဲ့တဲ့ သူ့ရဲ့ ပါတီတွင်း လုပ်ဖော် ကိုင်ဖက်တွေ ဈေးကွက်စီးပွားရေးကို မယုံသင်္ကာ ဖြစ်နေတာ ကို သူ့အနေနဲ့ လျှော့ချနိုင်ခဲ့တယ်။ လုပ်ဖော်ကိုင်ဖက်တွေ သဘောတူဖို့လည်း လိုတာကိုး။ သူတို့မပါဘဲ တိန့်ရှောင်ဖိန် တစ်ယောက်တည်းနဲ့ ဘာမှ မလုပ်နိုင်ဘူး။

ကိုမျိုးချစ် ။ အဲဒီကနေ တောက်လျှောက် တရုတ်လဲ ဟန်ကျသွားတာပဲ နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ထင်သလောက်တော့ မချောမွေ့ဘူးဗျ။ လယ်လုပ်သူတွေ ထွက်သမျှ စပါး ကိုယ့်ဟာကိုယ်ယူ ဆိုတဲ့ မူမျိုးတွေကြောင့် နောက်ပိုင်းမှာ တိန့်ရှောင်ဖိန်ကို အတိုက်အခံလုပ်သူတွေ အင်အားကောင်းလာခဲ့တယ်။ ဆိုရှယ်လစ်စနစ်က ဝိုင်းလုပ် ဝိုင်းစား၊ အများပိုင်လေ။ ပုဂ္ဂလိကပိုင် ဥစ္စာဓန မရှိရဘူး ဆိုတဲ့ အပေါ် အခြေခံထားတာ။ လူတန်းစား ကွဲပြားမှု မရှိရဘူး၊ လူတန်းစား တစ်တန်းစားတည်းသာ ရှိရမယ်လေ။ ဈေးကွက် စီးပွားရေး အောင်မြင်လာတော့ ဥစ္စာဓန ကွာခြားမှု မြင့်မား လာတယ်။ သူတို့ဘဝနဲ့ ရင်းပြီး တိုက်ပွဲဝင်လာတဲ့ အရင်းရှင် စနစ်ကြီး သူတို့ မျက်စိအောက်မှာတင် ကြီးထွားလာနေတာ ကြောင့် ဝါရင့် ကွန်မြူနစ်ကြီးတွေလည်း ထိတ်လန့်လာတယ်။ ရာဇဝတ်မှုခင်းတွေကလည်း အရင်ကထက် များလာတာကိုး။ ကွန်မြူနစ်စနစ် ပြိုလဲသွားမှာကို စိုးရိမ်တဲ့ ဝါရင့် ခေါင်းဆောင် တွေ အင်အားစုကြီး ဖြစ်လာပြီး တိန့်ရှောင်ဖိန်ရဲ့ ပြုပြင် ပြောင်းလဲရေးတွေကို မေးခွန်း ထုတ်သည်ထက် ထုတ်လာ ကြတယ်။

ကိုမျိုးချစ် ။ ဇာတ်ရှိန်မြင့်လာပြီ။

ဖွံ့ဖြိုးရေးပါရဂူ ။ တိန့်ရှောင်ဖိန်ကလည်း လူပါးပဲ။ အခြေအနေကို သိတာပေါ့။ သူက Socialism with Chinese Characteristics 'တရုတ် နည်းကျ ဆိုရှယ်လစ်ဝါဒ'ကို ကြေညာလိုက်တယ်။ အခု သူသွား နေတဲ့ လမ်းကြောင်းဟာ ဆိုရှယ်လစ်စနစ်ကို သွေဖည်သွား နေတာမဟုတ်ဘူး။ တရုတ်နိုင်ငံနှင့်ကိုက်ညီသော ဆိုရှယ်လစ် ဝါဒအတိုင်း သွားနေတာပါ။ တရုတ်နိုင်ငံ ကြီးပွားတိုးတက်ရေး ဆိုရှယ်လစ်ပန်းတိုင်ကို ချီတက်ရာမှာ လိုအပ်သော ပစ္စည်း ကိရိယာများကို သုံးစွဲပြီး ချီတက်နေတာပါ။ ပန်းတိုင်ကတော့ တူတူပါပဲ။ တိန့်ရှောင်ဖိန်က အဲဒီလို ရှင်းပြခဲ့တယ်။

ကိုမျိုးချစ် ။ ပိုင်တယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ပိုင်တယ်လေ။ တရုတ်နည်းကျ ဆိုရှယ်လစ်ဝါဒ ဆိုတာ တကယ်တမ်းတော့ စီးပွားရေးကို အရင်းရှင်စနစ်၊ ဈေးကွက်

စီးပွားရေးစနစ်နဲ့ သွားမယ်၊ နိုင်ငံရေးပိုင်းမှာ ကွန်မြူနစ်ပါတီက နိုင်ငံ့အာဏာကို ကိုင်ထားမယ်လို့ ဆိုတာပဲ။

ကိုမျိုးချစ် ။ နိုင်ငံရေးပိုင်းကတော့ မပြောင်းလဲတဲ့ သဘောပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘယ်ဟုတ်ပါ့မလဲ။ *Political Economy* သဘောအရ စီးပွားရေးသည် နိုင်ငံရေးကို ပြောင်းလဲနိုင်သည်လေ။ တိန့်ရှောင်ဖိန် လုပ်ငန်းစခဲ့တဲ့အချိန် လွန်ခဲ့တဲ့ အနှစ် ၃၀ နဲ့ အခု တရုတ်နိုင်ငံရေးနဲ့ အတော့်ကို ကွဲပြားသွားပါပြီ။ တစ်ဦးချင်း လွတ်လပ်ခွင့်တွေ ရလာပြီ။ ကိုယ်ပိုင် စီးပွားရေးလုပ်ခွင့်ရတာ၊ ကိုယ်ပိုင်ဥစ္စာ မနေ သိုမှီးခွင့်ရတာဟာ အခြေခံလူ့အခွင့်အရေး ရလာတာပဲလေ။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရလာပြီ။ ကိုယ်ကြိုးစားသလောက် ကိုယ်ခံစားခွင့် ရှိသွားပြီ။ စီးပွားရေး လုပ်ငန်းရှင်တွေတောင် ကွန်မြူနစ်ပါတီ ဝင်ခွင့်ရပြီလေ။ စီးပွားရေးလုပ်ငန်းရှင် ဆိုတာ ဆိုရှယ်လစ်စနစ်ရဲ့ ရန်သူတွေလေ၊ အရင်ခေတ်က ဘူဇွာတွေ၊ မနေရှင်ပေါက်စတွေ ဆိုပြီး ကွန်မြူနစ်ပါတီက ချေမှုန်းခဲ့တာ။ တရုတ် အစိုးရရဲ့ ဗဟိုက ချုပ်ကိုင်မှုတွေ လျော့သွားပြီး ဒေသအာဏာပိုင်တွေမှာ အာဏာရှိလာတယ်။ မူဝါဒချမှတ်ရာမှာလည်း အပေါ်စီးက ချမှတ်တာထက် ပြည်သူဆီက တုံ့ပြန်မှု သဘောထား Feedback ကို ဆန်းစစ်အလေးထားတဲ့ သဘောတွေ ရှိလာတယ်။ စီးပွားရေး ပြောင်းလဲတာကြောင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး လိုက်ပြောင်းလာတာ အထင်အရှားပဲ။

ကိုမျိုးချစ် ။ ဒီတော့။

ဖွံ့ဖြိုးရေးပါရဂူ ။ Political Economy ပေါ့ဗျာ။

(Foreign Affairs weekly မှ ဆောင်းပါးကို ပြင်ဆင်ဖော်ပြခြင်းဖြစ်ပါသည်။)

■



လွတ်လပ်တဲ့ နိုင်ငံဆိုရင် လူတွေမှာ
နိုင်ငံရေး လွတ်လပ်ခွင့်၊ စီးပွားရေး လွတ်လပ်ခွင့်
ရှိရမယ်။ ပုဂ္ဂလိကပိုင် ဆိုတာ စီးပွားရေး လွတ်လပ်ခွင့်ကို
အကောင်အထည် ဖော်တာပဲလေ။

# ပုဂ္ဂလိကလက်သို့ လွှဲအပ်ခြင်း

ကိုမျိုးချစ် ။ နိုင်ငံကြီးပွားအောင် လုပ်ရာမှာ ပုဂ္ဂလိကပိုင် လုပ်လေ့ရှိတာ ကျွန်တော် သတိထားမိတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ ၁၉၉၀ နောက်ပိုင်း စစ်အေးကာလအလွန်မှာ ပုဂ္ဂလိကပိုင် ပြုလုပ်တာ အရှိန်အဟုန် ကောင်းလာခဲ့တယ်။ အဲဒီ အရင်က တော့ ပြည်သူပိုင်ပြုလုပ်ရေး Nationalization ခေတ်စားခဲ့ တယ်လေ။ ကွန်မြူနစ်နိုင်ငံတွေ အရှိန်အဟုန်ကောင်းနေချိန် မှာ ကွန်မြူနစ်မဟုတ်တဲ့ နိုင်ငံတွေမှာတောင် အစိုးရကနေ စီးပွားရေးလုပ်တဲ့ အနေနဲ့ ပုဂ္ဂလိကပိုင်လုပ်ငန်းတွေကို ပြည်သူ ပိုင်သိမ်းခဲ့ကြတာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ပဲ။ ခု ပုဂ္ဂလိက လက်ထဲ စီးပွားရေး လုပ်ငန်းတွေကို နိုင်ငံတိုင်း ထည့်နေကြ ပြီ။ အရင်ကတည်းက ပုဂလိကပိုင်ဖြစ်နေတဲ့ နိုင်ငံတွေကတော့ မလိုပါဘူး။ နဂိုက နိုင်ငံပိုင် လုပ်ငန်းတွေ အများကြီး ကျန်နေ သေးတဲ့ နိုင်ငံတွေကတော့ ပုဂ္ဂလိကပိုင် လုပ်ကြရတယ်။

ကိုမျိုးချစ် ။ ဘာလို့ ပုဂ္ဂလိကပိုင်လုပ်ကြတာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ စီးပွားရေးလုပ်ငန်းတွေကို စီမံခန့်ခွဲရာမှာ ပုဂ္ဂလိက ကဏ္ဍက အစိုးရထက် ပိုပြီး စွမ်းဆောင်နိုင်တယ်လို့ ယူဆထားတာ ကြောင့်ပါ။ ပုဂ္ဂလိကပိုင် ဖြစ်ရင် ကိုယ်ပိုင် လုပ်ငန်းဖြစ်တာ ကြောင့် ဉစ္စာရင်လို ဉစ္စာရင်ခဲ တစ်တပ်တစ်အား လုပ်လေ့ရှိ တယ်။ ပြည်သူပိုင်ကဏ္ဍမှာ စီမံခန့်ခွဲတဲ့ ပုဂ္ဂိုလ်တွေကျ လစာ ရိက္ခာ ပုံမှန်ပဲ ရတာကြောင့် သာမန်ပဲ လုပ်လေ့ရှိတယ်လို့

တွက်ကြတယ်။ နောက်ပြီးတော့ ပြည်သူပိုင်လုပ်ငန်းဆိုရင် အရှုံးပေါ် နေရင်တောင် အစိုးရက ပြည်သူ့ ဘဏ္ဍာထဲက စိုက်ထားလေ့ရှိတယ်။ ပိတ်ပစ်လေ့မရှိဘူး။ အဲဒါမျိုးကျ ကြာလေ ရှုံးလေပေါ့။ အရှုံးပြ လုပ်ငန်းကို ငွေတွေ ထည့်နေရတာကြောင့် တခြား အရေးကြီးတဲ့ ကဏ္ဍတွေမှာ သုံးစွဲဖို့ ငွေ လျော့သွားတယ်။ ပုဂ္ဂလိကပိုင်ကတော့ အရှုံးပေါ် မခံဘူးလေ။ ရှုံးနေရင်တောင် ရပ်ပစ်မှာပဲ။ နောက်တစ်ခုက free enterprise သဘောတရား။ လွတ်လပ်တဲ့ နိုင်ငံဆိုရင် လူတွေမှာ နိုင်ငံရေး လွတ်လပ်ခွင့်၊ စီးပွားရေး လွတ်လပ်ခွင့် ရှိရမယ်။ ပုဂ္ဂလိကပိုင် ဆိုတာ စီးပွားရေး လွတ်လပ်ခွင့်ကို အကောင်အထည် ဖော်တာပဲလေ။ ကိုယ်ပိုင် စီးပွားရေး လုပ်တယ်ဆိုတာ ကိုယ့်ကြမ္မာကို ကိုယ် ဖန်တီးကြတာပဲ။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးမှာ အရေးကြီးတဲ့ နောက်ထပ် ရည်ရွယ်ချက်တစ်ခုရှိတယ်။ တိုင်းပြည်ကို ပိုချစ်လာအောင် လုပ်လိုက်တာပဲ။

ကိုမျိုးချစ် ။ ဟင် ဘာဆိုင်လို့လဲဗျ။

ဖွံ့ဖြိုးရေးပါရဂူ ။ ပုဂ္ဂလိကပိုင်ပြုရေးကို လှုပ်ရှားမှုကြီးတစ်ခု အသွင်ပေါ်လာအောင် ဗြိတိန်မှာ အစပျိုး ဦးဆောင်ခဲ့တဲ့ ဗြိတိန် ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ စကားအတိုင်းဆိုရင် Capital-Owning Democracy 'ငွေကြေးအရင်းအနှီး ပိုင်ဆိုင်သူများဖြင့် တည်ဆောက်ထားသော ဒီမိုကရေစီ'ပေါ့။ လူဆိုတာက ကိုယ်ပိုင်ပစ္စည်းဆိုရင် တန်ဖိုးထားတယ်။ ပြည်သူပိုင်ပစ္စည်းဆိုရင် တန်ဖိုးမထားဘူး၊ ကိုယ်ပိုင်တယ်လို့မှ မခံယူတာကိုး။ ပြည်သူပိုင်ဆိုကတည်းက လူတွေ အများကြီး ပိုင်ကြတာ၊ များတာမှ တစ်နိုင်ငံလုံး လူဦးရေ သန်းနဲ့ချီနေတာ။ ဒီတော့ ကိုယ်ပိုင်လို့ မခံစားရတော့ဘူး။ ကိုယ်အားထုတ်လည်း ကိုယ့်အတွက် ခံစားရမှာမဟုတ်ဘူး၊ ကိုယ် ထိန်းထိန်းသိမ်းသိမ်း လုပ်လည်း မထူးဘူး။ ကိုယ်ပိုင်တဲ့ လုပ်ငန်းဆိုမှ ကြိုးကြိုးစားစား ပိုဖြစ်လာတယ်။ ပြည်သူပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းဖို့ ရှယ်ယာထုတ်ရောင်းလိုက်တဲ့ အခါမှာ ရှယ်ယာပိုင်သွားတဲ့ ပြည်သူပြည်သားတွေက ငါပိုင်တဲ့ ကုမ္ပဏီ၊

ငါ့ကုမ္ပဏီဆိုတဲ့ အသိရှိလာတယ်။ ကိုယ်ပိုင်တာတွေ ရှိလာတော့ ကိုယ့်နိုင်ငံမှာ သံယောဇဉ် တွယ်စရာတွေ ရှိလာတယ်။ နိုင်ငံကို ပိုချစ်လာတာပေါ့။ ကိုယ် မွေးဖွားပြီး ကြီးပြင်းလာတဲ့ နိုင်ငံဖြစ်ပေမယ့် ဘာမှ ကိုယ်ပိုင်တာမရှိဘူးဆိုရင် ချစ်ခင်စိတ်ရှိဖို့ ခဲယဉ်းတယ်။

စင်ကာပူနိုင်ငံ တည်ထောင်သူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူတို့ဆိုရင် စင်ကာပူနိုင်ငံသားတွေကို အိမ်ခန်းပိုင်ဆိုင်အောင် နည်းအမျိုးမျိုးနဲ့ ဖန်တီးပေးတယ်။ စင်ကာပူနိုင်ငံ တည်ဆောက်ရေးမှာ နိုင်ငံသားတွေ အိမ်ခန်း ပိုင်ဆိုင်အောင် ဖန်တီးပေးတာဟာ အခြေခံမူဝါဒ တစ်ရပ်ပဲ။ လူတွေက အိမ်ပိုင်ပြီဆိုမှ တိုင်းပြည်ကို ပိုချစ်လာမယ်တဲ့။ ကိုယ်နေဖို့ အိမ်ခန်း တစ်ခန်းတောင်မှ မရှိရင် ဒီနိုင်ငံကို အသက်နဲ့လဲပြီး ကာကွယ်မယ် ဆိုတဲ့ စိတ်ထားဖို့ ခက်မယ်လို့ လီကွမ်ယူက ယူဆတယ်။ စင်ကာပူမှာက စစ်မှုမထမ်း မနေရ ၂ နှစ်လေ။ အိမ်ခန်းတောင် မရှိတဲ့သူက နိုင်ငံကို ဘယ်ကာကွယ်ချင်တော့မလဲ။ သူ့ကိုယ်သူ ကာကွယ်ရတယ် မထင်တော့ဘဲ ပစ္စည်းရှိတဲ့ သူဌေးတွေကို ကာကွယ်ပေးရသလို ဖြစ်နေမှာပေါ့။ ပုဂ္ဂလိကပိုင် ပြုတယ်ဆိုတာ ဒီသဘောမျိုးလည်း ပါတတ်တယ်။

ကိုမျိုးချစ် ။ ဘယ်အချိန်ကတည်းက ပုဂ္ဂလိကပိုင် လုပ်ခဲ့တာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ ပုဂ္ဂလိကပိုင် လုပ်တာက ဟိုရှေးဂရိခေတ် ကတည်းက ရှိခဲ့ပေမယ့် ၁၉၈ဝနှစ်တွေမှာ ဗြိတိန်မှာ မာဂရက်သက်ချာနဲ့ အမေရိကန်မှာ ရော်နယ်ရေဂင်တို့ လက်ထက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးတွေလုပ်တဲ့အခါမှာ ခေတ်စား အရှိန်အဟုန်မြင့်လာခဲ့တယ်။ စစ်ပြီးခေတ်ကစပြီး နိုင်ငံပိုင်လုပ်ငန်းတွေ ရေပန်းစားခဲ့တာ သက်ချာ၊ ရေဂင်ခေတ် မတိုင်မီအချိန်အထိပဲ။ ပုဂ္ဂလိကလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းတယ် Nationalization ဆိုတဲ့ စကားလုံးက လူတိုင်းနားထဲမှာ စွဲနေတဲ့ စကားလုံးတောင် ဖြစ်လာခဲ့တယ်။

ကိုမျိုးချစ် ။ ကိုလိုနီလက်အောက်က လွတ်လပ်စ နိုင်ငံတွေမှာ ပြည်သူပိုင် တော်တော်သိမ်းလိုက်ကြတယ်နော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ကိုလိုနီခေတ်မှာ လုပ်ငန်းကြီးတွေကို နိုင်ငံခြားသားတွေပဲ ပိုင်ကြတယ်။ နိုင်ငံသာ လွတ်လပ်ရေးရလာတယ် စီးပွားရေး လုပ်ငန်းတွေက ကိုယ့်နိုင်ငံသားလက်မှာ မရှိတဲ့အခါကျ အချုပ်အခြာ အာဏာ ကိုယ်က မပိုင်သလို ဖြစ်နေတယ်။ ဒီအချိန်မှာ ဗြိတိန်တို့လို အနောက်အရင်းရှင် နိုင်ငံကြီးတွေ မှာတောင် ပြည်သူပိုင်ပြုတာက သိပ်ခေတ်စားနေတယ်။ ပြည်သူပိုင် သိမ်းလိုက်တဲ့အတွက် ပြည်သူတွေ ပိုင်သွားပြီ၊ အများပိုင် ဖြစ်သွားပြီ၊ အရင် ပုဂ္ဂလိကပိုင်တုန်းကလို လူတစ်စု၊ လူတစ်ယောက်ပိုင် မဟုတ်တော့ဘူး၊ အဲဒီလို အတွေးအခေါ် မျိုးတွေက ပြည်သူပိုင်ပြုခြင်းရဲ့ အခြေခံအတွေးအခေါ်တွေပဲ။

ကိုမျိုးချစ် ။ သူ့ခေတ်နဲ့ သူပဲနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ ပုဂ္ဂလိကပိုင် ပြုလုပ်ရာမှာ အလျင်စလို လုပ်ရင် နိုင်ငံပိုင် လုပ်ငန်းတွေကို ဈေးပေါပေါနဲ့ ချရောင်းမိတတ်တယ်။

ကိုမျိုးချစ် ။ ဘယ်လိုဖြစ်တာတုန်း။

ဖွံ့ဖြိုးရေးပါရဂူ ။ ရုရှားမှာ ဖြစ်သွားတာမျိုးကို ပုဂ္ဂလိကပိုင် အလျင်စလို ပြုလုပ်ခြင်းရဲ့ ဆိုးကျိုး ဥပမာအဖြစ် အလွယ်တကူ ထောက်ပြလေ့ရှိတယ်။ ရုရှားက ဆိုဗီယက်ပြည်ထောင်စုကို အမွေခံလိုက်တဲ့နိုင်ငံ။ ဆိုဗီယက်ခေတ်တုန်းက စက်ရုံအလုပ်ရုံက အစ သတ္တုတွင်းတွေ၊ ရေနံတွင်းတွေ နိုင်ငံပိုင် လုပ်ငန်းတွေချည်းပဲရှိတယ်။ အဲဒီလုပ်ငန်း တွေ ကို ပုဂ္ဂလိကလက်ထဲကို အလျင်စလို လွှဲပြောင်း တဲ့အခါမှာ တချို့စီးပွားရေးသမားတွေက အမြတ်အစွန်းကြီးတဲ့ လုပ်ငန်းကြီးတွေကို ဈေးချောင်ချောင်နဲ့ ရလိုက်ကြတယ်။

ကိုမျိုးချစ် ။ သူခိုးဈေးနဲ့ ရသွားတာလား။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ ရေနံတွင်းတွေရသူနဲ့ သတ္တုတွင်းတွေရသူနဲ့။ အလားအလာကောင်းတဲ့ စက်ရုံအလုပ်ရုံတွေ ရတဲ့သူလည်း ရသွားတယ်။ အဲဒီလူတွေက ခေတ်သစ် ရုရှား သူဌေးတွေ ဖြစ်လာကြတယ်။ ရုရှားမှာတင်မက ကမ္ဘာမှာပါ ထိပ်တန်း စာရင်းဝင်ဖြစ်တဲ့အထိ ကြီးပွားကုန်ကြရော။

ကိုမျိုးချစ် ။ ချယ်လ်ဆီးကို ဝယ်လိုက်တဲ့ ဟို ရုရှားသူဌေးရော ဒါမျိုးနဲ့ တက်လာတာလား။

ဖွံ့ဖြိုးရေးပါရဂူ ။ အေဗရာမိုဗစ်ချ်လား။ ဒီလိုဖြစ်တဲ့အတွက် ရုရှားမှာ လူတွေက ဈေးကွက်စီးပွားရေးကို စိမ်းစိမ်းကားကား ဖြစ်ကုန်ကြတယ်။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး၊ ဈေးကွက်စီးပွားရေးကြောင့် လူနည်းစုပဲ ကြီးပွားသွားတယ်လို့ မြင်သွားကြတယ်။

ကိုမျိုးချစ် ။ ဈေးကွက်စီးပွားရေးကို အားတက်သရော ပြောင်းပြီးမှ အင်တင်တင် ဖြစ်ကုန်ကြတာနော်။

ဖွံ့ဖြိုးရေးပါရဂူ ။ တကယ် ထိထိရောက်ရောက် လုပ်ကိုင်နိုင်တဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေရဲ့ လက်ထဲကို နိုင်ငံပိုင်လုပ်ငန်းတွေ ရောက်သွားဖို့ အဓိကအရေးကြီးတယ်။ ဒါမှ နိုင်ငံဝင်ငွေ ပိုရလာမယ်။ နိုင်ငံသားတွေ အလုပ်အကိုင်ပိုရလာမယ်။ ဝင်လာမယ့် နိုင်ငံခြား ထုတ်ကုန်တွေနဲ့ ပြိုင်နိုင်တဲ့ ထုတ်ကုန်တွေ ထုတ်နိုင်မယ်။ ကမ္ဘာ့ဈေးကွက်မှာ ဝင်ပြိုင်နိုင်မယ်။ ရေရှည် မျှော်မှန်းချက်နဲ့ လုပ်နိုင်တဲ့သူတွေ လိုတယ်။

■




ပုဂ္ဂလိကပိုင် ဘယ်လိုလွှဲမလဲဆိုရင်
အခိုကကတော့ နိုင်ငံလည်းအကျိုးရှိ၊
အလွှဲခံရသူတွေလည်း အကျိုးရှိဖြစ်အောင်
ကြိုးစားကြတာပဲ။ တန်ရာတန်ကြေးရဖို့ လိုတယ်။

# ဘာ၊ ဘယ်တော့၊ ဘယ်လို

ကိုမျိုးချစ် ။ ပုဂ္ဂလိကပိုင် ဘယ်လိုပြုရမှာလဲ။

ဖွံ့ဖြိုးရေးပါရဂူ ။ အဓိက ကြည့်ရမှာက ဘယ်လုပ်ငန်း၊ ဘယ်တော့၊ ဘယ်လို ပြုမလဲ what, when and how ပေါ့ဗျာ။

ကိုမျိုးချစ် ။ သုံးချက်သိရင် ရပြီပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ ဘယ်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်ဖြစ်စေချင်သလဲ။ ဒါ ပထမဆုံး မေးရမယ့်မေးခွန်းပဲ။ ပုဂ္ဂလိက လက်ကို ရောက်သွားရင် ပိုကောင်းသွားမယ့်လုပ်ငန်းတွေ။ ပြည်သူပိုင်အဖြစ် အရှုံးပေါ်နေတဲ့ လုပ်ငန်းတွေကို လွှဲသင့်တယ်။ အရှုံးပေါ်ရတဲ့အထဲမှာ အလုပ်အကိုင်ရရှိရေး ဆိုတာကလည်း သူတို့ကို ချုပ်ထားသလို ဖြစ်နေတယ်။ မလိုအပ်ဘဲ လူတွေ ပိုခန့်ထားရော။ ဒီလူတွေက အစိုးရဝန်ထမ်းတွေဆိုတော့ ဖြုတ်ပစ်လို့လည်းမရ။ ဆိုဗီယက်ပြည်ထောင်စုခေတ်က ဟာသ တစ်ခု ရှိတယ်။ ဆိုဗီယက် စက်ရုံမှူးနဲ့ ဂျပန်စက်ရုံမှူး တွေ့ကြတဲ့ အခါမှာ ဂျပန်စက်ရုံမှူးက ဆိုဗီယက်စက်ရုံရဲ့ ဝန်ထမ်း အရေအတွက်ကို မေးတယ်။ စက်ရုံ နှစ်ရုံလုံးက ထုတ်လုပ်တဲ့ပစ္စည်း အမျိုးအစားရော၊ ထုတ်လုပ်တဲ့ အရေအတွက်ရော တူတယ်။ အဲဒီတော့ ဆိုဗီယက် စက်ရုံမှူးက ဂျပန်စက်ရုံမှူးကို ပြန်မေးတယ်။ 'ခင်ဗျား စက်ရုံမှာရော ဘယ် နှစ်ယောက်ရှိလဲ' တဲ့။ ဂျပန်စက်ရုံမှူးက လူ ၅၀၀ ရှိတယ်လို့ ဖြေတယ်။ အဲဒီတော့ ဆိုဗီယက် စက်ရုံမှူးက သူ့စက်ရုံမှာ ၅၀၁ ယောက်လို့ ဖြေ

လိုက်တယ်။ အမှန်မှန်က ၂၀၀၀ ခန့်ထားတာ။ သိပ်များမှာ စိုးလို့ ဂျပန်စက်ရုံထက် တစ်ယောက်ပဲ ပိုပြောလိုက်တာ။ နောက်နေ့ကျ ဂျပန်စက်ရုံမှူး ပြန်ရောက်လာရော။ သူ့ပုံ ကြည့်ရတာ အိပ်ရေးမဝတဲ့ မျက်နှာနဲ့။ 'ခင်ဗျားစက်ရုံမှာ ကျန်တဲ့တစ်ယောက် ဘာလုပ်မှန်း ကျွန်တော် တစ်ညလုံး စဉ်းစားလို့မရဘူး' တဲ့။

ကိုမျိုးချစ် ။ ဟား ဟား။

ဖွံ့ဖြိုးရေးပါရဂူ ။ စက်ရုံရဲ့ အဓိကရည်ရွယ်ချက်ကိုက လွဲနေတာပေါ့။ အလုပ် အကိုင်ရရှိရေးလား၊ ကျစ်ကျစ်လျစ်လျစ်နဲ့ ကုန်ထုတ်လုပ်မှု တိုးတက်ရေးလား မသိတာပေါ့။ ဒါပေမယ့် ရှုံးနေရင်တောင် နောက်တစ်မျိုးစဉ်းစားလို့ ရသေးတယ်။ အရှုံးပေါ်နေပေမယ့် အစိုးရကပဲ ကိုင်ထားသင့်တယ်လို့ ဆုံးဖြတ်တဲ့ လုပ်ငန်းတွေ ကို အစိုးရက ဆက်ကိုင်ထားတတ်တယ်။ ရေဖြန့်ဖြူးတဲ့ လုပ်ငန်းမျိုး ဆိုပါတော့။ ပုဂ္ဂလိက ပေးလိုက်လို့ ဈေးကြီးသွား ရင် ဆင်းရဲတဲ့ပြည်သူတွေ ဒုက္ခရောက်နိုင်တယ်လို့ တွက်ရင် ပုဂ္ဂလိက မပေးတော့ဘူးပေါ့။ ရေဆိုတာ မသောက်ဘဲ နေလို့ ရတဲ့ အရာမျိုးမှ မဟုတ်တာ။ ဒါလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စဉ်းစားပုံချင်း တူချင်မှတူမယ်။ ရေကိုပဲ တချို့နိုင်ငံမှာကျ ပုဂ္ဂလိက ပေးပြန်ရော။ ပြည်တွင်းလုပ်ငန်းရှင်တွေကိုပဲ လွှဲပေး မှာလား၊ ပြည်ပပါပါလား ဆိုတဲ့ အပေါ်မှာလည်းမူတည်ပြီး ပုဂ္ဂလိကပိုင်ပေးမယ့် လုပ်ငန်းကို ဖြတ်ပြန်တယ်။ မဟာဗျူဟာ အရ အရေးပါတဲ့ လုပ်ငန်းမျိုးကို ပြည်ပကုမ္ပဏီ လက်ထဲ ထည့်လေ့မရှိဘူး။ အဲဒီ လုပ်ငန်းမျိုးကို ပုဂ္ဂလိကကို လွှဲလိုက် ရင်လည်း ရှယ်ယာကို နိုင်ငံခြားသားလက်ထဲ အရောက် မခံ ဘူး။ ဒီလိုမျိုး မဟာဗျူဟာမြောက် လုပ်ငန်းတွေကိုလည်း အစိုးရက ကိုင်ထားတတ်တယ်။ နိုင်ငံ့ လုံခြုံရေးအရပေါ့။ ဒါလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စဉ်းစားပုံချင်း မတူပါဘူး။

ကိုမျိုးချစ် ။ ဘယ်တော့ ဆိုတာကရော။

ဖွံ့ဖြိုးရေးပါရဂူ ။ ပြောင်းလို့ရတဲ့ အချိန်ပြောင်းကြတာပဲ။ ပုဂ္ဂလိကပိုင် ပြောင်းဖို့ လိုလာပြီ ဆိုရင် ပြောင်းတယ်။ ပြောင်းတဲ့ အခါမှာလည်း

အခြေခံ စည်းမျဉ်း ဥပဒေတွေ ချမှတ်ပြီး ပြောင်းဖို့ အကောင်းဆုံး အခြေအနေတွေရောက်မှ ပြောင်းရင်တော့ အကောင်းဆုံးပေါ့။ ခိုင်မာတဲ့ စည်းမျဉ်းတွေ၊ အခွန်စည်းကြပ်မှု ဥပဒေတွေ ပြဋ္ဌာန်းပြီးမှ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကို အကောင်အထည် ဖော်သင့်တယ်။ အလျင်စလို သွားလုပ်ရင် အကျိုးအမြတ်များတဲ့ နိုင်ငံပိုင် လုပ်ငန်းကြီးတွေ ရုရှားမှာလို လူတစ်စု လက်ထဲကို ရောက်သွားလိမ့်မယ်။

ကိုမျိုးချစ် ။ ကျွန်တော် ဖြတ်မေးလိုက်ဦးမယ်။ အရှုံးပေါ်နေတဲ့ လုပ်ငန်းတွေကို ပုဂ္ဂလိကလက်ထဲ ထိုးအပ်ရင် ဟိုက လက်ခံပါ့မလား။

ဖွံ့ဖြိုးရေးပါရဂူ ။ 'ဘယ်လို လွှဲမလဲ'ဆိုတဲ့ တတိယမေးခွန်းနဲ့ အကျုံးဝင်ပါတယ်ဗျာ။ ဖွဲ့စည်းပုံ ပြန်လည်ပြင်ဆင် Restructuring ပြီးမှ ပုဂ္ဂလိကလက်ထဲ အပ်တာမျိုးလည်းရှိတယ်။ မလိုအပ်တဲ့ အလုပ်သမားတွေ လျှော့ချတယ်၊ အမြတ် ပေါ်လာတော့မှ ပုဂ္ဂလိက လက်ထဲ လွှဲပြောင်းတယ်။ ပုဂ္ဂလိကပိုင် ဘယ်လိုလွှဲမလဲဆိုရင် အဓိကကတော့ နိုင်ငံလည်းအကျိုးရှိ၊ အလွှဲခံရသူတွေလည်း အကျိုး ရှိဖြစ်အောင် ကြိုးစားကြတာပဲ။ တန်ရာတန်ကြေး ရဖို့လိုတယ်။

ကိုမျိုးချစ် ။ ရေနံတူး လုပ်ငန်းလိုမျိုး လုပ်ငန်းတွေက နိုင်ငံခြားသားပိုင် လုပ်ငန်းဖြစ်သွားမှာ မစိုးရိမ်ရဘူးလား။

ဖွံ့ဖြိုးရေးပါရဂူ ။ အစိုးရက အထူးရှယ်ယာ ဆိုတာ ဖန်တီးပြီး သူက ကိုင်ထားတယ်။ နိုင်ငံခြားသားက ကုမ္ပဏီကို ခြယ်လှယ်လို့ မရအောင် အဲဒီ ရှယ်ယာက ဟန့်တားနိုင်တယ်။

ကိုမျိုးချစ် ။ ပုဂ္ဂလိကပိုင်လုပ်တဲ့ လုပ်ငန်းတွေက ဈေးကြီးနေလို့ လုပ်ကိုင်မယ့် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ မနိုင်ရင်ရော။

ဖွံ့ဖြိုးရေးပါရဂူ ။ လွှဲနည်း အဓိကအားဖြင့် သုံးနည်း ရှိတယ်။ လေလံတင်ရောင်းတာ၊ စတော့ဈေးကွက်ထဲဝင်ပြီး ကုမ္ပဏီရဲ့ ရှယ်ယာတွေကို ရောင်းတာ၊ ကုမ္ပဏီရဲ့ ရှယ်ယာကို ကူပွန်တွေနဲ့ ဝယ်ဖို့ ကူပွန်တွေ ထုတ်ပေးတာ။ voucher privatization ဆိုတာ ပုဂ္ဂလိကပိုင်လုပ်မယ့် နိုင်ငံပိုင် လုပ်ငန်းကြီးတွေရဲ့ ရှယ်ယာတွေကို ဝယ်နိုင်ဖို့ ပြည်သူတွေကို ဘောက်ချာလက်မှတ်တွေ၊

ကူပွန်တွေ အခမဲ့ ဝေငှတယ်လေ။ လုပ်ငန်းရှင် တစ်ဦးတည်း မတတ်နိုင်တဲ့ လုပ်ငန်းကြီးတွေကို ဒီနည်းနဲ့ ပုဂ္ဂလိကပိုင် ပြုလို့ရတယ်။ ဒီနည်းနဲ့ သာမန် ပြည်သူတွေဟာ နိုင်ငံပိုင် လုပ်ငန်းကြီးတွေရဲ့ ပိုင်ရှင်တွေ ဖြစ်ကုန်တယ်။ ဒါမျိုးလုပ်ရင် ပြည်သူလူထုအများစု ပါဝင်လာနိုင်တာကြောင့် ပုဂ္ဂလိကပိုင် ပြုတာကို လူထုထောက်ခံမှု ပိုရနိုင်တယ်။ အဲဒီ လုပ်ငန်းကြီး တွေမှာ လက်ရှိလုပ်နေတဲ့ ဝန်ထမ်းတွေကိုပဲ ကူပွန်ပေးတာ မျိုးလည်း ရှိတယ်။ အဲဒါမျိုးကျ အလုပ်သမားတွေအနေနဲ့ ပိုင်ရှင် စိတ်ဝင်သွားတာကြောင့် ပိုကြိုးစားလာပြီး စက်ရုံရဲ့ ကုန်ထုတ်လုပ်မှု စွမ်းရည်တက်လာနိုင်တယ်။

ကိုမျိုးချစ် ။ ပုဂ္ဂလိကပိုင် လုပ်တာ ခေတ်စားလာတော့ ရှုထောင့်တွေ ပြောင်းသွားတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ အရင်ကတော့ ပုဂ္ဂလိကပိုင် လုပ်တာနဲ့ ပတ်သက်ရင် ရှုထောင့် သုံးခုက ကြည့်တယ်။ ပုဂ္ဂလိကပိုင် လုပ်ရင် မကောင်းဘူး၊ နိုင်ငံပိုင်ပဲ ဖြစ်သင့်တယ် ဆိုတာရယ်၊ ပုဂ္ဂလိကပိုင် လုပ်မှ ကောင်းတာရယ်၊ နိုင်ငံပိုင်ရော ပုဂ္ဂလိကပါ ရှိသင့်တယ် ဆိုတာရယ်ပေါ့။ ဆိုရှယ်လစ်ခေတ် ကောင်းစဉ်အချိန်က နိုင်ငံပိုင်တွေ လူကြိုက် များခဲ့တာကိုး။ ခုချိန်မှာကျ အဲလို စဉ်းစားစရာ သိပ်မလိုတော့ဘူး။ အားလုံးက ပုဂ္ဂလိကပိုင်ကို သဘောကျနေကြပြီ ဆိုတော့ ရှုထောင့် သုံးမျိုးပုံစံ အစား ရှုထောင့် နှစ်မျိုးပါတဲ့ နောက် ပုံစံတစ်မျိုးနဲ့ ကြည့်လို့ရလာ တယ်။ ပုဂ္ဂလိကပိုင်လုပ်ရင် ဖြစ်နိုင်တဲ့ ဆိုးကျိုး ကောင်းကျိုး ကိုပဲ ကြည့်တဲ့ ပုံစံပေါ့။ ဆိုးကျိုးကို နည်းအောင်လျှော့၊ ကောင်းကျိုးများအောင်တိုး ဆိုတဲ့ဘက် ရောက်လာတယ်။

ကိုမျိုးချစ် ။ ဘယ်လုပ်ငန်း What၊ ဘယ်တော့ When၊ ဘယ်လို How ဆိုတာသိရင် ရပြီပေါ့ဗျာ။ လက်ဖက်ရည် သောက်မယ်၊ အခု သွားသောက်မယ်၊ ဆရာ တိုက်ရမယ်။

■




ဆင်းရဲ ချမ်းသာ ကွာဟမှု သိပ်မကြီးမားရဘူး။
ဆင်းရဲ ချမ်းသာ ကွာဟမှု ကြီးမားရင်
လူတွေ မကျေမနပ်ဖြစ်လာပြီး
တိုင်းပြည် တည်ငြိမ်မှု ပျက်ပြားနိုင်တယ်။
တည်ငြိမ်မှုပျက်ရင် စီးပွားရေး ထိခိုက်လာမှာပေါ့။

# လူ

•

ကိုမျိုးချစ် ။ နိုင်ငံတစ်ခု ကြီးပွားဖို့ အရေးအကြီးဆုံးက ဘာလဲဗျ။
ဖွံ့ဖြိုးရေးပါရဂူ ။ လူဗျ။
ကိုမျိုးချစ် ။ ဘယ်လို။
ဖွံ့ဖြိုးရေးပါရဂူ ။ လူဗျ လူ။
ကိုမျိုးချစ် ။ ကျွန်တော်ပြောတာက နိုင်ငံတစ်ခုကြီးပွားဖို့ အဓိကလိုအပ်တာ အရင်းအနှီးလား၊ သဘာဝသယံဇာတလား၊ နိုင်ငံခြားအကူအညီလား။ ဒါကို ပြောတာပါ။
ဖွံ့ဖြိုးရေးပါရဂူ ။ ကျွန်တော်ကလည်း လူသာ ပဓာနလို့ ပြောတာပါ။ ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးအကြီးဆုံးက လူပဲဗျ။
ကိုမျိုးချစ် ။ နည်းနည်းတော့ ထပ်ရှင်းဖို့ လိုမယ်ထင်တယ်ဗျို့။
ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတစ်ခု ကြီးပွားလား မကြီးပွားလားဆိုတာက အဲဒီနိုင်ငံရဲ့ ခေါင်းဆောင်နဲ့ တိုင်းသူပြည်သားတွေအပေါ်မှာ မူတည်တယ်။ ကျန်တာတွေက သာမညပါဗျာ။ ကျွန်တော်နဲ့ ခင်ဗျားတောက်လျှောက်ပြောလာကြတဲ့ အရှေ့အာရှ နိုင်ငံတွေပဲကြည့်လေ။ လူကလွဲလို့ ဘာများ ရှိလို့လဲ။ ဒီလူတွေနဲ့ပဲ ဒီနေ့အခြေအနေ ရောက်လာကြတာ မဟုတ်လား။ ခေါင်းဆောင်တွေက ရှေ့ရေးကို မျှော်တွေးပြီး မူဝါဒတွေ ချမှတ်တယ်။ နိုင်ငံသားတွေက နိုင်ငံကြီးပွားအောင် စိတ်ဓာတ်နဲ့ တွန်းလုပ်ကြတယ်။ ဂျပန်၊ တောင်ကိုရီးယား၊ တ ရုတ်တိုင်ပေ၊ စင်ကာပူ ဒီလိုတွေချည်းပဲ။ သဘာဝသယံဇာတ မည်မည်ရရ

မရှိဘူး။ စင်ကာပူဆို သောက်စရာ ရေချိုတောင် တခြားနိုင်ငံက ဝယ်ရတာ။

ကိုမျိုးချစ် ။ နိုင်ငံတစ်ခု ကြီးပွားခြင်း မကြီးပွားခြင်းဟာ အဲဒီ နိုင်ငံက လူတွေနဲ့ အဓိက ဆိုင်တယ်ပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ နိုင်ငံတစ်ခု ကြီးပွားခြင်းရှိမရှိကိုလည်း အဲဒီနိုင်ငံက လူတွေရဲ့ အခြေအနေနဲ့ပဲ တိုင်းလေ့ရှိကြတယ်။ အဲဒီလို တိုင်းတဲ့ နည်းကို လူအဓိကနည်းလမ်း people- centered approach လို့ ခေါ်တယ်ဗျ။ နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာမှာ အခု နောက်ပိုင်း ကမ္ဘာမှာ ခေတ်စားလာတဲ့ နည်းပေါ့။ People- centered Development သဘောတရားက 'နိုင်ငံက ကြီးပွားနေရုံနဲ့ မပြီးဘူး၊ နိုင်ငံသားတွေ အခြေအနေကောင်းဖို့ လိုတယ်'။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လူတွေရဲ့ဘဝကို အကောင်းဖက်ရောက်အောင် ပြောင်းပစ်တာပဲ။ တိုင်းပြည်စီးပွားရေး ကောင်းအောင် ပြောင်းပစ်ရုံသက်သက် မဟုတ်ဘူး။

ကိုမျိုးချစ် ။ စီးပွားရေး ကောင်းဖို့ သိပ်မလိုဘူးလို့ ဆိုတာလား။

ဖွံ့ဖြိုးရေးပါရဂူ ။ စီးပွားရေး ကောင်းအောင် သက်သက် မဟုတ်ဘူးလို့ ဆိုလိုတာပါ။ နိုင်ငံ့ ဝင်ငွေတိုးတက်လာတာမျိုး ဖြစ်ပေမယ့် လူအများစု အဆင်မပြေကြဘူးဆိုရင် လူတွေဖွံ့ဖြိုးတိုးတက်တာဘယ်ဟုတ်မလဲ။ လူနည်းစု လက်ထဲမှာပဲ ဥစ္စာနေတွေရောက်နေပြီး ကျန်တဲ့လူတွေက ဆင်းရဲ နေလို့မဖြစ်ဘူး။ ဆင်းရဲချမ်းသာ ကွာဟမှု သိပ်မကြီးမားရဘူး။ ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားရင် လူတွေ မကျေမနပ်ဖြစ်လာပြီး တိုင်းပြည် တည်ငြိမ်မှုပျက်ပြားနိုင်တယ်။ တည်ငြိမ်မှုပျက်ရင် စီးပွားရေး ထိခိုက်လာမှာပေါ့။ ဒါကြောင့် ဆင်းရဲချမ်းသာ ကွာဟမှု သိပ်ကြီးလို့မဖြစ်ဘူး။ ကွာဟမှုက ရှိတော့ရှိမှာပဲ။ အကောင်း ဆုံး အခြေအနေကတော့ လူလတ်တန်းစားအလွှာကြီးမားဖို့ လိုတယ်။ တိုင်းပြည်ရဲ့ လူဦးရေ ပုံသဏ္ဍာန်က ငှက်ပျောဖူးပုံ ရှိရင် အကောင်းဆုံးပဲ။

ကိုမျိုးချစ် ။ ဘယ်လို။

ဖွံ့ဖြိုးရေးပါရဂူ ။ လူဦးရေကို ဝင်ငွေ အနည်းအများအလိုက် အများဆုံးကို အပေါ်ဆုံးမှာထားပြီး ဆွဲထားတဲ့ ပုံကို ပြောတာပါ။ ငှက်ပျောဖူးဆိုရင် အလယ်မှာကားပြီး အပေါ်ရှူးအောက်ရှူး မဟုတ်လား။ အလယ်မှာ ဝင်ငွေ အလယ်အလတ်ရှိတဲ့ လူလတ်တန်းစား ပမာဏက အများဆုံးလေ။ အပေါ်ဆုံးမှာ လူချမ်းသာတွေကလည်း နည်းနည်းပဲ၊ အောက်ဆုံးက ကျောမွဲကလည်း နည်းနည်းပဲ။ ဂျပန်လို နိုင်ငံမျိုးမှာ ငှက်ပျောဖူး ပုံသဏ္ဌာန်တွေ့ရတယ်။ ပိရမစ် ပုံသဏ္ဌာန် ဖြစ်နေရင်တော့ မကောင်းဘူးဗျ။ ချမ်းသာတဲ့ သူက နည်းနည်းလေး၊ မွဲတဲ့သူတွေက အောက်ဆုံးမှာ အများကြီး။

ကိုမျိုးချစ် ။ ဝင်ငွေအပြင် အရေးကြီးတဲ့ အချက်တွေရော။

ဖွံ့ဖြိုးရေးပါရဂူ ။ ကျန်းမာရေးနဲ့ ပညာရေးပေါ့။ အဲဒီနှစ်ခုက အဓိကကျတယ်။ ကျန်းမာရေးဆိုပါတော့။ လူတွေ ကျန်းမာရဲ့လား၊ ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကောင်းရဲ့လား။ လူတွေရဲ့ မျှော်မှန်းသက်တမ်းက အတန်အသင့် မြင့်မားရဲ့လား။ ရောဂါဖြစ်ရင် လူတွေ ဆေးကုသနိုင်ရဲ့လား။ ကျန်းမာရေး အသိမြင့်မားရဲ့လား။ အာဟာရဖြစ်တဲ့ အစားအစာတွေ စားရဲ့လား။ ယင်လုံအိမ်သာတွေ သုံးရဲ့လား။ စသည် စသည်ဖြင့်ပေါ့။ ပညာရေးဘက်က ဆိုရင်လည်း ကလေးတွေ မူလတန်းပညာရေးရရှိနိုင်တဲ့ အခွင့်အလမ်း။ စာတတ်မြောက်မှုနှုန်း။ ကျောင်းမှာ အတန်း ဘယ်နှစ်တန်းအထိ ပျမ်းမျှ နေကြရလဲ။ တက္ကသိုလ်ပညာရေးကို လက်လှမ်းမီတဲ့ လူဦးရေ ရာခိုင်နှုန်း ဘယ်လောက်ရှိလဲ။ နိုင်ငံ့ဝင်ငွေချင်း မတိမ်းမယိမ်း ဖြစ်ပေမယ့် ကျန်းမာရေးနဲ့ ပညာရေးတို့မှာ အခြေအနေပိုကောင်းတဲ့ နိုင်ငံတွေက ဖွံ့ဖြိုးတိုးတက်မှုနှုန်း ပိုမြင့်တယ်။ ကျန်းမာရေးနဲ့ပညာရေး ကောင်းတဲ့ နိုင်ငံတွေဟာ အခုလောလောဆယ် ဝင်ငွေနိမ့်နေရင်တောင် နောင် ဝင်ငွေတက်လာနိုင်တယ်။ အရှေ့အာရှနိုင်ငံတွေဆို ပညာရေးကို တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းတွေချည်းပဲ။ နိုင်ငံ အစိုးရတွေကလည်း ပညာရေးကို အားပေးတယ်။ ဂျပန်ဆိုရင် lifelonglearning ဘဝ တစ်လျှောက်လုံး

စဉ်ဆက်မပြတ် လေ့လာသင်ယူရေးကို လက်သုံးစကားအဖြစ် ထားပြီး ကျင့်သုံးကြတယ်။ ဒါတွေကြောင့် ဒီနိုင်ငံတွေ တိုးတက်လာခဲ့ကြတာ။

ကိုမျိုးချစ် ။ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတဲ့ အညွှန်းကိန်းတွေ ပိုစုံလာတာပေါ့။

ဖွံ့ဖြိုးရေးပါရဂူ ။ အခုနောက်ပိုင်း နိုင်ငံသားတွေ ပျော် မပျော်ပါ ကြည့်လာကြတယ်။ မပျော်ဘူးဆိုရင် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ သိပ်မဟန်ဘူးပေါ့။ ဘူတန်ဘုရင် အဆိုပြုထားတဲ့ Gross National Happiness ဆိုရင် အဲဒီသဘောတရားပဲ။ တချို့နိုင်ငံတွေက ငွေကြေးအားဖြင့်၊ လူနေမှု အဆင့်အတန်းအားဖြင့် မြင့်မားကြတယ်။ ဒါပေမယ့် လူတွေက ပျော်ရွှင်မှု နည်းနေတယ်၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်မှုနှုန်းများတာတို့၊ စိတ်ဓာတ်ကျနေတဲ့သူတွေ များတာတို့ ဒါမျိုးဖြစ်နေရင် သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက မေးခွန်းထုတ်စရာပဲ။

ကိုမျိုးချစ် ။ ဥစ္စာပစ္စည်းအားဖြင့် ပြည့်စုံပေမယ့် လူတွေရဲ့ စိတ်မှာ တစ်ခုခု လိုနေတာမျိုးနဲ့ တူတယ်။

ဖွံ့ဖြိုးရေးပါရဂူ ။ နောက်တစ်ခု အရေးကြီးတာက အလုပ်အကိုင်။ လူတွေ အလုပ်အကိုင် ရှိရဲ့လား။ ဒါလဲ people- centered development မှာ ဦးစားပေးကြည့်ရတဲ့ အချက်တစ်ချက်ပဲ။ နိုင်ငံတစ်နိုင်ငံမှာ အလုပ်လက်မဲ့နှုန်း မြင့်နေပြီဆိုရင် မကောင်းတော့ဘူး။ အလုပ်လက်မဲ့နှုန်းမြင့်ရင် လူတွေက ဘာလုပ်ရမှန်းမသိ ဟိုယောင်ယောင် ဒီယောင်ယောင် ဖြစ်နေရော။ လောင်းကစား၊ အရက်၊ မူးယစ်ဆေးဝါး ဒါတွေပါဝင်လာနိုင်တယ်။ ဒီအခါကျ တိုင်းပြည် မတည်မငြိမ်ဖြစ်လာနိုင်တယ်။ ရာဇဝတ်မှုခင်းတွေ ပေါများလာနိုင်တယ်၊ လူတွေ စိတ်ဓာတ်ကျဆင်းပျက်ပြားလာနိုင်တယ်၊ ကျန်းမာရေး ထိခိုက်နိုင်တယ်။ ပညာရေးစရိတ်ကို မတတ်နိုင်တော့တဲ့အတွက် ပညာ ဆက်မသင်နိုင်တော့တာကြောင့် ပညာရေး နိမ့်ကျလာမယ်။ တစ်နိုင်ငံလုံးကို အောက်ကိုရောက်အောင် ဆွဲချသွားနိုင်တာပေါ့။ နောက်ဆက်တွဲ ဖြစ်လာနိုင်တာတွေက အများကြီးပဲ။

ကိုမျိုးချစ် ။ ဒါကြောင့် အလုပ်လက်မဲ့နှုန်း နည်းနည်းတက်လာတာနဲ့ အစိုးရတွေ မျက်ကလဲဆန်ပြာဖြစ်ကုန်ကြတာကိုး။

ဖွံ့ဖြိုးရေးပါရဂူ ။ ဟုတ်တယ်။ အလုပ် မည်မည်ရရမရှိဘဲ ယောင်နေတဲ့ လူငယ်တွေ အများကြီး ရှိနေရင် နိုင်ငံကြီးပွားရေးအတွက် အလွန်ကြီးမားတဲ့ စိန်ခေါ်မှုပဲဗျ။ အလုပ်မရှိတဲ့သူဟာ ငွေကြေးတစ်နည်းနည်းနဲ့ အဆင်ပြေနေရင်တောင် အလုပ် လက်တွေ့ မလုပ်ရတဲ့အတွက် အလုပ်နဲ့ အတူတွဲပါလာတဲ့ တာဝန်သိမှု၊ တာဝန်ယူမှု ဒါတွေကို နားမလည်ဘူး။ အလုပ်လုပ်တယ်ဆိုတာ အခက်အခဲတွေကို ဖြေရှင်းတာဖြစ်တဲ့အတွက် အလုပ်မရှိတဲ့သူဟာ အခက်အခဲတွေ ဖြေရှင်းနိုင်စွမ်း သိပ်မရှိဘူး။ ကိုယ့်ကိုယ်ကိုလည်း အသုံးမဝင်ဘူးလို့ ခံစားရတတ်တာကြောင့် အလွယ်တကူ အားငယ်တတ်မယ်၊ စိတ်ရောဂါတွေတောင် ဝင်လာနိုင်တယ်။

ကိုမျိုးချစ် ။ အတော် ကြောက်စရာ ကောင်းပါလား။

ဖွံ့ဖြိုးရေးပါရဂူ ။ အဲလိုမျိုးလူတွေ သန်းနဲ့ချီ ရှိနေရင် ခင်ဗျား စဉ်းသာစဉ်းစားကြည့်ပေတော့။ ဒါကြောင့် အလုပ်အကိုင် ဖန်တီးပေးရေးဟာ people- centered development မှာ အရေးကြီးတဲ့ အချက်တစ်ချက် အနေနဲ့ ပါဝင်နေတာပါပဲဗျာ။

ကိုမျိုးချစ် ။ အရင်းစစ်တော့ 'လူသာ အဓိက' ပါပဲဗျာ။

■



## စာရေးသူ ၏ အတ္ထုပ္ပတ္တိ

၁၉၇၇ တွင် ရန်ကုန်၌ မွေးဖွားခဲ့သည်။ မန္တလေးနှင့် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နွယ်ဖွား ဖြစ်သည်။ ရန်ကုန်တွင် ကြီးပြင်းခဲ့ပြီး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့သည်။ ရန်ကုန် နည်းပညာတက္ကသိုလ်သို့ တက်ရောက်သင်ကြားခဲ့ပြီး (B.E Civil) မြို့ပြအင်ဂျင်နီယာ ဘွဲ့ကို ရရှိခဲ့သည်။ ဘွဲ့ရအပြီးတွင် မြို့ပြအင်ဂျင်နီယာအဖြစ်ဖြင့် Site Engineer အဖြစ် လည်းကောင်း၊ Structural Design Analyst အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် Living Color Media သို့ အယ်ဒီတာအဖြစ် ဝင်ရောက်ခဲ့ပြီး The Voice Weekly စတင် ထွက်ရှိသည့် အချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံ ချူလာလောင်ကွန် တက္ကသိုလ် Chulalongkorn University တွင် တက်ရောက်သင်ကြားခဲ့ကာ နိုင်ငံတကာဖွံ့ဖြိုးရေး မဟာဝိဇ္ဇာဘွဲ့ Masters of Arts in International Development Studies ရရှိခဲ့သည်။ အလုပ်ရုံ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများကို ဂျပန်၊ အင်ဒိုနီးရှား၊ တရုတ်၊ စင်ကာပူ၊ ထိုင်း စသည့် နိုင်ငံများတွင် တက်ရောက်ခဲ့သည်။ ပညာရပ်ဆိုင်ရာ စာတမ်းများ academic papers များကို အခါအားလျော်စွာ သုတေသနပြု ရေးသားလျက်ရှိသည်။

Living Color Media တွင် ဒုတိယအယ်ဒီတာချုပ်နှင့် HR Manager အဖြစ်လည်းကောင်း၊ The Voice Weekly တွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး ပင်တိုင်ဆောင်းပါးများ ရေးသား

လျက်ရှိသည်။ ဗိုလ်ချုပ်နှင့် ခေါင်းဆောင်မှုရှာပုံတော် ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်ပုံ ခေါင်းဆောင်နည်းများကို လည်းကောင်း၊ Learning English ခေါင်းစဉ်ဖြင့် အီဒီယမ်များကို လည်းကောင်း အပတ်စဉ် ရေးသားလျက်ရှိသည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် Myanmar Egress တွင် Leadership, Development Theory and Practice, Mass Communication Theories, Public Relations, Media Literacy, Information Government စသည့် ဘာသာရပ်များ သင်ကြားပို့ချလျက်ရှိသည်။